www.burmeseclassic.com

ဝဝင် ဒုနင်းခ

# မင်းနဲ့ငါရဲ့ ဥယျာဉ်ထဲမှာ ဒဏ်ရာ



နောင်တတွေပွေ့ပိုက်ထားရင်း
သောကရဲ့လမ်းမှာ မတ်တတ်ရပ်ပါရစေ
မမေ့နိုင်ခြင်းမျိုးစေ့ကို ငှက်ကလေးချီလာပြီး
ငါ့ရင်ထဲ ပစ်ချသွားတာ
အခုတော့ အလွန်လျှင်မြန်စွာ
အပင်ဟာ ရှင်သန်လာခဲ့တယ်။
အဲဒီအပင်ရဲ့နာမည်က
မင်းနဲ့ငါရဲ့ ဥယျာဉ်ထဲမှာ "ဒဏ်ရာ" . . .

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၈၃၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်– ၅၀၀၉၉၇၀၆၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဒေါ်မြင့်မြင့်ကြူ (မြဲ – ၀၈၁၀၈)

မိုးကောင်းကင်အော့ဖ်ဆက်

အမှတ် (၁၂၁)၊ ၃၈–လမ်းအောက်

ကျောက်တံတားမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com





ပန်းနုရောင်ရေ
ရင်အလေးခံ 'အလွမ်း'တွေကို ထမ်းပိုးရင်း
မင်းအတွက် ငါဆောင်ထားတဲ့ဂါထာတစ်ပုဒ်က
အချစ်ဆိုတာပါပဲ ပန်းနုရောင် . . .
ဒီလိုနဲ့ မာနနဲ့အာဃာတတို့စစ်ဖြစ်ပြီး . . .
မျက်ရည်မြစ်ထဲကဒဏ်ရာတွေ
ငါ့ရင်ကို စီးချင်းထိုးဖို့ ရောက်လာခဲ့တယ် . . .





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

BURMESE CLASSIC .com

မျက်ရည်စက်နဲ့ အလွမ်းဆိုတာ ယဉ်ကျေးမှု မထွန်းကားသေးတဲ့ ကမ္ဘာဦးခေတ်တည်းက 'သက်ရှိလူသား' အတွက် ခပ်မှေ့မှေ့ နတ်ဆိုးတစ်ယောက်ရဲ့ အဆင်ကရလက်ဆောင်ဖြစ်ချင်ဖြစ်မှာပါ။

မင်းအတွက်၊ ငါ့အတွက်၊ ရက်စက်ခြင်းသီချင်းကို လမ်းခွဲလမ်းဆုံမှာ ဝေးကွာခြင်းမိတ်ဆွေက အမှတ်မှားဆို ညည်းခဲ့ရတာ ဖြစ်တော့ဖြစ်လာခဲ့ပြီနော်။

ပန်းနုရောင်ရေ မင်းရဲ့တန်ဖိုးကြီးကြီးအချစ်တွေနဲ့ ငါ့ကိုပေးဆပ်ပုံက ပင်လယ်ကိုချစ်တဲ့တံငါ သဲသောင်ကို ဦးညွတ်ဖို့ပြေးတတ်တဲ့လှိုင်း၊အမှတ်တရတိုင်းမှာ ဒဏ်ရာနဲ့ပီနေခဲ့ရတာ ကြာပါပြီ။ နေခြင်နေထွက် ရေစပ်ရေဆုံးရင်ခုန်သံကို ရင်အုံမှာတပ်ရပေမယ့် မိုက်ကန်းကန်းအမှားနဲ့ ချစ်တတ်တဲ့ အကျွရာစာလုံးပေါင်းတောင်မေ့တဲ့ကောင် အချစ်တွေဘယ်နေရာထားထား မျက်လုံးက အမှားနဲ့ပျောက်ကွယ်သလို ဖြစ်ခဲ့သလောင်



www.burmeseclassic.com

www.burmeseclassic.com



ယောင် ငါစုံလုံးမှားခဲ့တယ်။

အချစ်မဲ့တဲ့ လောင်ကျွမ်းသူစည်းမျဉ်းမှာ ခြေရာချမှားလို့ ငါလေရှုးသွားခဲ့ဖူးတာ သိပ်သေချာတယ်။ ရတနာကျောက်စီဓား က အလုစီထားတဲ့ ဘာမဟုတ်တဲ့ ကျောက်မျက်လုံးတစ်လုံးအတွက် ထက်ရှတဲ့ဓားသွားရဲ့ ဂုဏ်သိက္ခာကို စော်ကားမိတဲ့ကောင် (နှင် ရယ်လိုက်စမ်းပါ ရယ်ခဲ့စမ်းပါ)

အချိန်ကာလကို အလိုလိုက်ပြီး ဘယ်လိုမှမေ့လို့ မဖြစ်နိုင်ဘူး ပန်းနုရောင်၊ ကမာကိုဖြတ် ပုလဲကိုထုတ်သလို အချစ်ကို ရက်ရက်စက်စက်သတ်တဲ့ ကံကြမ္မာဆိုတဲ့ အပျက်အစီးများတဲ့ ဒီစကားအပေါ် ခပ်လွယ်လွယ်နဲ့ မေ့လို့ရနိုင်ပါ့မလား။

ကျည်မဖောက်ဓားမထုတ်တဲ့ ချစ်သူတို့ရဲ့တိုက်ပွဲမှာ အမှတ်အများဆုံးနဲ့ ငါစစ်ရှုံးခဲ့ရတယ်။ ရင်နင့်စရာတွေ ပေးအပ်ခဲ့ရပါတယ်။ မျက်ရည်တွေကို နောင်တရဲ့လျော်ကြေးအဖြစ် ပေးဆပ်လိုက်ရတယ်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com





ချိုမြိန်မယ်ထင်လို့
ခိုက်ပျိုးမိတာပါ
တကယ်တမ်းတော့
အဆိပ်ရှိမယ့်သစ်သီးမှန်း
ဘယ်သူကသိမှာလဲ ...





www.burmeseclassic.com

www.burmeseclassic.com



တုံ့ဆိုင်းဆိုင်းဖြစ်သွားတဲ့ ကားရဲ့အရှိန်ကြောင့် ဒီတစ်ခေါက်တော့သွားပြီလို့ သူထင်နေမိခဲ့သည်။

ပြီးတော့ သူ့လုပ်ရပ်တွေအပေါ် အမြဲတမ်း၊ စိတ်တိုင်းကျလေ့မရှိတဲ့ သူ့ဒယ်ဒီတာသိရင် အခုဖြစ်ရပ်အတွက် သူ့နားနှစ်ဖက်အရည်ပျော်သွားနိုင်သည်။ အမှန်တော့ ဒယ်ဒီ့ဘက်က ပြဿနာမဟုတ်။သူကိုယ်တိုင်ကလည်း လက်ကြောမတင်းတာကို ယ် တို င် အသိ ပဲ လေ။ ကားလက် ကို င် ခွေ ကလွဲ ၍ ဘီးလေးလုံး ရဲ့နတ်ခေါင်းကို ဘယ်နှဲ့ညာဘယ်ကစ၍ အရစ်လှည့်ရမှန်းမသိ ခဲ့။ အခုလည်း စိတ်ပျက်လက်ပျက်ကာဘောနပ်ကိုဖွင့်ပြီး ဘယ်ကစကိုင်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေခဲ့သည်။ ပါးစပ်က နိုင်ငံခြားမင်းသားတွေလို ဘိုလိုဆဲပြီး ကားဘီးကို ဖိနပ်နဲ့လှမ်းကန်ရုံပဲ သူလုပ်တတ်သည်။ မထူးမယ့်အတူတူဘောနပ်အဖုံးပိတ်ပြီးတက်ထိုင်နေလိုက် ပါတယ်။

ဒါကြောင့် ဒယ်ဒီက "မင်း တစ်နေ့သဘောပေါက်လိမ့်မယ်" လို့ သူ့ကိုပြောခဲ့ဖူးတာဖြစ်မည်။ ပတ်ဝန်းကျင်ဟာတိတ်ဆိတ်တဲ့ အရေခွံတစ်ခုကို ခြုံထားတဲ့ လူချမ်းသာတို့ရဲ့အေးတိအေးစက် လမ်းကလေး။ ခရေပင်အုပ်အုပ်တွေနဲ့ သိက္ခာတော်ရပုဂ္ဂိုလ်ထူးတစ်ယောက်လိုတည်ငြိမ်အေးဆေးလွန်းတဲ့အနေအထား။ ကားကလည်းရှင်း၊ လူကလည်းပြတ်၊ သူ့ရဲ့လက်ကိုင်ဖုန်းကလည်း ဒီနေ့မှ မေ့ကျန်ခဲ့တော့ ဒီလိုလမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗုန်းတစ်လုံးရဲ့ အကူအညီဟာ အရေးပါမှုနဲ့ နောက်ကျမှု တွေနဲ့ ထုံးစံတစ်ခုလို သူသိခဲ့သည်။ ညနေစောင်းတစ်ခုရဲ့ အမှောင်နဲ့အတူ ကားကိုထားခဲ့ပြီး အိမ်ပြန်ပြီး အလုပ်သမား တစ်ယောက်ယောက် လာယူနိုင်းရင် ကောင်းမလား သူစဉ်း စားပါသေးတယ်။

ဟိုဟိုသည်သည် ဂနာမငြိမ်ဖြစ်နေရင်း အဝေးက တရွေ့ ရွေ့ လှမ်းလာတဲ့ အရိပ်လေးတစ်ခုကြောင့် သူအားတတ်သွား တယ်။ ဒါဟာလည်း ခဏသာသာပါ။ ဘာလို့လဲဆိုတော့ ထိုအရိပ်ကလေးဟာ မိန်းကလေးတစ်ယောက် ဖြစ်နေလို့လေ။ သူ့ကားမြင့်မြင့်ကြီးရဲ့ ဘောနက်အဖုံးပေါ်ကနေ ခြေတွဲလွဲ ချရင်း အကူအညီတောင်းရနိုးနိုး ဝေခွဲရခက်နေတယ်။ မိန်းက လေးရဲ့ ပုံပန်းသဏ္ဍာန်ကိုကြည့်ရင်း စိတ်ပျက်လက်ပျက်နှာ ခေါင်းရှုံ့ချင်တာ အမှန်ပင်။ ဂျာမန်စစ် အကျီလိုလို ယောကျ်ား ရှပ်အကျီကို ပခုံးဒေါက်နှစ်ဖက် ဖြုတ်ထားရင်း အကျီလက် တွေကိုတံတောင်ဆစ်အထိ ခေါက်ထားပါသေးသည်။ပခုံးအထိ ထောက်နေတဲ့ ဆံပင်တွေကပိုလို့ပင် ယောကျ်ားတစ်ယောက် နဲ့တူစေ၏။ လမ်းလျှောက်ပုံက နူးညံ့မှုတွေမရှိတဲ့ဟန်ပန် တွေအပြည့်နဲ့။ဒီကောင်မလေးရဲ့ ဖွဲ့စည်းပုံတွေမှာ သူနှစ်သက် တာဆိုလို့ ရှိမိပြန်သည်။ အညိုရောင်သမ်းတဲ့မျက်လုံးနဲ့နှုတ် ခမ်းထူ အိအိလေးတွေပဲ။

အင်း မျက်နှာနုနုလေးကသာမကယ်ရင် ယောကျ်ားတစ် ယောက်နဲ့ မှားနိုင်တဲ့အနေအထား။ သူ့နဲ့ခပ်လှမ်းလှမ်းရောက် တော့သူ့ကို ရင်ဆိုင်ကြည့်တဲ့ မျက်ဝန်းတွေဟာ ရှိုးတိုးရှန့် ဟန်းဖြစ်မနေဘဲ ခပ်ရင့်ရင့် ရင်ဆိုင်ကြည့်နိုင်တဲ့ အားပါ တဲ့မျက်ဝန်းတွေကို ပိုင်ဆိုင်ထားပြန်သည်။ အကြည့်တွေ ချက်ကြောင့် သူ့ရင်တွေ တစ်မျိုးဖြစ်သွားတာတော့အမှန်ပင်။ ပြီးတော့ ခပ်လှမ်းလှမ်း ရောက်သွားတော့ ဒီသူငယ်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်နဲ့ထပ် ဆုံချင်တာလည်း ဘာကြောင့်မှန်းမသိအောင် ဖြစ်နေခဲ့ရတယ်။ နောက်ဆုံး သူ့စိတ်ထဲက ဖြစ်ချင်တဲ့ဆန္ဒက နှုတ်ဖျားကခုန် ထွက်ကျလာတယ်။

“ဟေ့ . . .ဟေ့”

ကျော်သွားပြီးမှလှမ်းခေါ်တော့ သူမက လှည့်မကြည့်။ ဒါကြောင့် သူကားဘောနပ်ပေါ်က ခုန်ဆင်းရင်း အမီပြေးလိုက်ကာ သူမရှေ့မှကျော်ရပ်ရင်း . . .

“ခဏနေပါဦးဟာ”

သူ့ရဲ့ အလောတကြီးနိုင်မှုကို ကောင်မလေးက မျက်ခုံးရှုံ့ရင်း မသက်သာသလို ကြည့်၏။ ‘ဘာလဲ’ လို့ အဓိပ္ပာယ်ရတဲ့ အကြည့်နဲ့ပေါ့။

“ဟေ့ကောင်မလေး၊ဒီနားမှာ ဖုန်းဆက်လို့မရနိုင်ဘူးလား”

သူ့အမေးကို သူမက တုံ့ပြန်တဲ့အဖြေက . . .

“ဘာလုပ်မလို့လဲ၊ ဟေ့ကောင်လေး”

သူမရဲ့ တုံ့ပြန်စကားဟာ သူ့ကိုကြောင်အမ်းအမ်း ဖြစ်စေတယ်။ ကျွန်တော် [illegible]ချွတ်ခနဲစုတ်သပ်တော့ သူမက ခုနရပ်ထားတဲ့ ကားဆီကို ပြန်လှည့်ကြည့်ပြီး . . .

“နင် . . .ကားပျက်လို့လား ဟေ့ကောင်လေး” ,လို

ထောင့်မကျိုးတဲ့ ဂျစ်ကန်ကန်စကားကို သူပြုံမှာ တုံ့ပြန်မနေချင်တော့။ ဒါကြောင့်လဲ . . .

“နင်ကတစ်မှောင့်ဟာ၊ ဒီမှာကားပျက်လို့ စိတ်ပျ ဆင့် ရ ရတဲ့ကြားထဲ၊ ဒီနားမှာ ဖုန်းဆက်လို့ရမလားလို့”

“ဟ . . .နင်ဘယ်လိုကောင်လေးလဲ၊ အကူအညီသည် တောင်းသေးတယ်၊ မာရေကျောရေကလည်း ပြောချင်သေးတယ်၊ အေး . . ရှိတယ်၊ ဒါပေမယ့် . . .”

သူမကဘ[illegible]ကို ခြေဖျားခေါင်းဖျားဆုံး ဈေးဝယ်သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်၊ ပွဲစားတစ်ယောက်လိုကြည့်ပြီး တစ်လုံးချင်းဆောင့် ဆောင့်အောင့်အောင့်ထွက်လာတဲ့ မိန်းမဆန်ဆန် စကားလုံးများ . . .။

"မ ပြော နိုင် ဘူး"

ပြောပြီး လှည့်ထွက်သွားတဲ့ သူမကိုသူက လက်ကာတား မိတော့ ရှေ့ဆက်ဖို့ပြင်နေတဲ့ ကောင်မလေးက'ဖယ်'လို့ပြော ပြီးလက်ကိုပုတ်ထုတ်သည်။ သူက ကမန်းကတန်းတောင်းပန် ရင်း . . . .

"မဟုတ်ပါဘူးဟာ၊ ငါတောင်းပန်ပါတယ်၊ ကားပျက်လို့ စိတ်က တိုမိတာပါဟာ၊ ငါ့ကိုကူညီပေးတာပါဟာနော်"

သူ့ရဲ့ပြောင်းလဲသွားတဲ့ အမူအရာကို နှုတ်ခမ်းတွန့်သ ရော်ပြုံးရင်း . . .

"အေး နင်စာတတ်လာပြီ၊ ကောင်းပြီလေ၊ ငါ့ကိုကား ဘောနပ်ဖွင့်ပေး"

သူမရဲ့ စကားအဓိပ္ပာယ်ကို သူဘာသာပြန်၍မရအောင် ခေါင်းရှုပ်သွားတယ်။ ဒါကြောင့်လည်း ပြန်မေးခွန်းထုတ်မိပါ တယ်။

ဓ "နေ့နေပါဦး၊ နင်က ဘာလုပ်ဦးမလို့လဲ"

တာခ သူ့စကားကိုကောင်မလေးကစိတ်ပျက်သလိုစိုက်ကြည့်ရင်း ခမ်းထု နင်သိပ်အမေးအမြန်းထူပါလား၊ ငါပြောတဲ့အတိုင်း

အို လုပ်စမ်းပါ"

ယောဂ သူမရဲ့အမိန့်ကြောင့် သူလည်း ကြောင်တောင်တောင်နဲ့ တော မရဲဖြစ်ရင်း ကားဆီလျှောက်လာကာ ကားမောင်းတဲ့ နေရာကနေ ဘောနပ်အဖုံးဖွင့်တဲ့ခလုတ်ကို ဖွင့်ပေးရပြန်သည်။ စိတ်ထဲကလည်း တတ်ယောင်ကားလုပ်ချင်တဲ့ ဒီကောင်မလေး ကို လုပ်ချင်တာလုပ်စမ်းကွာဆိုပြီး လွှတ်ပေးထားလိုက် မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကကားဘန်ပါကနေတတ်ပြီး စက်ပိုင်းဆိုင်ရာတွေကို တစ်ချက်ငုံ့ကြည့်ရင်း ကျွန်တော်နားမလည်သောဝါယာကြိုးများ၊ ဆီပိုက်များနဲ့ ခဏလောက် အလုပ်ရှုပ်လိုက်ပါတယ်။ ပြီးတော့ ဘန်ပါပေါ်ကနေပြန်ခုန်ဆင်းပြီး ရဲပြီစက်နှိုးကြည့်တော့လို့ ခပ်အေးအေး ပြောပါတယ်။ သူမရဲ့လုပ်ရှားမှုတွေကို မယုံသလို ဖြစ်နေရင်းက ရဲပြီဆိုတော့ သူ့လည်းရယ်ချင်မိသည်။မဟုတ်ရင် တော့ကွာဆိုပြီး စိတ်မှာတေးရင်း ကားမောင်းတဲ့နေရာကို တက်ကာစက်နှိုးကြည့်တော့ အင်ဂျင်လည်ပတ်သံ ခပ်အုပ်အုပ်နှင့်အတူ အံ့သြဝမ်းသာသွားတယ်။ ဒါကြောင့် စက်ပြန်နှိုးကြည့်တော့ နဂိုပုံမှန်အတိုင်းပါပဲ။ ကားစက်သတ်ရင်း အောက်ပြန် ဆင်းတာ

"ကျေးဇူး . . ဟင်"

သူမက ခုနနေရာမှာ မရှိတော့ပါ။ယောင်ယမ်းပြီးကားအောက်ဘေးဝဲယာလှည့်ရှာကြည့်တော့ အစအနမရှိအောင်သူမရဲ့ ပုံရိပ်ကိုမတွေ့တော့ခေါင်းကိုတစ်ဖြင်းဖြင်းကုတ်ပြီး"ဥစ္စာစောင့် လားမသိဘူး"လို့ နှုတ်ကတိုးတိုးရွတ်မိရင်း ယောကျ်ားတစ်ယောက်ကို မိန်းကလေးတစ်ယောက်က ကားပြင်ပေးရတဲ့အဖြစ်ကို တွေးပြီးရယ်ချမိတဲ့အဖြစ်။ ပြီးတော့ရင်ထဲကလိုအင်ဆန္ဒတွေ ပြည့်စုံသလို၊ မပြည့်စုံသလို ဟာတာဖြစ်နေခဲ့ရတယ်။

တကယ့်ကိုလူကြားမကောင်းတဲ့ဖြစ်ရပ်ဖြစ်စဉ်ပြောယုံမှာ တောင်မဟုတ်တဲ့ကျွန်တော့်အဖြစ်အပျက်ကလူကြားလို့မှမသင့်တော်။ ဘယ်လိုကြီးပါလိမ့်လို့တွေးရင်း သူမပုံရိပ်ကို သတိတရ

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com





ပန်းနုရောင် . . .

အချစ်ဆိုတဲ့ စကားဖလေး

နှစ်လုံးနဲ့မြင်ခွင့်ကိုပေးတဲ့ မျက်လုံးတွေမှာလည်း

အပြစ်ရှိရမှာပေါ့ . . .

"ခွဲလန်းခြင်း"ဆိုတာ

တကယ်တော့ နှလုံးသားရဲ့ "အဆိပ်"ပဲလေ။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တဟားဟားတခွီးခွီးဖြင့် အတော့မသတ်ရယ်သံတွေ ဘေးစားပွဲဝိုင်းတွေကတောင် သူတို့ကိုလှည့်ကြည့်ကြပါတယ်။ ရယ်သံကိုထိန်းရင်း နောက်ထပ်ရယ်သံတွေ ထွက်ပေါ်လာပြန်တယ်။ "မင်းအဖြစ်ကလည်းကွာ" လို့ မိုးဇော်အောင်ရဲ့ ရွတ်ချသံကို ဖိုးကျော်က မျက်နှာပိုးသတ်ရင်း . . .

"ဒါမင်းကို သိကြားမင်းက သူ့ဒရင်းဘတ် အဲလေ သူ့ ကျောက်ဖျာတင်းလို့ မင်းကိုလာကူညီတာလား မသိဘူး နော်"

"ကူညီပါရစေပေါ့"

သူက ဘာမှပြန်မပြောဘဲ ဒီကောင်တွေ ပြောသမျှကို ငြိမ်ခံနေမိသည်။ လက်ထက်ရည်ခွက်ကို သောက်ပြီးပြန်ချခါ စမှာ ရန်နောင်စိုးက . . .

"ငါ့အမြင်၊ ငါ့အတွေးမှာ ကန့်လန့်ကြီးဖြစ်နေတယ်ကွာ"

"ဘာလဲ"

ရန်နောင်စိုးရဲ့ စဉ်းစားချင့်ချိန်နေပုံရတဲ့ စကားကို ဖိုးကျော်က မေးခွန်းထုတ်၏။ သူနဲ့ မိုးဇော်အောင်ကတော့ ဒီကောင့်ကိုသာ ကြည့်နေမိပါသည်။ ရန်နောင်က စပ်ဖြဲဖြဲဖြစ်စ မျက်နှာနဲ့ . . .

"ဦးမာဃ လူယောင်ဆောင်တာ မိန်းမလိုဆိုတော့ တို"

"နှမပေး"



www.burmeseclassic.com

www.burmeseclassic.com



သူက ပျစ်ပျစ်နှစ်နှစ်ဆဲတော့ အားလုံးက ရယ်ကြပါတယ်။ လက်ဖက်ရည်၊ ကော်ဖီသောက်သူကသောက်၊ အအေးသောက် သူကသောက်ရင်း (SNACK BAR) စနက်ဘားလေးထဲမှာ အပင်အထွက် ကောင်မလေးတွေကို အချိုပွဲတစ်ခုလိုမြည်းစမ်းတတ်တာ သူတို့ရဲ့ဓလေ့က အပတ်စဉ်ပုံမှန်တစ်ခုလိုဖြစ်တည်ခဲ့တာ ကြာခဲ့ပြီ။

ရန်နောင်စိုးက မိုးဇော်ကို စကားတိုးတိုး ကပ်ပြောတာကို မြင်လိုက်တယ်။ အကြံအစည်တစ်ခုခု ရှိပုံရတဲ့ ဒီကောင့်ရဲ့ မဟာဗျူဟာကို သူရိပ်မိတာကြောင့်လည်း . .

"ဟေ့ကောင် . .နှစ်ကောင်"

သူ့အသံကြောင့် ဒီနှစ်ကောင်လန့်သွားပုံရတယ်။ သူတို့နှစ်ဦးသား စပ်ဖြဲဖြဲမျက်နှာပိုးမသေတဲ့ ရုပ်နဲ့ရယ်ကြပြီး ကြည့်ပါတယ်။ သူကလည်း ခပ်တည်တည်နဲ့

"မင်းတို့ ဘာတွေ တိုင်ပင်နေကြတာလဲ၊ မသိုနဲ့နော်၊ အေး လီမ်လို့ကတော့အသိပဲ၊ ပြောစမ်း"

ဟိုသကောင့်သား ဖိုးကျော်ကတော့ ဘာမှဝင်မပြော။ သူ့ဘေးကဖြတ်သွားတဲ့ အနီရောင်ကောင်မလေးရဲ့စကတ်အကွဲကို စိတ်မှန်းပေတံနဲ့ တိုင်းထွာနေပုံရတယ်။

ရန်နောင်စိုးက ဟိုကောင့်ကိုမျက်ရိပ်ပြကာထရင်း . . .

"မဟုတ်ပါဘူးကွာ၊ ရှုးရှုးသွားမလို့"

"သေချာတယ်နော်"

သူ့ရဲ့ မယုံသင်္ကာစကားကို မိုးဇော်ကပိရိပတ်ပုံစံဖမ်းရင်း

"စိတ်ချပါသားငယ်ရာ၊ မကြာဘူး ခဏပဲ"

ဒီကောင်နှစ်ကောင် စနက်ဘားထဲက ထွက်သွားတော့ သူ့သိပ်မသင်္ကာချင်တဲ့စိတ်ကြောင့် ဖိုးကျော်ကိုကြည့်တော့ ဒီကောင်က သူ့ကိုခေါင်းတညိတ်ညိတ်လုပ်ရင်း . .

"ငတုံး မင်းကို ဟိုကောင်တွေ ဘတ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

သူက နားမရှင်းလို့ မေးတော့မှ ဒီကောင်က

"မင်းကားပျက်တဲ့နေ့က ဒီပလာဇာလာရင်း ငါတို့ဝင်ဝယ်နေကျ (FANCY) ပစ္စည်းမျိုးစုံရောင်းတဲ့ဆိုင်က ပိုင်ရှင်ဟိုညီ အစ်မနှစ်ယောက်လေ၊ ဒီကောင်တွေနဲ့ လုံးဝအဆင်ပြေပြီးအဖြေတောင်ရခဲ့တယ်ဟ၊ အဲဒါခုနငါတို့ အဲဒီဘက်က ပတ်တော့အငယ်မက မိုးဇော်ကို သူ့အစ်ကိုရှိလို့ မလာနဲ့ဦးလို့ အချက်ပြတယ်လေ၊ ဒါကြောင့် ဒီကောင်တွေ အခုသူ့အစ်ကိုကိုစိုးကြီးအလစ်ကို သွားချောင်းတာ ငတုံးရဲ့"

"နှမပေးတွေ"

သူ့ရဲ့ ပျစ်ပျစ်နှစ်နှစ်အဆဲကြောင့်ဖိုးကျော်ကတဟားဟား

"သားငယ် သားငယ် မင်းအဲဒါတွေကြောင့် ဟိုကောင်တွေ ပတ်တာအမြဲခံရတာ၊ ဟောပြောရင်းဆိုရင်း ပြန်လာကြပါပြီဗျာ"

သူ့ရဲ့ အရိပ်အခြည်ကိုကြည့်ပြီး သူတို့အကြောင်းကိုသိသွားပြီ ထင်ပုံရတဲ့ နှစ်ကောင်သား သူ့ကိုကြည့်ပြီး မျက်နှာပိုးမသေသပ်စွာ ရယ်နိုင်တုန်းပေါ့။ သူကတော့ မထိုင်ခင်နီးစပ်ရာ မိုးဇော်ရဲ့ ခြေထောက်ကို လှမ်းကန်၏။ ဒီကောင်တွေသူ့အဖြစ် ကိုကြည့်ပြီး ရယ်စရာတစ်ခုရသလို နောက်ပြောင်ကြပါသေးတယ်။ 'အေး ရယ်ကြဦးပေါ့ကွာ' လို့ စိတ်ထဲကတေးထားမိ၏။

"သားငယ် မင်းကို ခုနထဲက ပြောမလို့ပဲ၊ မင်းကဦးမာဃအကြောင်းပဲပြောပြောနေတော့ ငါတို့ကဘယ်လိုပြောလို့ရမလဲ"

"ဟော့ကောင် တော်တော် အဲဒီနာမည်ကို"

သူ့စကားကြောင့် ဟိုကောင်တွေ ရယ်ကြပြန်တယ်။ ပြီးတော့ ထိုင်နေရာဝင်ထိုင်ရင်း ရန်နောင်က စာခေါက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ခုံပေါ်တင်ကာ

"သူတို့အစ်ကိုကြီးက မလစ်နိုင်ဘူး ဖြစ်နေတယ်ဟ၊ သူတို့ဆိုင်က ကောင်လေးတစ်ယောက် ငါတို့ကို အစ်မစာ ပေးခိုင်းတယ်ဆိုပြီး လာပေးလို့ကွာ၊ ငါ့စာနဲ့တူပါတယ်"

"ဘယ်ဟုတ်ကမှာလဲ ငါ့စာကွ"

ရန်နောင့်စကားကို မိုးဇော်က ဝင်ငြင်းရင်း စာခေါက်ကို လုပြန်တယ်။

"ဟေ့ကောင် စာကအပြာရောင်စာရွက်နဲ့ ရေးထားတာ၊ မေမိုးက အပြာရောင်ကိုချစ်တာ၊ ဒါငါ့ဟာ"

"ဘယ်ကလာ၊ စာအိတ်အစွန်းမှာ နှုတ်ခမ်းနီရာတွေ့လား။ နွေမိုးနှုတ်ခမ်းက နှုတ်ခမ်းနီရောင်၊ ပေးငါ့စာ"

အပြန်အလှန်လုနေသော စာတစ်စောင်ကြောင့် သူတော် ထော်စိတ်ညစ်သွားကာ ကြားထဲမှစာခေါက်ကို ဖျတ်ခနဲဝင်လုပြီး ကြားကနေ

"ပေးစမ်း အဲဒီစာ၊ ငါနဲ့ဖိုးကျော် အရင်ဖတ်မယ်၊ အဲ့ဒါမှ ဘယ်သူ့စာလည်း ရှင်းပြလို့ရမှာ"

"ဟေ့ကောင် ပြန်ပေး"

အလုခံလိုက်ရပြီးမှနှစ်ကောင်သားအတင်းပြန်တောင်းတော့

"မင်းတို့ ငြိမ်ငြိမ်နေကြနော်၊ မနေရင် စာရွက်ပြဲသွား တော့မှ လာအပြစ်မတင်ကြနဲ့နော်"

ခုနအငြိုးနဲ့ သူခပ်မာမာပြောတော့မှ ဟိုနှစ်ကောင် ငြိမ် သွားတယ်။ ဒါတောင် ဂနာမငြိမ်ချင်။

သူနဲ့ဖိုးကျော် စာကိုစ,ဖတ်ပါတယ်။ တစ်အောင့်ကြာတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပြန်တယ်။

"ဘယ်လိုဟာလည်းကွ၊ ပြန်ဖတ်ကြည့်စမ်းသားငယ်"

စာကို သူနဲ့ဖိုးကျော် ခေါင်းချင်းဆိုင် ဒုတိယအကြိမ် ပြန်ဖတ်ကြပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စာ့မှတ်လား သားငယ်"

ခေါင်းကိုဆန့်ကာ မမြင်ရတဲ့စာကို ကျော်ကြည့်ချင်တဲ့ မိုးဇော်နဲ့သူ့အဖြေကိုစောင့်နေရှာတဲ့ရန်နောင်ကိုသူတို့နှစ်ယောက် မတိုင်ပင်ဘဲကြည့်ရင်း . . .

"ဟား ဟား ဟား ဟား"

ကျယ်ကျယ်လောင်လောင် အော်ရယ်မိတဲ့သူတို့နှစ်ယောက်ကို ဟိုနှစ်ကောင်ကကြောင်တောင်တောင်ငေးရင်း

"ရူးသွားပြီလားမသိဘူး၊ ဒီကောင်တွေ"

သူနဲ့ဖိုးကျော် အူလှိုက်သဲလှိုက်ရယ်ရင်း ပတ်ဝန်းကျင်ကို ကြည့်ကာ အရှိန်ပြန်သတ်ရတယ်။

ပြီးတော့မှ အရယ်ရပ်ရင်း . . .

"မင်းတို့စာကိုဖိုးကျော်ဖတ်ပြလိမ့်မယ်၊ ဘယ်သူ့စာလဲဆိုတာ"

ဖိုးကျော်က စာကိုယူရင်း အခမ်းအနားအဖွင့်အမှာစကားပြောတဲ့ သဘာပတိလို ချောင်းဟန့်ရင်း စတိုင်ထုတ်ပါတယ်။ ပြီးတော့ သူ့အသံခပ်ဩဩနဲ့ပဲ စာကိုစတင်ဖတ်ပြအဲ။

"နားထောင်ကြ ငါဖတ်ပြတာကို ဘောင်းဘီအပြာရောင်နဲ့ တီရှပ်အဖြူကို ဝတ်ထားတာမိုး တွေ့လိုက်တယ်"

စာရဲ့ ပထမအကြောင်းကိုဖတ်အပြီး သူတို့ကိုကြည့်တယ်။ ဟိုနှစ်ကောင်ကလည်း ကြောင်တောင်တောင်နဲ့ ကိုယ့်ကိုယ်ကို ငုံ့ကြည့်ကြတော့နှစ်ယောက်လုံးကဘောင်းဘီအပြာတီရှပ်အဖြူနဲ့ပဲ။

'အဖြေပေးပြီးတာမှ နှစ်ရက်ပဲရှိသေးတယ်၊ ကိုကအခုလည်းပြုံနေတာပဲ၊ညကဖုန်းထဲမှာကို့စကားသံက တခြေကောင်းပွန်းရောထားသလိုပဲနော်"

စာကို ဒုတိယတစ်ကြောင်းဖတ်ပြီး ဒီကောင်တွေကို ကြည့်တော့ ရန်နောင်က ရင်ဘတ်ကိုပုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါ ဆက်တာ"

"ဟော့ကောင် ငါလည်းဆက်တာပဲ"

အငြင်းအခုံဖြစ်ကြပြန်တဲ့ သူတို့ကြောင့် ရယ်မိကြပြန်တယ်

"ကိုကဆံပင်ရှည်ထားတာကြိုက်ရင်ကြိုးစားကြည့်မယ်လေ"

"ဒါတော့ ငါမပြောဘူး"

မိုးဇော်က ဒီတစ်ခါ လက်ကာငြင်းတော့ ရန်နောင်က ခေါင်းအမြန်ညိတ်တယ်။ ဒါသူပေါ့ဆိုတဲ့ရည်ရွယ်ချက်နဲ့ . . .

"ဆက်ဖတ်ပါဦး"

သူ့အပြောကြောင့် ဖိုးကျော်က ခေါင်းညိတ်တယ်။

"လက်သည်းရှည်ထားတာ မကြိုက်ဘူးလား၊ ဒါဆိုမထားတော့ဘူးလေ"

မိုးဇော်က လက်မထောင်ပြတယ်။ သူဆိုတဲ့ အဓိပ္ပာယ်နဲ့။ ရန်နောင်ကအမြင်ကတ်သလိုမျက်စောင်းထိုးနှုတ်ခမ်းတွန့်ပြတယ်။

"ရည်းစားစာကလည်းကွာ ပဟေဠိဖွက်တာကျနေတာပဲ၊ ဘယ်လိုဟာမတွေမှန်းမသိဘူး"

"အေးလေ"

ဟိုနှစ်ကောင်က သူတို့စာပိုင်ရှင်တွေကို သူတို့ပြန်ဝေဖန်တော့ သူက . . .

"စာမဆုံးသေးဘူး၊ တစ်ကြောင်းကျန်သေးတယ်၊ အဲဒီစာကြောင်းကတော့ နှစ်ယောက်လုံးကို ရည်ရွယ်ပုံရတယ်ဟ" သူ့စကားကြောင့် ဟိုနှစ်ကောင်က ပြိုင်တူပဲ။

"ဘာလဲ"

သူက . . .

"ဆက်ဖတ်ပြလိုက် ဖိုးကျော်"

ဖိုးကျော်က သူ့အသံကြောင့် ရယ်သံနဲ့ပဲ စာကိုဆုံးအောင် ဖတ်ပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အရက်တွေ သိပ်မသောက်နဲ့ကွာ မကြိုက်ဘူး"

စကားဆုံးတော့ ကိုယ့်နဖူးကိုယ်ရိုက်ရင်း 'ခံစမ်းကွာ' လို့ညည်းကြပါတယ်။ ဒီကောင်နှစ်ကောင်ရဲ့ အဖြစ်ကိုရယ်ရင်း ကတကယ့်ဗရုတ်ညီအစ်မပဲလို့ဖိုးကျော်ကပြောပြီးရယ်ပြန်တယ်။

ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေတဲ့နှစ်ကောင် ခံရတာနည်းသေးတယ်လို့ သူတွေးမိရင်း ရယ်ချင်ပြန်သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီရှည်ကို ဒူးဆစ်အထိခေါက်ထားရင်း ဖလံထည်အကွက်နဲ့ သူမသည် ဆီချေးပေနေသောလက်ကို ဘောင်းဘီဖင်နဲ့ သုတ်ရင်းရယ်ပါတယ်။

"နင်တို့ညီအစ်မနှစ်ယောက်ကလေး၊ လုပ်လိုက်ရင်တလွဲချည်းပဲ"

အငယ်မ မေမိုးက သူမကားပြင်နေတဲ့ ဘောနပ်အဖုံးသေးဘောင်ကို လက်ထောက်ရင်း . . .

"ဟဲ့ကိုကြီးစိုးကရှိတော့နွေမိုးကိုနှစ်ယောက်စာငရေးခိုင်းတာကို"

"အံမယ်အံမယ်ငါကနင့်အတွက်လည်းကူရေးပေးရသေးတယ်"

နွေမိုးက ဖိုင်ဘာခုံပိုင်းမှာထိုင်ရင်း သူ့ထက်တစ်နှစ်ကျော်ကျော်သာငယ်တဲ့ သူ့ညီမကို ပြန်ပြီးရန်တွေ့ပါတယ်။ သူမကတော့ ကားစက်ခေါင်းထဲက ပလပ်တွေကိုဖြုတ်ယူ ပါးစပ်နဲ့မှုတ်ထုတ် ချေးရှင်းရင်းက သီးမတတ်ရယ်မိပြန်တယ်။

"ဟဲ့ နင်တို့ညီအစ်မက ရည်းစားရတာ မြန်လှချည်လား၊ ငါတောင်မသိဘူး"

"ဪ နင်ကအားတာကိုး၊ နင့်ကားတွေနဲ့ နင်ကအလုပ်ရှုပ်နေတာ၊ ပြီးတော့ အဲဒီနေ့က နင်ပြောတဲ့ပုဂ္ဂိုလ်ကို ကားပြင်ပေးတယ်ဆိုတာလေ၊ အေးအဲဒီနေ့မှာ ငါတို့က အဖြေပေးလိုက်ကြတာ၊ သူတို့အုပ်စုက တကယ့်ဗရုတ်တွေဟ၊ စိတ် ရင်းကတော့ကောင်းပါတယ်၊ ကိုစိုးကြီးနဲ့လည်း ရင်းနှီးတယ်လေ၊ ဆိုင်မှာ ပစ္စည်းဝယ်ရင်းနဲ့ ဒီလိုတွေဖြစ်လာတာ၊ ဪ ဒါနဲ့နင့်အတွက် သူတို့ထဲကနှစ်ယောက်

www.burmeseclassic.com



တောင်ပိုနေသေးတယ်၊ ကြိုက်တာရွေးပေါ့နော်"

မိနွေက မေမိုးဘက် မျက်စပစ်ပြောတော့ မေမိုးက အတိုင်အဖောက်ညီလှစွာ

"ဟုတ်တယ်၊ ဟိုမျက်ခုံးကောင်းကောင်းနဲ့ သားငယ်ဆိုတဲ့ ပုဂ္ဂိုလ်က နင်နဲ့ဆို အိုကေပဲ"

သူမက နီးစပ်ရာ မေမိုးခေါင်းကို ခွနဲ့ချိန်ရွယ်ဟန်ပြုရင်း

"နင်တို့ကတော့ အထုခံရတော့မယ်၊ နင်တို့ပုဂ္ဂိုလ်တွေ နင်တို့ပဲကြိုက်၊ ငါစိတ်မဝင်စားဘူး"

သူမ့အပြောကြောင့် နွေမိုးကမယုံသလို . . .

"အပြောမကြီးနဲ့ ပန်းရောင်၊ တော်ကြာ သားငယ်နဲ့ တွေ့မှ ပန်းနုရောင်က ပန်းဖျော့ရောင်ဖြစ်သွားဦးမယ်"

"သွားစမ်းပါ စိတ်မဝင်စားဘူး"

သူမက အရေးမစိုက်သလို ကားကိုပဲဆက်ပြင်နေပါတယ်။ ခြံထဲကအလုပ်သမားလေးတစ်ယောက်က သူမအနားလာရပ်ရင်း . . .

"မမပန်းရောင် AS ကုမ္ပဏီက ဖုန်းဆက်တယ်။ သူတို့ကားတွေ လာစစ်ဆေးပေးပါဦးတဲ့"

သူမက ပလတ်ကျပ်နေရင်းမှ . . .

"ဦးဦးမရှိဘူးလား ဖိုးငယ်"

ကောင်လေးက အဝေးပြေးဂိတ်သွားတယ် ပြောတော့

"ဦးမျိုးတို့ ကားသွားပို့တာနဲ့ တူတယ်၊ အင်း ဒါဆိုရင် မိုးကြီးတို့ ညီအစ်ကိုနှစ်ယောက်လုံးကို လွှတ်လိုက်လေ"

ကောင်လေးက 'ဟုတ်ကဲ့'လို့ပြောရင်း ထွက်သွားမယ် လုပ်တော့ သူမက

"နေဦးဖိုးငယ်၊ မိုးကြီးကိုပြောလိုက်၊ တကယ်လို့များ အဆင်အခဲဖြစ်ရင် မမဆီ ဖုန်းပြန်ဆက်လို့နော်"

ကောင်လေးက ခေါင်းညိတ်ပြကာ ခြံအရှေ့ဝထောင့်က

www.burmeseclassic.com



တားတွေပြင်တဲ့ ရုံဘက်ကိုသွားပါသည်။

"နင်ကလည်းဟယ် မိန်းကလေးတန်မယ့် ဒီအလုပ်ကို စိတ်ဝင်စားရသေးတယ်"

သူမက နားထင်စပ်မှ ဆံပင်နဲ့အတူရောနေတဲ့ ချွေးကို အကျီကော်လာနဲ့သုတ်ရင်း . . .

"ငါ ဝါသနာပါတာကိုးဟ၊ ပြီးတော့ ဖေဖေ့အမွေအနှစ်လေ၊ ဖေဖေဆုံးတော့ ဒီအလုပ်ကို မေမေ့မောင်လေးလေးဦးအားကိုးနဲ့ ငါဆက်လုပ်ဖြစ်တာ၊ ငါကလည်း အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မှာစိုးတာရယ်၊ ဒီအလုပ်ကိုမစွန့်လွှတ်နိုင်တာရယ်ကြောင့်ပေါ့ဟာ"

သူမက နွေမိုးဘေးက ခုံတစ်လုံးကို ဆွဲယူဝင်ထိုင်ပြီး အနီးစားပွဲပေါ်က အအေးတစ်လုံးကို ယူသောက်သည်။

နွေမိုးကဂျစ်ကန်ကန်စတိုင်နဲ့ခေါင်းကျော့မာမာမပြုံမပြုံလုပနေသောသူမရဲ့ဟန်ပန်ကိုမေးထောက်ကြည့်ပြီး . .

"ငါတို့ သူငယ်ချင်းမလေးကတော့ ၁၂ ရာသီလုံးလုံး အမြဲတမ်း လှပနေတာပဲနော် မေမိုး"

သူမက ကော်လာကို နှစ်ဖက်ဆွဲကိုင်ရင်းထီမထင်ဟန်နဲ့

"ဒါတောင် ရေမချိုးရသေးလို့ပါနော်"

"ဩော်လှပါတယ်ပြောနေကာမှ နင့်ပုံစံက တကယ့်ထောင့်မကျိုးပဲပန်းရောင်"

အမြင်ကပ်ဟန်နဲ့ အကြီးမရဲ့စကားကို အငယ်မက

"အေးလေ ကြည့်ပါလား၊ ပိုက်ဆံလည်းရှိရဲ့သားနဲ့ စီးတဲ့ကားကိုလည်းကြည့်၊ တကယ့်အနိမ့်တိပ်၊ ကားကလည်း သူ့ပုံစံအတိုင်း ပါးစပ်ကပြဲပြဲ ဘီးကလည်းစမုတ်တံနဲ့၊ သူ့ကားနဲ့ သူကတော့ဟာ"

သူမက သူ့ကိုပြောတာ မဟုတ်တဲ့အတိုင်း တခစ်ခစ်ရယ်ရင်း နွေမိုးကျောကို တစ်ချက်ရိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နှင့်လက်နဲ့ ပေကုန်ပါပြီဟယ်"

သူမက 'လက်သုတ်ထားပါတယ်ဟဲ့'လို့ ပြောရင်း

"နှင်ဘာသိလို့လဲ အမေရိကန်ကားတွေက ဆီသာစားတာ ဟ၊ အင်ဂျင်ပါဝါကောင်းတယ်၊ စီးရတာလည်းမိုက်တယ်၊ နှင် တို့ပြောလည်း သိမှာမဟုတ်ပါဘူး"

"ငါတို့လည်း နှင့်ကားတွေအကြောင်း မသိချင်ပါဘူး။ ကဲ မေမိုး လာရင်းကိစ္စ နှင်ပြောလိုက်"

နွေမိုးက မေမိုးထံ မေးငေါ့ပြီးပြောတော့ အငယ်မက ပန်းနုပြင်နေတဲ့ ကားဘေးကနေ သူမတို့လျှောက်လာသည်။ ပြီးတော့ ပန်းနု ဘေးမှာဝင်ထိုင်ကာ

"ငါတို့တတ်ခဲ့တဲ့ ကွန်ပျူသင်တန်းက ပြန်ဖွင့်တော့မယ် လေ၊ နှင်တတ်မှာလား"

"ဟဲ့ တတ်မှာပေါ့"

"နှင် တကယ်ပြောတာနော် ပန်းနု၊ နောက်မှမအားဘူး လေး ဘာလေးမပြောနဲ့"

သူမက နွေမိုးပါးကို လိမ်ဆွဲတော့ နွေမိုးက မျက်နှာ ရှုံ့မဲ့ရင်း 'လုပ်ပြန်ပြီဟာ' ဆိုပြီး ဆီချေးတွေကို လက်ဖဝါး နဲ့သုတ်သည်။

"ရတယ်၊ သင်တန်းကတော့ တတ်ကိုတတ်ရမယ်၊ ဦးဦး လည်း ရှိပါတယ်ဟာ၊ ပြီးတော့ ကောင်လေးတွေကလည်း စိတ်ချရပြီလေ၊ လက်လွှဲလို့ရပြီ"

"အေးလေ ပြီးတာပဲ"

နောက်တော့ ညီအစ်မနှစ်ယောက်က စကားပြော သူမဟာမပြော့ ဟားပြင်ရင်း စကားတွေပြောမိကြပါတယ်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



"သားငယ် သားငယ် ဟဲ့ကောင်လေး"

"ခုန်း ခုန်း"

တံခါးကို အဆက်မပြတ်ထုဖွင့်နေတဲ့ မေမေရဲ့အသံကြောင့် အိပ်မက်ထဲက အမှတ်မထင်ပန်းပွင့်လေးဟာ ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။ အိပ်မှုန်စုံမွှား မျက်လုံးတွေကို မှိတ်ထားရင်း လေးကန်ကန်လျှောက်လာရင်း တံခါးဆီချိန်သားကိုက်ကာ မှန်းဆဖွင့်လိုက်တယ် ။

"ဟဲ့ မျက်လုံးလေးဘာလေးဖွင့်ဦး၊ ဒီကောင်လေးနှယ်"

သူကမျက်လုံးကိုပွတ်ရင်းက

"မေမေကလည်းဗျာ အိပ်လို့ကောင်းတုန်း"

မေမေက သူ့ဆံပင်တွေကို ဆွဲကိုင်ကာလှုပ်ရမ်းရင်း

"အောက်မှာ ဖိုးကျော်ရောက်နေတယ် သားလေးရဲ့၊ တော်ကြာ မင်းအဖေ အိပ်ရာထနောက်ကျလို့ ဆူနေပါဦးမယ်ကွ၊ မျက်နှာသွားသစ်၊ သွား သွား"

မေမေက ဘုရားခန်းဘက်သွားရန် လှည့်ထွက်ပြီးမှ "ပြန်အိပ် မနေနဲ့ဦးနော်" လို့ မှာသွားပါသေးတယ်။ သူ့အကျင့်ကိုသိနေတဲ့ မေမေကြောင့် သူအပျင်းကြောဆန့်ရင်း အစောကြီးအနှောင့်အယှက်ပေးလာတဲ့ ဖိုးကျော်ကို ကြိမ်ဆဲမိပြန်သည်။ မျက်နှာသစ် သွားအမြန်တိုက်ပြီးထမင်းစားခန်းဆင်းလာတော့ ဖိုးကျော်က ဖေဖေနှင့်လေပေးဖြောင့်ကာ နံနက်စာကိုတစ်ဖြုံနှစ်ဖြုံဝါးနေသည်။ ဖေဖေ နောက်ကိုလှည့်ကြည့်ပြီး ရုံးသွားရန်ထရပ်ရင်း . . .

"မင်းကောင်ကတော့ နိုးပါပြီကွာ၊ မင်းတို့စကားပြောကြတော့၊ အန်ကယ်လည်း ရုံးသွားရဦးမယ်"

ဖေဖေက ဘေးခုံမှအိတ်ကိုလှမ်းယူရင်း သူ့ကိုပါ

"သားငယ် မင်းဘဏ်ကို စောစောသွားလိုက်ဦးနော်"

သူက 'ဟုတ်ကဲ့ဖေဖေ'လို့ပြောရင်း မျက်နှာသုတ်ပဝါကို



www.burmeseclassic.com

www.burmeseclassic.com



ပခုံးပေါ်တင်ရင်း မုန့်တစ်ခုကို ပါးစပ်ထဲထည့်စားကာ နို့တစ်ခွက် ကို တစ်ကျိုက်တည်းမော့သောက်သည်။

"ဖြည်းဖြည်းစားစမ်းပါကွာ၊ တော်ကြာ စားပိုးနင့်ပြီး သေနေဦးမယ်"

သူက ဖန်ခွက်ချရင်း ဖိုးကျော်ကို

"မင်းက ဘာတွေများအရေးကြီးလို့ အစောကြီးပေါက်ချလာရတာလဲ"

ဖိုးကျော်က သူ့ကိုကြည့်ပြီး စိတ်ပျက်ဟန်နဲ့

"ခြော် မင်းပဲ ကွန်ပျူတာသင်တန်းတက်ဖို့ စုံစမ်းခိုင်းထားတာလေ၊ ဒီနေ့သွားရမှာပေါ့"

သူ ဖိုးကျော်စကားကို အခုမှသတိရရင်း . . .

"ဟာ ဒီနေ့တော့မဖြစ်ဘူးကွာ၊ သင်တန်းစရက်ပဲဟာမင်းတို့ပဲ သွားအပ်လိုက်ပါကွာ၊ ငါ့ဖေဖေခိုင်းထားတဲ့ ကိစ္စရှိသေးတယ်၊ နော် သူငယ်ချင်း"

သူ့ရဲ့ ချော့မော့တဲ့လေသံကြောင့် ဒီကောင်က ပါးစပ်လှုပ်ကြိတ်ဆဲသည်။ သူကရယ်မောကာအပေါ်လှေကားကဆင်းလာတဲ့မေမေ့ကို

"မေမေ ဒီမှာ ဖိုးကျော်သားကိုဆဲနေတယ်"

"ဟာ ဒီကောင်၊ ကျွန်တော်မဆဲဘူးအန်တီ"

ဖိုးကျော်ရဲ့ အထိတ်ထိတ်အပျာပျာ ပြောစကားကို မေမေက ရယ်ရင်း 'ဒီကောင်လေးတွေတော့လေ'လို့ ရယ်မောပြောဆိုရင်း ဧည့်ခန်းဆီသို့ ထွက်သွားပါတယ်။ မေမေမရှိတော့မှ ဖိုးကျော်က 'အေပေးမင်းသိမယ်'လို့ ကြိမ်းဝါးတယ်၊ တစ်အောင့်ကြာအောင်နေပြီး ဖိုးကျော်ပြန်သွားပါသည်။

သူလည်း အဝတ်အစားအမြန်လဲကာ ဖေဖေခိုင်းထားတဲ့ ဘဏ်ကိစ္စကိုသွားရန် မေမေ့ကိုမှာခဲ့ပြီး သူထွက်လာခဲ့ပါတယ်။ ကားကိုမောင်းလာရင်း JOURNEY ရဲ့ FAITHFULLY ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်နားထောင်မိသည်။ ရွှေဂုံတိုင်မီးပွိုင့်ရောက်တော့ ပွိုင့်မိနေသဖြင့် သူကားကိုရပ်ရင်း သီချင်းခွေလဲရန် ကက်ဆက်ခွေအထုတ်မှာ

"ဟင်"

*သူ့နှုတ်ခမ်းဖွင့်ထားတဲ့ သံစဉ်တေးသွားအလိုက်ကို* လေချွန်နေတဲ့အသံ။ သူ အံ့အားသင့်သွားတယ်။ အဲဒါနဲ့ပဲ သူနဲ့ဘေးချင်းယှဉ်ရပ်ထားတဲ့ ကားဆီကို လှည့်အကြည့်မှာ ထပ်မံအံ့ဩရပြန်တယ်။ 'အိုးမိုင်ဂေါ့'လို့ ညည်းရမလိုပါပဲ။ ကြည့်စမ်းပါဦးလေ။ ဂျစ်ကားအမိုးပြတ်အစိမ်းရောင် လေးပေါ်မှာ လေယာဉ်ပိုင်းလော့ တွေတပ်တဲ့အေအိုမျက်မှန်အနက်နဲ့ စပရိန်ဆံပင်ကောက်ကောက်ဖွာဖွာနဲ့ ကောင်မလေးတစ်ယောက်။ စက်ပြင်ဆရာတွေဝတ်လေ့ရှိတဲ့ အစိမ်းပုတ်ရောင် ခပ်ပွပွဝတ်စုံကို စတိုင်ကျကျဝတ်ဆင်ပြီး ဂျစ်ကားစတီ ရင်ရာခွေကိုလက်ဖြင့်ပွတ်ရင်း နီထွေးထွေး နှုတ်ခမ်းဝိုင်း ကလေးက လေချွန်သံတိုးတိုးလေးကိုလွှင့်ထုတ်နေ လို့ပေါ့ သူဘယ်လောက်ကြာအောင် ငေးမိမှန်းမသိခဲ့ပါ။ နောက် ကားတွေရဲ့ တတ်တီအော်မြည်သံကြောင့် ကောင်မလေးကသူ့ကိုကြည့်သည်။ ပြီးတော့အံ့ဩဟန်နဲ့မျက်မှန်ကိုချွတ်ကာသူ့ကိုထပ်ကြည့်ပါတယ်။

ဟင် သူ့အိပ်မက်ထဲက ပန်းပွင့်လေးမှန်း သူသိခဲ့ရတယ်။ ဟိုကောင်တွေပြောတဲ့ ဦးမာဃလက်သစ်လေးပေါ့။ သူတွေဝေမိစဉ်မှာ သူနဲ့ကောင်မလေး လမ်းတစ်လမ်းဆီကိုဆန့်ကျင်ဘက် မောင်းနှင်ခွဲထွက်သွားကြပြီ။

ဆုံတွေ့မှုကိုလွဲမှားစေရန် ကံကြမ္မာလက်ညှိုးညွှန်ရာလမ်းကြောင်းတွေကို နာခံမိရက်သား။ သူနဲ့သူမဟာ အမှားအယွင်းတွေကို ဝတ္တရားဆန်ဆန်ထမ်းဆောင်ဖို့အချစ်ဆိုတဲ့ရှေ့ခုန်သံကို သူ့ဘက်ကဘာလို့ စဖန်တီးခဲ့တာလဲ။ ဒါဟာ ကံမကောင်းတဲ့ ဇာတ်လမ်းရဲ့ နိမိတ်လေလားနော်။



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာတွေငုံထားတဲ့ ရင်ခုန်သံကို သူ လိုလိုချင်ချင် နှစ်သက်မိတာ့ မင်းရဲ့ မျက်ဝန်းတွေကြောင့်ပဲထင်တယ်။ ကန္တာရ ပန်းကလေးရေ နူးညံ့မှုလည်းမရှိ သူ့ရဲ့လိုအပ်ချက်တွေရဲ့ ဆန့်ကျင်ဘက်ကိုပိုင်ဆိုင်ထားတဲ့ညှာတံမာကျောတဲ့ ဒီပန်းပွင့်လေးကို ထပ်ထပ်ပြီး တွေ့ချင်နေမိပြန်ရတာလဲ။

ဘဏ်သို့မရောက်မီ လုပ်မိလုပ်ရာ ကက်ဆက်ခွေတစ်ခွေကို ဖွင့်မိတော့ ကဲ ကြည့်ပါဦး၊ စိတ်ပျက်စရာ

သီချင်းနာမည်က "ဆန့်ကျင်ဘက်"တဲ့

ဒါဟာ တကယ့်ကိုဆန့်ကျင်ဘက်ပဲ။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com





တံငါရဲ့ချိတ်မှာ မာယာပါမှန်း

ဘယ်ငါးသိမှာလဲ . . .

ထောင်ချောက်ကို ဖုံးထားတဲ့

မြက်မှာ ချိုမြိန်မယ်ထင်လို့

ရွှေသမင်တွေ လာခဲ့တာပါ . . .

ငှက်ကလေးလိုထပျံလာတဲ့

ငါ့အချစ်ဟာ . . .





www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး ကောင်းကင်ကို မမြင်ရတော့ဘူး။

"မင်းဟာကလည်းဘယ်မှာနေလို့ ဘယ်ကမှန်းမသိဘဲ"

မိုးဇော်က သူ့ကို မသက်မသာကြည့်ပြီး ပြောတော

ဖိုးကျော်ကလည်း ထောက်ခံခေါင်းညိတ်တယ်။

"ဟုတ်တယ်၊ သိပ်ဖီလင်ဖြစ်မနေနဲ့ကွာ၊ လမ်းမှာတွေ့ဝ

အချစ်ပဲကွာ၊ လမ်းပေါ်မှာပဲ ရှာရမှာပေါ့"

"ဟင့်အင်း"

သူကခေါင်းခါပြင်းရင်းကျူရှင်နဲ့သင်တန်းတွေရှိရာတစ်ဖ

တိုက်လှေကားကို တွေတွေဝေဝေစိုက်ကြည့်ရင်းပြောမိတယ်

တချို့က ရယ်မောရင်း လှေကားအတိုင်း တက်သွားပြ

တယ်။ စာအုပ်တွေကို ရင်ခွင်ပိုက်ရင်း ဖိုင်နဲ့လွယ်အိတ်တေ

ကိုကိုင် သူကကိုင်။ ပခုံးမှာလွယ်သူကလွယ်နဲ့လေ။ လူငေ

တွေရဲ့ လွတ်လပ်ခြင်းနဲ့ အပျော်ဆိုတာ သူ့ဆီသို့ ကူးစ

မလာခဲ့။ သူ့ကို ရန်နောင်က အအေးပုလင်းပိုက်ကို သော

စားရင်းက မျက်လုံးလှန်စိုက်ကြည့်ရင်း

"သားငယ်ရာ ဖူးစာပါရင် မင်းနဲ့သူ ပြန်ဆုံမှာပဲ၊ ပေ



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း လေဒီတွေလာနေပြီ"

ရန်နောင်က စကားကိုဖြတ်ကာ ခုံလုနှစ်လုံးကို ဆွဲယူကာ နွေမိုးတို့ညီအစ်မနှစ်ဦးကို ခရီးဦးကြိုပြုရင်းက

"စောင့်လိုက်ရတာ၊ သင်တန်းကနီးနေပြီ မေမိုးရဲ့"

မေမိုးက မိုးဇော်ဘေးမှာ ကပ်ထိုင်ကာမိုးဇော်လက်မောင်းကို တစ်ချက်ပုတ်သည်။ ဒါ မိန်းကလေးတွေရဲ့ အကျင့်ဖြစ်မယ်လို့ သူတွေးမိပါသေးတယ်။

"ထွက်လာတာကြာပြီကိုဇော်ရဲ့၊ သူငယ်ချင်းတစ်ယောက်ကို စောင့်နေတာ"

"မပါဘူးလား"

မိုးဇော်က ဘယ်သူပါလဲလို့ကြည့်တော့ သူမတို့နှစ်ဦးသာ တွေ့မိသည်။

သူမက အသင့်လာချပေးသော အအေးပုလင်းကိုနှုတ်ခမ်းနီ မပေအောင် ခပ်ဖွဖွပိုက်ကိုစုပ်သောက်ပြီးမှ ပြောတယ်။

"လာလိမ့်မယ်ကိုဇော်ရဲ့၊ ခဏလေးပါ၊ တကတည်းဖြစ်နေလိုက်တာ၊ သင်တန်းက ၁၅ မိနစ်လောက် လိုသေးတဲ့ဟာ"

မေမိုးက မိုးဇော်ကို မျက်စောင်းထိုးရင်း ပြောပါတယ်။ မိုးဇော်ကတော့ မျက်စောင်းတစ်ချက်ရဲ့ ဖိအားအောက်မှာ တဟဲဟဲရယ်ရင်း ရှုန်းမထွက်နိုင်ရှာ။

နွေမိုးနဲ့ရန်နောင်က တိုးတိုးကပ်ကပ် လူကြားမှာ စိုးရိမ်သလို ဘာတွေပြောနေမှန်းမသိခဲ့။

သူတစ်ယောက်တည်း ငေါင်တောင်တောင်ဖြစ်နေတာကို သတိပြုမိဟန်နဲ့ မေမိုးက ပြုံးစ,စနဲ့စပါတယ်။

"ကိုသား ဘယ်လိုဖြစ်နေတာလဲ၊ ငေါင်တောင်တောင်နဲ့"

သူက ဘာမှမပြောဘဲ ပြုံးရုံသာပြုံးပြမိသည်။ ဒါကို မိုးဇော်က သူ့ကိုပခုံးချင်းတိုက်ပြီး . . .

"ဘယ်ကမှန်းမသိတဲ့ သူငယ်မယ်လေးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်ကြွေနေတာလေ မေမိုး”

“အဟုတ်”

သူမက အံ့ဩဟန်နဲ့ မျက်ခုံးမြင့်ဟန်လုပ်ပြတော့ သူ ရယ်ပဲရယ်နေမိတယ်။

သူတို့စကားဝိုင်းလေးဟာ ဦးတည်ချက်ကိုယ်စီနဲ့ သူအစုနဲ့ သူ ဖြစ်နေချိန်မှာ သူတို့ခပ်လှမ်းလှမ်းကို ကားတစ်စီးထိုးရပ်ပါတယ်။ မိုးဇော်တို့ အတွဲနှစ်တွဲကတော့ မမြင်နိုင်အောင်က တွတ်ထိုးနေချိန်မှာ သူ့အာရုံက အဲဒီကားဆီ ရောက်သွားမိသည်။ အစိမ်းရင့်ရောင် အမေရိကန်လုပ် ချက်ပလတ်ကားကြီးဟာရှေ့ခေါင်းကတခြား ကားတွေထက် ရှည်ထွက်ပြီးကားရဲ့မျက်နှာစာ မီးလုံးနှစ်လုံးနဲ့ ဘန်ပါဟာ ငါးမန်းတစ်ကောင်ရဲ့မျက်နှာနဲ့ ခပ်ဆင်ဆင်တူ နေပါတယ်။ နောက်မီကအတောင်ပံလိုလိုငါးလို အမြီးလိုလိုဖြစ်နေပြီး စမုတ်တံတွေရဲ့ တောက်ပြောင်တဲ့အလင်း ဟာကားတစ်ခု လုံးရဲ့ဝိတ်ကိုခပ်သာသာထိန်းထားနိုင်တယ်လေ။ တစ်ဖက် ကားလမ်းကျူရှင်လေ့ကားအောက်ကလူငယ်တော်တော် များ များရဲ့အာရုံက သူလိုပဲ ကားဆီရောက်နေခဲ့တယ်။

ကားတံခါးဖြည်းဖြည်းဖွင့်ဟမှုမှာ ပထမဆုံး သူမြင်တွေ့ လိုက်တာက ခြေသလုံးဖွေးဖွေးနဲ့ နက်ပြာရောင်ထဘီစ။ နောက် ကားပြတင်းတံခါးကို တွန်းဖွင့်ထားတဲ့ လက်တစ်ဖက်။ နောက်ပြီး မျက်နှာတစ်ခြမ်း အဲဒီမျက်နှာလေးရဲ့ ဖြည်းညင်းစွာ သူ့ဘက် အလှည့်မှာ

“ဟာ”

သူ အံ့အားသင့်ရင်း လက်ရှိကောင်းကင်အလင်းဟာ ညို့မှိုင်းသွားသလို။ ပြီးတော့ သူ့နှုတ်ဖျားက ထွက်ထွက် သွားတဲ့ အာမေဍိတ်သံ၊ နောက် ဆင့်ကဲဆင့်ကဲအသံတွေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲသားငယ်"

"ပန်းနုရောင်"

ရန်နောင်နဲ့နွေမိုးဆီက ဆန့်ကျင်ဘက်ခေါ်သံတွေ။ သူ့အံ့သြဝမ်းသာမှုက ခြောက်ကပ်ကပ်စကားကို အားယူပြောဆိုလိုက်ရတယ်။

"ငါပြောတဲ့ 'ဦးမာဃ"

"ဟင်"

"ဘယ်မှာလဲ"

သူကို့ရဲ့ အသုံးအနှုန်းကြောင့် မေမိုးက ကြောင်တောင်ဖတောင် ဖြစ်သွားပုံရတယ်။ နွေမိုးရဲ့ လက်လှမ်းပြမှုကြောင့် သူ့ရဲ့ ရှင်သန်ခြင်းလေးက နွေမိုးတို့ညီအစ်ကို ရယ်မောဟန်ပြုအံ့။ သူတို့အုပ်စု ပိုက်ဆံရှင်းပြီး တစ်ဖက်ကားလမ်းကို ကူးမိကြတယ်။

"နောက်ကျလိုက်တာ ပန်းရောင်ရယ်"

"လာခါနီးမှ ကားတစ်စီးပြင်တာမပြီးလို့ ကြည့်ပေးရတယ်ဟ၊ သင်တန်းပေါ်တတ်မယ်လေ"

"ခဏနေပါဦးဟာ၊ နင့်ကို မိတ်ဆက်ပေးရဦးမယ်"

ပန်းရောင်ဆိုတဲ့ နှုးညံ့မှုမရှိတဲ့ ပန်းကလေးက အားလုံးကို ခြုံငုံကြည့်ရင်း သူ့ဆီအကြည့်ရောက်တော့ မျက်လုံးလေးဝိုင်းသွားတယ်။ နှုတ်ခမ်းကလေးတွေ စုသွားတယ်။ နောက်ပြီး မေမိုးနဲ့ခေါင်းချင်းဆိုင်ကာ သူ့ကိုနှစ်ယောက်လုံးက လှမ်းကြည့်ပြီး တိုးတိုးပြောဆိုတဲ့ ဟန်ပန်အမူအရာ။ ပန်းရောင် မိန်းကလေးရဲ့ မျက်နှာပေါ်က ရှက်သွေးဖြာစေတဲ့ ကြည်နူးမှု။ သူ့ရင်ခုန်သံတွေဟာ ချစ်သူလေးကြားမှာတောင် စိုးရိမ်ရတယ်။

ကမ္ဘာတစ်ခုလုံး ငြိမ်းချမ်းဖို့အတွက် ပထမဦးဆုံး လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



တာ ချစ်သူရဲ့အပြုံးမဟုတ်လား။ သူ့ရင်ခုန်သံနဲ့ ရယ်သံတွေဟာ ကျွန်တော့်ပျော်ရွှင်ခြင်းရဲ့ မနက်ခင်းလေးပဲဆိုတာ သေချာသိနေပြီလေ။

"သူက ငါ့ပုဂ္ဂိုလ်လေ မိုးဇော်တဲ့"

မေမိုးက မိုးဇော်လက်ကိုကိုင်ပြီး မိုးဇော်ရင်ဘတ်ကို အဲဒီလက်နဲ့ စုကိုင်ပုတ်ပြရင်း ပြောပါတယ်။ဟိုကောင်ကအခုမှ သိစ မိန်းကလေးကို ခါးညွတ်အရိုအသေပြုဟန်ပြပါတယ်။ ကောင်မလေးက ရယ်နေပါတယ်။ ပြီးတော့ မိုးဇော်က မေမိုးနားကပ်ပြီး တိုးတိုးပြောတော့ မေမိုးက သူ့ကို ရယ်ချင်စိတ်နဲ့ တစ်ချက်ကြည့်ပြီး 'အင်း' လို့ မိုးဇော်ကိုပြောတယ်။

အသီးအသီး အပြန်အလှန် မိတ်ဆက်ကြတယ်။ ဒါပေမဲ့ သူ့ကို မေ့ချန်ခဲ့တာလား၊ နှိပ်စက်တာလားမသိ။သူ့ကို မိတ်ဆက်မှုမပေးခဲ့။ ဒါကို ရိပ်မိတဲ့ကောင်မလေးက တစ်ချက် တစ်ချက် သူ့ကို ရယ်ချင်စိတ်နဲ့ကြည့်ပါတယ်။

သူကလည်း သင်တန်းပေါ်တက်သွားသည့်အထိ ဘာမှမပြော။ မသိသလိုဘဲ နေလိုက်တာပေါ့။ သင်တန်းစပြီး ရှင်းလင်းသင်ကြားချိန်ခဏမှာသူက နဂိုကျွမ်းကျင်ပြီးသား လက်တွေနဲ့ တခြားကွန်ပျူတာတွေကို လှမ်းဆက်သွယ်ချိတ် ယူလိုက်တယ်။ ပြီးတော့ စခရင်မှန်သား အညိုရောင်ပေါ်က လိပ်စာကို အမြန်ကူးယူပြီးစာရွက်ကို အကျႌအိတ်ထဲအ မြန်ကောက်ထည့်ထားလိုက်သည်။

သင်တန်းပြီးတော့ အားလုံးကို ကိစ္စတစ်ခုရှိလို့ဆိုကာ သူ အရင်ပြန်ခဲ့ပါတယ်။ ဟိုကောင်တွေကတော့ သူ့ကိုနှိပ်စက်ခဲ့တာ 'ပိုင်ပြီ'လို့ တွေးနေမှာပေါ့။

ကားမောင်းရင်း စာရွက်အပိုင်းလေးကို အိတ်ထဲပ်ထဲက ထုတ်ကြည့်မိသည်။ လမင်းလေးတစ်စင်းရဲ့လိပ်စာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အမည် – ပန်းနုရောင် (B.E, Mechanical)
အဖအမည် – ဦးရဲအောင်
လိပ်စာ – (ရဲအောင်နှင့်သမီး ကားပြုပြင်ရေး)

..........

.........

ဖုန်းနံပါတ် – .........

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



*ကြည့်လှမ်းပုံက သူနောက်ယောင်ခံလိုက်လာတာလည်း*
သိပုံမရ။ စတိုးဆိုင်ထဲ ဒီကောင်မလေး ဝင်သွားတော့ သူ
တခြား အပေါက်ကနေ ဆိုင်ထဲဝင်လာပြီး ဂျင်းဘောင်းဘီ
တွေထားရာ ကောင်တာနောက်ကျောကနေ ကြည့်နေမိသည်။

သူမရဲ့ အသံကို မသဲမကွဲကြားရသည်။ မေးပုံက သူထင်
ထားတာထက် တခြားစီ။ မသကာ ရေမွှေးတို့၊ ပေါင်ဒါတို့၊
ကလစ်တို့လို မိန်းကလေးအသုံးအဆောင် မေးမည်ပေါ့။ အခု
တော့ ကြည့်လေ။

"ဂျင်းဘောင်းဘီ (လီဗိုက်)တွေရောင်းတာဘယ်ကောင်
တာလဲ"

"အစ်မ တည့်တည့်လျှောက်သွားပြီးရင် ညာဖက်ကိုချိုး
လိုက်၊ အဲဒီထောင့်မှာတွေ့လိမ့်မယ်"

"ကျေးဇူးပဲ"

ခြေသံခပ်ပါးပါးကို ကြားရသည်။ သူ ကျောပေးထားရပေ
မယ့် စိတ်မလုံချင်။

(မားနဲ့လာတဲ့ရန်သူကို ကျောပေးထားလို့ ကျောတွန့်ရာ
လည်း ဖြစ်နိုင်ပေမယ့်

ကိုယ်မြတ်နိုးမိတဲ့ ကောင်မလေးကို ကျောပေးထားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အနေအထားကလည်း ကျောတွန့်စရာ)

သူ့အနားရောက်လာပြီး ဘေးချင်းယှဉ်ရပ်သည်။ သူ့ကို သတိ ပြုမိပုံမရ။

သူလည်း အယောင်ယောင်အမှားမှားနဲ့ ကိုယ့်ရှေ့က ဘောင်းဘီတစ်ထည်ကို လှမ်းအယူ

"ဟာ"

"အို"

"ဆောရီးဗျာ"

အရောင်ခပ်ရှားရှား ဂျင်းဘောင်းဘီတစ်ထည်ကို နှစ်ယောက်သား မတိုင်ပင်ဘဲ လက်ချင်းဆုံခဲ့ရသည့်အဖြစ်။ ပြိုင်တူလက်ပြန်ရုတ်ရင်း

"ကျွန်တော်ယူမလို့ဗျာ"

"ကျွန်မလည်း ယူမလို့၊ ဩော်"

သူမက သူ့ကို မှတ်မိသွားပုံရသည်။ နှုတ်ခမ်းတစ်ဖက် မသိမသာတွန့်သည်။

"ရှင်လိုချင်ရင် ဒီ့ပြင်အထည်ရွေးပါလား။ ဒီအရောင်မျိုး ကျွန်မလိုက်ရှာနေတာကြာပြီ"

သူလည်းဒီကောင်မလေးကိုအလိုလိုနေရင်းစချင်လာမိတယ်။

"ငါလည်း ဒီအရောင်လိုက်ရှာနေတာ ကြာပြီလေ၊ မင်းက မိန်းကလေးပဲ၊ ဘောင်းဘီမဝတ်လည်း ဖြစ်နေတာပဲ"

"ကျွန်မဘာသာ ဘာပဲဝတ်ဝတ်ပေါ့၊ ဘာလဲ ရှင်က ကျွန်မကို မနာလိုဖြစ်ပြီး ထမိလိုက်ဝတ်မလို့လား"

"ဘာကွ"

သူ ဒေါသဖြစ်တော့ ဂျစ်တစ်တစ်လေးက ကျေနပ်သွားဟန်ရှိသည်။ လေတောင်ချွန်လိုက်ပါသေးတယ်။

ဒေါင့်မကျိုးတဲ့ အမူအရာတွေကို အော်စကားဆိုရအောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ထားသော သူမကို စွဲလန်းမိရတဲ့ ကိုယ့်နှလုံးသားကို ကိုယ် ပြန်စိတ်နာချင်လာတယ်။

"အစ်မ ဘာဖြစ်ကြလို့လဲ"

သူတို့နှစ်ယောက်ဖြစ်ပုံကိုမြင်တဲ့ ခပ်လှမ်းလှမ်းကဝန်ထမ်းကောင်လေးက ပြေရာပြေကြောင်းဝင်ပြောသည်။သူမက ကောင်လေးကို ပြဿနာဖြစ်ရပ် အလုံးစုံကို ဖာတ်စုံခင်းပြနေသည်။

"ဩော် ဒီအရောင်မျိုးကာလာ ရှိပါသေးတယ်အစ်မ"

ကောင်လေးက စင်ပေါ်မှာထပ်ထားတဲ့ ဘောင်းဘီတွေကို ဆွဲထုတ်မည်အလုပ် ကျွန်တော်က

"ရတယ် ညီလေး၊ ကိုယ်ဒီပြင်ကာလာပဲယူတော့မယ်၊ ဒါနဲ့ညီလေးတို့ဆိုင်မှာ ယောကျ်ားလေးဝတ်လုံချည်ရောရောင်းလား"

"ဟင့်အင်း အစ်ကိုဘာဖြစ်လို့လဲ"

ကောင်လေးရဲ့အမေးကို သူက

"ဒီကောင်မလေးကိုရောင်းလိုက်စမ်းပါကွာ၊ရှိသေးရင်ယောကျ်ားအားဆေးတို့၊ကျက်သရေခေါင်းပေါင်းတို့ပါရောင်းပေးလိုက်နော်"

သူ့စကားကြောင့် ကောင်လေးက ပြုံးစိစိဖြစ်သလောက်ဟို ကောင်မလေးမျက်နှာက ရက်လွန်သရက်သီးတစ်လုံးလို။ ပြီးတော့ သူမကအားကျမခံ

"ရှင်နှုတ်ခမ်းလည်း နှုတ်ခမ်းနီဆိုးပေးဖို့ နှုတ်ခမ်းနီတစ်တောင့်လောက် ဝယ်သွားပါဦး"

ပြောပြီးကောင်တာမှာ ငွေရှင်းရန်သွားတော့ သူကဆို ရစ်ခဲ့သည်။ ဒါပဲတတ်နိုင်တယ်လေ။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက တကယ့်ကို ရှင်းရှင်းလင်းလင်း။ ဒါပေမဲ့ သူမျက်လုံးကို သူမယုံချင်စရာကောင်းလောက်အောင် တွေ့နေရသည်။ သူကားကို သူတို့နဲ့ ခပ်လှမ်းလှမ်းမှာရပ်တော့ အဲဒီကောင်မလေးက တစ်ချက်ကြည့်ရုံသာကြည့်ပြီး သူတို့အလုပ်သူတို့ဆက်လုပ်နေကြသည်။

"မမကြီးကျွန်တော်တို့ကိုလူလည်လုပ်ဖို့မကြိုးစားနဲ့နော်"

"ဟဲ့ ငါဘယ်မှာ လူလည်လုပ်လို့လဲ"

"ဟုတ်တယ်၊ မမကြီးကစည်းလည်းနိုးသေးတယ်"

"ဖိုးထူး နင်ရှုံးလို့ ငါ့လာမညစ်နဲ့နော်၊ ငါခေါင်းကိုခေါက်လိုက်ရ"

သူ ကားဘောင်ကိုမှီရင်း ပြုံးမိသည်။

ကလေးသုံးလေးယောက်နဲ့ မကြီးမငယ်သရေကွင်းပစ်တိုင်း ကစားရတယ်လို့။ ထပ်ထားတဲ့ သရေကွင်းတွေကို အပေးကာမနေ မျက်စိတစ်ဖက်မှိတ်ချိန်ရွယ်နေတဲ့ သူမက ပတ်ဝန်းကျင်ကို ဂရုစိုက်ပုံမရ။ ဆံပင်ငိုက်ငိုက်တွေကို ဆတ်ခနဲတင်ရင်း သူမရဲ့လှုပ်ရှားပုံက ကြည့်ကောင်းတာတော့ သေချာသည်။

"ဟာ အကုန်လုံးထိသွားပြန်ပြီ"

"သူနိုင်တာ ညစ်လွန်းအားကြီးလို့ပါကွာ"

"ဘာညစ်လို့လဲ၊တားထားတဲ့စည်းကငါကျော်ပစ်လို့လား"

သရေကွင်းကို ကျွတ်ကျွတ်အိတ်ထဲစုပြုံထည့်ရင်း နောက်တစ်ပွဲအတွက်သူမသရေကွင်းတွေကို ရေတွက်နေပါသည်။

သူ့ကား ကစားဝိုင်းဆီလျှောက်လာတော့ ကောင်လေးတွေက မော့ကြည့်သည်။

"ချာတိတ်တွေပြောတာ ဟုတ်သားပဲ၊ မင်းရပ် မင်းလက်တံနဲ့ စည်းခိုးပစ်တာ ငါလည်းမြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူစကားကြောင့် ကလေးတွေက ထောက်ခံဟန်ပြုသည်။ သူမက မျက်လုံးကို အတွန့်ချိုးရင်း . . .

"ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဟ မင်းကြီးနိုင်ငယ်ညှင်းလုပ်နေတာပဲ မင်းသတ္တိရှိရင် ငါနဲ့ပြိုင်ပစ်မလား"

သူမက လက်မောင်းက အကျီလိပ်တင်ရင်း မျက်မှောက်ကြုတ်အံကြိတ်ကာ . . .

"ရတယ် စိမ်လိုက်၊ ရှင်နဲ့ ဘာကြေးလောင်းမလဲ"

သူတစ်ချက်ပြုံးရင်း . . .

"တစ်ခုခုကြေးပေ့ါ၊ ဒါကပွဲပြီးမှ နိုင်တဲ့သူကတောင်းဆို"

"အိုကေရတယ်လေ"

ကလေးတွေ ဟေးခနဲထအော်ကြသည်။ သူ ဖိုးထူးဆို သော ကောင်လေးဆီက သရေကွင်းဒိုးတစ်ဒိုးတောင်းပြီး ဆွဲ ဆန့်ကြည့်သည်။

သူနဲ့သူမ စည်းပေါ်မှာ ရင်ပေါင်တန်းရပ်ရင်း ကျွန်တော် က သူ့ကို

"ဘယ်သူအရင်စပစ်မလဲ"

"ကျွန်မအရင်ပစ်မယ်"

သူပြုံးပြီး ခေါင်းညိတ်လိုက်သည်။ ခပ်လှမ်းလှမ်းမှာတော့ သရေကွင်းတွေကို အစိုင်းလိုက်ထပ်ထားပြီး အလယ်မှာ ဆေး ပေါ့လိပ်ငုတ်တိုတိုထောင်ထားသည့် ပစ်မှတ် . . .

သူမက မျက်စိတ်တစ်ဖက်မှိတ်ပြီး သရေကွင်းဒိုး၏ ဘဖြည်းဖြည်း ဆွဲဆန့်ကာ ချိန်သည်။ သူ ဘေးတစ်ခေ ကြည့်တော့ နှာသီးဖျားလုံးလုံးလေးကို မြင်ရသည် နှုတ်ခမ်းနေတဲ့ ပါးပြင်လေးတွေ၊ ပြီးတော့လေအ ကြော ကျွန်တော့်မျက်နှာကိုလာရောက် ထိခတ်နေတဲ့ သူမရဲ့ ဆံနွယ



www.burmeseclassic.com

www.burmeseclassic.com



စတွေ . .

သူမက ပစ်မှတ်ကိုချိန်နေရာမှရပ်ကာ ကျွန်တော့်ဘယ်ကို မကျေမနပ်သလို လှည့်ကြည့်ပြီး . . .

"ရှင် အာရုံပျက်အောင် လာမလုပ်နဲ့"

"ဟာ . . . ငါဘာလုပ်လို့လဲ"

သူမက မကျေမချမ်းဟန်နဲ့ . . .

"ရှင်ဘာလို့ ကျွန်မကိုကြည့်နေတာလဲ၊ မကြည့်နဲ့"

"ကောင်းပါပြီဗျာ"

ရယ်ချင်စိတ်နဲ့ ဆေးလိပ်တိုဆီ မျက်နှာမူထားလိုက်သည်။ ကလေးတွေက သူတို့နှစ်ယောက်ကို ပြုံးစိပြုံးစိ

သူမက ဒုတိယအကြိမ် ပစ်မှတ်ကို ချိန်ရွယ်သည်။ သူမရဲ့ လက်ညှိုးက လွှတ်လိုက်တဲ့ သားရေကွင်းဒိုးဟာ သူ့နှလုံးသားကို ချိန်ရွယ်ပြီး ပစ်လွှတ်လိုက်တဲ့ ချစ်ခြင်းမေတ္တာတွေ သက်ဝင်နေတဲ့ မြားတစ်စင်းလို့ ထင်ယောင်ထင်မှားဖြစ်ခဲ့ရသည်။

"ရှီး"

"ဟာ"

ပစ်မှတ်အလယ်ကိုမထိဘဲ သားရေကွင်းတွေ လှုပ်ခတ်သွားမှုဟာ ဆေးလိပ်တိုလေးယိုင်နဲ့နဲ့ဖြစ်သွားကာလဲကျမလိုဖြစ်နေရာမှ ပြန်တည့်မတ်သွားသည်။

"ဟာကွာ"

သူမရဲ့ မချင့်မရဲစကားကို သူ သဘောကျတဲ့ ရယ်သံပြုတော့ သူ့ကိုမျက်စောင်းထိုးတယ်။ သူရယ်နေရင်းမှ ရုတ်တရက် သားရေကွင်းဒိုးကို ချိန်ရွယ်ပစ်လွှတ်လိုက်သည်။

ဝှစ်ခနဲနေအောင် ထွက်ခွာသွားသော သားရေကွင်းဒိုးသည် သားရေပင်တွေရော၊ ဆေးလိပ်တိုပါ ဖွာခနဲတစ်နေရာစီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြင်းထန်လှသည်။

"ဟေး"

"ဒီအစ်ကိုကြီးက လက်ဖြောင့်တယ်ကွ၊ မမပန်းရောင်ရွှံးပြီ၊ ကောင်းတယ်"

ကလေးတွေရဲ့ စကားကို သူမက မကျေချမ်းဟန် မျက်စောင်းထိုးသည်။

(အမှန်တော့ ကလေးဘဝထဲက ဒီသားရေကွင်း ပစ်နည်းတစ်မျိုးပဲ ကျွမ်းကျွမ်းကျင်ကျင် တတ်ခဲ့တာပါ)

သူ့ရဲ့ မခိုးမခန့်ဖျစ်ညှစ်ရယ်သံကို သူမက ကျေနပ်နိုင်ပုံမရ။ သူမရဲ့ စူပုတ်ပုတ်မျက်နှာကို ကြည့်ပြီး ရယ်ချင်စိတ်ကို ထိန်းကာ . . .

"ဘယ်လိုလဲ မင်းရှုံးပြီနော်"

"အဲဒါ ဘာဖြစ်လဲ"

သူမရဲ့ ဆောင့်အာပြောသံကြောင့် ကလေးတွေရောသူပါ ရယ်မိကြသည်။

သူကသူ့ရဲ့နီးရာကကလေးရဲ့ ခေါင်းကိုလှမ်းခေါက်သည်။

သူ မေးစေ့ကို ပွတ်ရင်း စဉ်းစားဟန်နဲ့ . . .

"အင်း ဘာခိုင်းရမလဲဆိုရင် . . .

စကားကိုရပ်ရင်း သူမကိုကြည့်ကာ . . .

"မင်း ကတိတည်ပါတယ်နော်"

သူမက ဆောင့်ဆောင့်အောင့်အောင့် မျက်စောင်းထိုးရင်း

"စိတ်ချ၊ ကျွန်မက ဘယ်တော့မှ ကတိမပျက်တတ်ဘူး"

"ကြိုက်ပြီကွ"

"ဘာရှင့်"

ဒီလိုနဲ့ကျွန်တော် သူမကိုလောင်းကြေးအတွက်စကားတွေ ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သူမက ခါးခါးသီးသီးပဲ။ နောက်တော့လည်း ကတိစကားတစ်ခွန်းကို သက်သေတည်ပြီး သူမလက်ခံလိုက်ရပါတော့သည်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com





ပန်းကလေးရေ

မာယာတွေနည်းနည်းလောက်ရောပြီး

ခေါင်းမော့မော့မာနနဲ့

ရိုးသားမှုတွေ ခဝါချ

ငါ့နှလုံးသား ကျွမ်းပြန်သွားအောင်

ခဏလောက်တော့ ကပြစမ်းပါ . . .





www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . .မဖြစ်နိုင်တာ ကိုသားရယ်"

မေမိုးရဲ့ အပြောကို သူပြုံးရင်း လက်ဖက်ရည်ခွက်ကို ဖွန်းနှင့် မွှေနှောက်ပြီး . . .

"အဲဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်မက်တဲ့ အိပ်မက် အကြောင်းကို ကျွန်တော်ပြောပြတာပဲ"

မေမိုးကသင်တန်းလေ့ကျင့်ကားရင်းကိုတစ်ချက်ကြည့်ပြီးတော့

"ဒီလို ပြင်ဆင်ပုံမျိုးကိုတော့ ကိုသား ပန်းနုရောင်ဆီက တစ်သက်လုံးတွေ့ရမှာ မဟုတ်ဘူး"

ကျွန်တော် ခေါင်းညိတ်သည်။

"ဒါကတော့ ကျွန်တော်ဖြစ်စေချင်လွန်းတဲ့ စိတ်စွဲလမ်းမှုက အင်အားများသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

သူစကားအဆုံးကိုဆိုင်ကိုနောက်ကျောပေးထားကြတယ်။

ပန်းနုရောင်းရဲ့ ရှေးဟောင်းကားကြီး သင်တန်းရှေ့မှာ ရပ်တော့ သူစတင်ပြုံးလိုက်မိသည်။

"ကိုယ့်စိတ်က အရမ်းပြင်းပြနေရင် ဒါမှမဟုတ်အကြောင်း တိုက်ဆိုင်မှု ရှိလာခဲ့ရင် မဖြစ်နိုင်စရာလည်း ဖြစ်လာခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရှိခဲ့ဖူးတယ်နော်''

ရန်နောင်က သူ့ကို လှောင်ချင်သလိုလို မသဲမကွဲ အပြုံးခပ်ပါးပါးနဲ့ . . .

"မင်းက ဘယ်လိုနိုင်လို့တဲ့ သက်သေရှိလို့လဲ''

(ကိုယ်ကိုယ်တိုင်လည်း မှင်သက်သွားရပါတယ်)

(သူ့အလင်းကိုသူဖုံးဝှက်ထားတဲ့ လမင်းလေးဟာ ဒီနေ့တော့ ထင်တိုင်းကြွခွင့်ရှိတဲ့ အလင်းမျိုးနဲ့ ဒီတစ်နေ့အတွက် ကျွန်တော်တို့ရဲ့ ကောင်းကင်မှာလှချင်တိုင်းလှနေလိုက်တာ)

သူတို့ရဲ့ မလှမ်းမကမ်းမှာ မြန်မာဆန်ဆန် ပါတိတ်ဝမ်းဆက်နဲ့ နှုတ်ခမ်းရဲရဲလေး ဆိုးထားတဲ့ မိန်းကလေးဟာ ရှပ်အင်္ကျီဖားဖားတွေ၊ ဂျင်းဘောင်းဘီတွေဝတ်တတ်တဲ့ ပန်းနုရောင်ဆိုတာ ဘယ်သူယုံနိုင်မှာလဲ။ မေးမိုးဘေးမှာဝင်ထိုင်ရင်း သူ့ကို မှိုးတိုးရှန့်တန့် မသိမသာကြည့်တယ်။

မေမိုးတို့ကတော့ အံ့ဩလွန်း၍ စကားတောင် ပြန်မပြောနိုင်ရှာ။

"ဒါ ပန်းနုရောင်ပါနော်''

သူမက မျက်နှာနီနီနဲ့ စိတ်အိုက်နေပုံရပါတယ်။

ကျွန်တော့်ရင်ထဲမှာ ကျေနပ်ခြင်းကြောင့်လား၊ အမည်ဖော်ရခက်ခဲတဲ့ ဝေဒနာရဲ့ အတွန်းအတိုက်ကြောင့်လားမသိ၊ ရင်ထဲမှာ ယိမ်းထိုးလှုပ်ခတ်နေသည်။

"ဟဲ့ . . . ဘာဖြစ်နေတာလဲ''

သူမရဲ့ မနေတတ်သလိုနဲ့ လက်ရှိအချိန်ကိုလှုပ်နိုးမှ

"အရမ်းလှလွန်းလို့ အံ့ဩနေရတာ၊ ငါ့သူငယ်ချင်းလေး ဒီလိုပြင်တော့ တော်တော့ကို ချောပါလား''

မေမိုးစကားကြောင့် သူမက "ဟာ''ဆိုပြီး မေမိုးပခုံးကို လှမ်းရိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နွေမိုးက . . .

"ဟဲ့ နင် ဘာစိတ်ကူးနဲ့ ဒီလိုဝတ်ရတာလဲ ပန်းနု၊ နင်အမြဲတမ်း ဒီလိုလေးပဲ ဝတ်ပါလားဟာ"

သူမက နွေမိုးစကားကြောင့် သူ့ကို မျက်စောင်းထိုးမေး ငေါ့ရင်း . . .

"ဟာ . . . မဝတ်ချင်ပါဘူး၊ အိုက်ကလည်းအိုက်၊ စိတ်လည်း ကျဉ်းကျပ်သေး၊ဒါတောင် ငါ သားငယ်ကိုရှုံးလို့ ဝတ်လာရတာ"

"ဘာယ်လို"

အားလုံး အံ့အားသင့်သွားတယ်။ ပန်းနုက မနေ့က ကစားပွဲ အရှုံးကို ရှင်းပြလိုက်။ သူ့ကို မျက်စောင်းထိုးလိုက် မေးငေါ့လိုက်ပေါ့။

"နုမပေးခုနကတော့စိတ်ရွဲလမ်းလို့အိပ်မက်မက်သလိုဘာလိုနဲ့"

"အေးလေ၊ ပန်းနု ဒီလိုဝတ်လာတော့ ငါ့မှာ ယုံရမလို ဘာလိုလိုနဲ့"

သူ့ ဘက်လှည့် ရန်တွေ့ကြတော့ သူက ရယ်မောနေ ပါသည်။

သူ ပန်းနုရောင်နဲ့ မျက်ဝန်းချင်း ဆုံမိကြပြန်သည်။

(ခက်တယ် ပန်းကလေးရယ်၊ အမှတ်တမဲ့ အမှတ်တမဲ့ ဆိုပြီး တစ်ချက်တစ်ချက် ရင်ခုန်သွားလိုက်တာ ငါ့မှာ အလူးအလဲပဲဆိုတာ နင်သိဖို့ကောင်းတယ်)

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားကို ခြံဝင်းထဲကွေ့ဝင်လိုက်သည်။ တစ်ထပ်တိုက်ပုပုလေးက ခြံရဲ့ထောင့်မှာ။ ပြီးတော့ တစ်ဆက်တည်းတန်းလျားဆန်ဆန် အဆောက်အဦးတွေ၊ ဂိုဒေါင်လိုလိုခပ်မြင့်မြင့်အဆောက် အဦးတစ်ခု၊ အလုပ်သမား ကိုးယောက်ခန့်ရှိပုံရတယ် ထင်မိတယ်။ သူ့ကားကို လှမ်းကြည့်ပြီးအသက်လေးဆယ်ခန့် လူတစ်ဦးက သူကားရပ်ထားရာဆီဦးတည်လာတာ သူတွေ့ရသည်။ အနားရောက်တော့ထိုလူကြီးက ဖော်ရွေသော အပြုံးဖြင့် သူ့ကိုမေး၏။

“ဘာအကူအညီပေးရမလဲ မောင်ရင်”

လူကြီးရဲ့ စကားကြောင့် သူ့အတွေးတွေကို ရယ်ချင်လာမိ၏။ တွေ့လိုတွေ့ငြား ရှာကြည့်သော်လည်း ပန်းပွင့်လေးရဲ့ အရိပ်က လုံးလုံးကို ကွယ်ပျောက်နေ၏။ သူက ကားတံခါးဖွင့်ဆင်းရင်း သူ့ရှေ့ကလူကြီးကို . . .

“ကျွန်တော့်ကားကိုသန့်ရှင်းရေးလုပ်ချင်လို့ပါလေးလေး”

လူကြီးက ကားကိုကြည့်ရင်း . . .

‘အိုကေ ရတယ်မောင်ရင်၊ လာ ဟိုဘက်မှာစောင့်ရင်းကော်ဖီသောက်ပါဦး”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက ရုံးထဲက လူငယ်တစ်ဦးကို လှမ်းခေါ်သည်။ ကောင်လေးက အနီးရောက်လာတော့ သူ့ကားသော့ကို ပေးလိုက်သည်။ သူ့ကားကို ရုံထဲသို့ မောင်းယူသွားပြီး ကားရေဆေးတဲ့စင်ပေါ်တင်သည်။ သိပ်မကြာမီ စက်ပြင်ဝတ်စုံ တံဆိပ်နဲ့ နောက်ထပ်လူတစ်ယောက်က သူတို့ ထိုင်နေတဲ့ သစ်ပင်ရိပ်အောက်ကို ကော်ဖီနဲ့မုန့် လာချပေးသည်။ သူ ကော်ဖီသောက်နေရင်း လူကြီးကထသွားလိုက်၊ ပြန်လာပြီး ညွှန်ခံလိုက်နဲ့ အလုပ်ရှုပ်နေသည်။ ပြုပြင်နေတဲ့ ကားပေါင်း ၁၅ စီးခန့်ရှိသည်။ တချို့ကားတွေက သူ့လို ကားသန့်ရှင်း ရေးလာလုပ်တဲ့ ကားတွေဖြစ်၏။ သူ မျှော်လင့်မိစဉ်မှာပဲ သူ့ရဲ့ ပန်းကလေးတစ်ပွင့်ဟာ အမေရိကန် ချက်ပလက် ကားဟောင်းကြီးကို မောင်းရင်း ရောက်ရှိလာသည်။ ကား ဘောနပ်ဖုံးပေါ်က Gun N Rose တံဆိပ်အမှတ် အသား အနောက်တိုင်း လမ်းသရဲဆန်ဆန် ဒီကားပေါ်က မိန်းကလေးဟာ မျက်မှန်နက်ကလေးကို ခေါင်းပေါ်ပင့်တင်ရင်း သူ့ကားဆေးနေတဲ့ရုံဆီ သွားပါတယ်။ သူ့ကို ညွှန်ခံတဲ့ လူကြီးနဲ့ စကားပြောရင်း စင်ပေါ်မှာ ပန့်နဲ့ ရေဆေးနေတဲ့ သူ့ကားကို မှတ်မိသွားဟန်တူ၏။ လူကြီးကို တစ်စုံတစ်ခု လှမ်းပြောတော့ လူကြီးက သူ့ကိုလက်ညှိုးထိုးပြသည်။ စကိုင်းဘလူး ဂျင်းပင်အပြာကို အကျီစတစ်ဖက်ထိုးရင်း ဟန်ပါပါနဲ့ သူ့ဆီလျှောက်လာတဲ့ မိန်းကလေးကို သူ မေးထောက်ရင်း ငေးကြည့်မိသည်။

ကောင်းမလေးက သူနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ပြီး ပြုံးစစနဲ့ (သိနေတယ်ဆိုတဲ့ အဓိပ္ပါယ်)နဲ့

"သားငယ် ကားလာဆေးတာဆို"

သူက ပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ကျွန်တော့်ကားက သူ့ကို ဦးနှောက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်နေတာကို လမ်းမှာ ပြင်ဆင်ပြန်တပ်ပေးတဲ့ ပန်းကလေး ဆီသွားပြီး သူ့ကို သန့်ရှင်းရေးလုပ်ပေးပါဆိုပြီး ဂျီကျနေတယ် လေ၊ အဲဒါနဲ့ ကျွန်တော်လည်း ဒီကောင့်အလိုကျ ဒီကိုခေါ်လာ ရတာ ပန်းနု''

ကျွန်တော့်စကားကို သူမက ပါးစပ်ကို လက်ဝါးကာပြီး ခေါင်းမော့ကာ ရယ်ပါတယ်။ ကျွမ်းကျင်တဲ့ ဂစ်တာသမား တစ်ယောက်ရဲ့ ဂီတသံစဉ်တွေလို သိပ်လှစရာကောင်းတာ ကျွန်တော် သိနေခဲ့တယ်။

သိပ်ချစ်တယ် ပန်းနုရယ် . . .

ကောင်မလေးနဲ့ ကျွန်တော်ဟာ စကားတွေပြောရင်း သူ့ရဲ့ ချိုမြိန်တဲ့ စကားသံတွေအောက်မှာ ကျွန်တော့်နှလုံးသား ဟာလည်း စင်းဦးညွတ်သွားခဲ့ရတယ်။ သူမကသူတို့တိုက်လေး ဆီ သူ့ကိုခေါ်သွားပြီး သူမရဲ့ မေမေနဲ့ မိတ်ဆက်ပေးသည်။ အေးအေးချမ်းချမ်းနဲ့ သိမ်သိမ်မွေ့မွေ့နေတတ်တဲ့ သူမရဲ့မေမေ ဟာ သူမရဲ့ ပုံစံနဲ့ တကယ်တခြားစီ။ ပြီးတော့ သူ့ကိုညှော်ခံ တဲ့ လူကြီးနဲ့ မိတ်ဆက်ပေးတယ်။ သူမနဲ့အတူ ရှိနေစဉ်မှာပဲ ဟိုညီအစ်မနှစ်ဦး ရောက်လာတော့ သူ့ကို မြင်ပြီးအံ့သြသွား တယ်။ မေမိုးက သူ့အနားကပ်လာပြီး ခပ်တိုးတိုးပြောပါတယ်။

''ကိုသားရှင်ဘယ်လိုလူလဲ၊သိပ်လက်သွက်နေတယ်ပေါ့''

''မဟုတ်ပါဘူးမေမိုးရယ်၊ ကျွန်တော်တကယ်ကားလာ ဆေးတာပါ''

သူက ဟန်ဆောင်ငြင်းတော့ သူ့အကြောင်းစုံကို ဟို ကောင်တွေဆီက သိပုံရတဲ့ ဒီကောင်မလေးက

''ရတယ်လေ၊ ကျွန်မတို့ ညီအစ်မကို ရှင်ညာရင် ရှင့်ကို အကူအညီ မပေးတော့ဘူး''

''ဟာ မလုပ်ပါနဲ့ဗျာ၊ ကဲ ကဲ မနက်ဖြန် သင်တန်းမတက် ခင် ကျွန်တော် တစ်ဆိုင်ဆိုင်မှာ အားလုံးကို ကျွန်တော်ဒကာ



www.burmeseclassic.com

www.burmeseclassic.com



ခံမယ်၊ ကျေနပ်မလား"

သူ့စကားကြောင့် မေမိုးက လက်ညှိုးထောင်ရင်း 'တကယ် မနော်' လို့ မယုံသင်္ကာပြောပါတယ်။ သူ့ကို 'အဟုတ်ပါဗျာ' လို့ ကတိပေးခဲ့ရသည်။

နောက်တစ်နေ့မှာ ကျွန်တော့် ကတိအတိုင်း ကျွန်တော် သူတို့ကို ဆိုင်တစ်ဆိုင်မှာ ကျွေးမွေးရပါတယ်။ ဟို ကောင်တွေက ညီအစ်မနှစ်ဦးရဲ့ ပြောပြချက်ကိုသိ၍ ကျွန် တော့်ကို နားရင်းအုပ်သူကအုပ်နဲ့၊ လက်မောင်းကို ထိုးသူက ထိုးနဲ့ သူတို့ကို တစ်ပတ်ရိုက်ခြင်းအတွက် ကျွန်တော့်ကို ဒဏ်ခတ်၏။

အချိန်တွေကြာလာသည်နှင့်အမျှ ရင်းနှီးမှုတွေ၊ သူမရဲ့ ဟန်မဆောင်တတ်တဲ့ စရိုက်တွေကို သူသိမြင်ခဲ့ရတယ်။ သိခဲ့ရ သည်နှင့်အမျှ နေဝင်နေထွက် ကွဲပြားမှုတစ်ခုလို သူမနဲ့ဆန့်ကျင် ဘက်လမ်းကြောင်းတွေကို ရွေးချယ်တတ်တဲ့ နားလည်ရခက်တဲ့ ကောင်မလေးမှန်း သူသိခဲ့ရတယ်။

သူ့အတွက် ပုစ္ဆာသစ်တွေကို အမြဲပေးတတ်တဲ့ ဒီမိန်းက လေးကို ကမာရင်ဘတ်ထဲက ပုလဲလို တစ်နေ့တခြားပိုမြတ်နိုး မိရင်း ရင်မောဖွယ်ရာ အဖြေတစ်ခုနဲ့ပဲ အချစ်ဆိုတာကို ထင်ထင်ရှားရှား ပိုသိခွင့်ရလာတယ်။ "အချစ်" လို့ အကြမ်း ဖျင်း ခေါင်းစဉ်သတ်မှတ်ထားတဲ့အောက်မှာ သူလိုရူးသွပ်နေ သူတွေ ဘယ်လောက်များနေပြီလဲ။ ရှင်ဘုရင်တွေ၊ သူရဲ ကောင်းတွေ၊ သာမန်လူတန်းစားနဲ့ သူတောင်းစားအထိ ဒူး ထောက် အညံ့ခံလိုက်ကြရတာ ကမ္ဘာကြီးက စိတ်ညစ်ဖို့ မပျောင် ပြောနေခဲ့ပြီလို့ သူတွေးမိခဲ့တယ်။

အချစ်ဆိုတာ သိပြီးချိန်ကျရင် အားလုံးဟာနောက်ကျပြီး မှ သိခွင့်ရတယ်လို့ သူထင်ခဲ့ချင်တယ်။ သူမရဲ့အကြောင်း၊ သူမရဲ့စရိုက်၊ သူမရဲ့ဓလေ့ကို သူမနှစ်သက်ခဲ့ပါရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သူရှေ့ဆက်ချင်နေခဲ့တာ အမှားလို့ကိုယ့်ကိုယ်ကိုဝန်မခံခဲ့ဘူး။

မျက်နှာချင်းဆိုင်နေရင်းဝေးကွာသွားမယ့်အနေအထားမျိုး။

ပိုင်ဆိုင်တဲ့ ကောင်းကင်ချင်းက တစ်ခုစီ . . .

ပြုစုပျိုးထောင်ခဲ့တဲ့ကိုယ့်ဘဝရဲ့ရည်ရွယ်ချက်တကွဲတပြား။

ကဲ ကြည့်စမ်း၊ တကယ့်ကို သဲနဲ့ရေလို အတူတူ ပျော်ဝင်လို့မရတဲ့ အနေအထားများ။

မိုးဇော်က သူ့ကို "ပင်လယ်ကို အလျားလိုက်ကူးချင်တဲ့ မိုက်မဲမှု" လို့ ခေါင်းစဉ်တပ်တယ်။

မဆိုင်ပါဘူး။ အချစ်ဆိုတာ လူမျိုးမရွေး၊ ဘာသာမရွေး လက်ခံစားသုံးလို့ရတဲ့ ဟင်းလျာတစ်မျိုးပဲလေ။

ဖိုးကျော်က . . .

"ကျောက်သားပေါ် သစ်ပင်မစိုက်နဲ့"တဲ့။

သူက "အမြတ်တွေက ကျောက်ဖျားကကုပ်သပ်ပြီး ရှင်သန်နေခဲ့ပြီး"လို့ ပြောပြတယ်။

ကန့်သတ်ချက်တွေ မသိချင်ဘူး။ တားဆီးမှုတွေ မတွေ့ချင်ဘူး ပြောရင်းနဲ့ ကဗျာဆန်တဲ့ "ပန်းနုရောင်"ဆိုတဲ့ အမည်နဲ့ မိန်းကလေးရဲ့ ကဗျာမဆန်တဲ့ သူမရဲ့ပုံရိပ်ကို တွေးမိရင်း ရယ်ချင်မိသည်။

မင်းအပြုံးနဲ့ ငါကျရှုံးခဲ့ရပြီ မိန်းကလေးရယ် . . .

တကယ်တော့ ပန်းနုရောင်ဆိုတဲ့ မိန်းကလေးဟာ တ ဖြည်းဖြည်းချင်းသိလာရတဲ့ အခြေအနေတစ်ခုကို လျှို့ဝှက်စွာ ပြန်လည် သိမ်းဆည်းထားပြန်တဲ့ မိန်းကလေးတစ်ဦးမှန်း နောက်ကျမှတွေနဲ့ သူသိလာခဲ့ရပြန်တယ်။

ရန်နောင်ကို သူက ဖွင့်ပြောလိုက်တော့မယ်လို့ တိုင်ပင် တော့ သတိတစ်ခုစကားတချို့ကို ဒီကောင်က လေးလေးနက် နက် ပြောလာပါတယ်။

"မင်း ပန်းရောင်ကို ဖွင့်ပြောတော့မယ်ဆိုရင် သေသေ



www.burmeseclassic.com

www.burmeseclassic.com



ချာချာစဉ်းစားပါ။ ပြီးတော့ အခြေအနေတစ်ခုခု ဖြစ်လာခဲ့ရင်လည်း ချက်ချင်းသွေးဆူမလွယ်စေနဲ့နော်"

သူက အဲဒီစကားရဲ့ နားလည်ခြင်းကိုမတွေ့။ ရန်နောင်မှတ်ထုတ်လိုက်တဲ့ စီးကရက်မီးခိုးငွေ့ကို လက်ဖြင့်ဆော့ကစား ဖမ်းဆုပ်ရင်း . . .

"မင်း ဘာကိုပြောချင်တာလဲ ရန်နောင်"

သူ့အမေးကို ဖိုးကျော်က လက်ကာတားရင်း . . .

"လာမယ်သူငယ်ချင်း၊ သိပ်မလောနဲ့၊ ဘာဖြစ်လို့လဲဆိုရင် သူ့စိတ်နဲ့ မင်းရဲ့စိတ်က မျဉ်းနှစ်ကြောင်းလိုပဲ၊ တူသလိုလိုနဲ့သိသိသာသာ ကွဲပြားနေတယ်၊ ငါ့အမြင်အရပြောမယ်၊ မင်း စိတ်မဆိုးနဲ့"

သူက 'ပြောကွာ'လို့ ခွင့်ပေးတော့မှ . . .

"မင်းနဲ့သူက အသိုင်းအဝိုင်းချင်းမတူဘူး၊ ဘဝမှာရှင်သန် လာရပုံချင်းလည်း မတူဘူး၊ မင်း လက်ခံလား"

စီးကရက်လက်ကြားညှပ်ရင်း အဲဒီလက်နဲ့ သူ့ကို ညွှန်ပြရင်းမေးတယ်။ သူက . . .

'အင်း'လို့ ခေါင်းညိတ်တော့ . . .

"မင်းတို့ကကိုယ့်ပုံစံနဲ့ကိုယ်အသားကျနေကြတာ၊အသိုင်းအဝိုင်းမတူ၊ ပုံစံတူတဲ့ လူနှစ်ယောက်ကို တစ်ခုတည်းဖြစ်ဖို့ဆိုတာ အလျှော့ပေးတတ်ရမယ်၊ သေချာတဲ့နားလည်မှုတွေရှိရမယ်၊ အဲဒီလိုမှ မဟုတ်ဘဲ သွေးဆူလွယ်တာတွေ၊ သံသယတွေနဲ့ ရောနှောမိရင်တော့ စမ်းရေကစမ်းရေ၊ မီးတောင်ကမီးတောင် ဖြစ်လာလိမ့်မယ်၊ အဲဒီအတွက် မင်းတို့နှစ်ဦးမှာ ဖြေရှင်းနိုင်ဖို့က တစ်ခုပဲရှိဖို့လိုတယ်"

တည်ငြိမ်အေးစက်နေတဲ့ ရန်နောင့်စကားတွေကို သူအံ့ဩရင်း"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စွမ်းအားကောင်းတဲ့အချစ်"

သူ တိုးတိုးရွတ်ရင်းကိုယ့်ရင်ဘတ်ကိုပြန်စမ်းမိရလောက်အောင် သံသယဖြစ်မိတယ်။ ငါ့ရင်ထဲမှာ 'သေချာရှိရဲ့လား'လို့ ပြန်လည်မေးမိတဲ့ အမေးတွေ ခေါင်းထဲမှာ ချာချာလည်နေ၏။

သူတို့နှစ်ဦးရဲ့ အပြန်အလှန်စကားကို နားထောင်နေတဲ့ ဖိုးကျော်က . . .

"ဟုတ်တယ်၊ မင်းတို့ နှစ်ယောက်ကိုကြည့်ရင်းငယ်ငယ်က သင်ခဲ့ရဖူးတာလေးကို ပြန်သတိရမိတယ်ဟ"

'ဘာလဲ ဖိုးကျော်'လို့ ရန်နောင်က စကားစတော့ ဟိုကောင်က စီးကရက်တိုကိုလွှတ်ချ၊ ဖိနပ်ဦးနဲ့ ချေအပြီးမှာ

"ငါတို့ဆရာ အဲဒီသင်ခန်းစာမသင်ခင် အိမ်ကနေ ပုလင်းသေးသေးနဲ့ အဲဒီထဲဆီတစ်ဝက်ဖြည့်ပြီး ယူလာခိုင်းတယ်၊ အမှန်တော့ ဆီတစ်ဝက်ထည့်ထားပြီး ဟာနေတဲ့ ကျန်တစ်ဝက်ကို ရေဖြည့်ပြီး ပုလင်းလှုပ်ခိုင်းတယ်၊ အေး . . ခဏတော့ ရောတယ်လို့ ထင်ရတယ်။ ဒါပေမယ့် ရေကရေနေရာ၊ ဆီကဆီနေရာ သက်သက်စီဖြစ်သွားတာပဲ။ ဒီစကားအဓိပ္ပာယ်ကို မင်းသိပါတယ်။ ငါတို့ မင်းကို ပိတ်ပင်နေတာမဟုတ်ဘူးနော်၊ တားမြစ်နေတာလဲမဟုတ်ဘူး၊ မဖြစ်သင့်တာတွေဖြစ်လာရင် နှစ်ယောက်စလုံး ခံစားရမှာစိုးလို့ ငါတို့သတိပေးနေရတာ၊ ဟုတ်တယ် မင်းတို့အသိုင်းဝိုင်းက ဆီဆိုရင် ပန်းနုဆိုတာ ရေလိုမျိုး မြင်နေတယ်။ သူ့ရဲ့ ပွင့်လင်းမှု၊ သူ့ရဲ့ကူညီတတ်မှု၊ သူ့ရဲ့ အခြေအနေဟန်ပန်တွေက အချစ်တွေ အင်အားကောင်းနေတုန်းမို့ မင်းက အပြစ်မမြင်ပေမယ့် အဲဒီ အချစ်တွေကို သံသယဆိုတဲ့ အမှုန်အမွှားလေး၊ ဒါမှမဟုတ် အမျက်တို့ ဆူးထိသလိုထိမိရင် အဆိပ်ဖြစ်သွားနိုင်တယ်၊ အဲဒီအခါကျရင်"

"တော်ပါတော့ ဖိုးကျော်ရာ၊ ငါ သူ့ကိုချစ်တယ်၊ ငါအဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့မခံနိုင်ဘူး။

သူ့ဆံပင်တွေထဲ လက်ထိုးရင်း စိတ်ပျက်အားလျော့စွာ ပြောတော့ ရန်နောင်က သူ့ပခုံးကို ပုတ်ပြီးအားပေးသည်။

"ဒါကတော့ မင်းစိတ်နဲ့ မင်းပဲလေ၊ ဖြစ်လာနိုင်တာကို ကြိုပြောပြတာပါ၊ ဖြစ်ချင်မှလည်းဖြစ်လာမှာပါ၊ မင်းဘာသာ ဆုံးဖြတ်ပေါ့"

သူအတန်ကြာငြိမ်သက်မိတယ်၊ဦးနှောက်ထဲကဝဲလည်နေတဲ့ သူ့မပုံရိပ်ကို ဖယ်ရှားဖို့အခွင့်မသာတော့။ သူ ဆုံးဖြတ်ချက်ချလိုက်တယ်။

"ငါ သူ့ကို ဖွင့်ပြောတော့မယ်ကွာ၊ အဲဒီအတွက် အမှားဖြစ်ခဲ့ရင်လည်း အဲဒီအမှားတွေကို ငါရင်ဆိုင်ရရုံပေါ့"

သူ့ဆုံးဖြတ်ချက်ကို ထောက်ခံသူက ထောက်ခံတယ်။

ဖိုးကျော်ကတော့ နားလည်ရခက်တဲ့အပြုံးနဲ့ သူ့လက်ကို အုပ်မိုးရင်း . . .

'မင်းကံကောင်းပါစေ' လို့ ပြောတော့ သူလည်းပင့်သက်ချမိတယ်။

ရင်ဆိုင်ရရုံပေါ့ ပန်းကလေးရယ်။

ကျွန်တော်တို့ နှစ်ဦးစလုံးဟာ ရင်ထဲမှာနေသားကျနေတဲ့ သံယောဇဉ်တွေနဲ့ တစ်ဦးကိုမမြင်ရင် တစ်ဦးက မျှော်နေတတ်ကြတယ်။ မေးခွန်းတွေ များနေတယ်ထင်ရပေမယ့် တစ်ခုတည်းသော အဖြေကို သိနေရက်နဲ့ ဟန်ဆောင်နေကြတယ်။ အချစ်တွေ ပြည့်နေတဲ့ မျက်ဝန်းနဲ့ကြည့်ရင်းသူငယ်ချင်းဆိုတဲ့ အလွှာပါးပါးကို မလုံမခြုံခိုလှုံခဲ့ကြတယ်။

သူ့အမိန့်ဟာ ကျွန်တော့်စကားဖြစ်ပြီး ကျွန်တော့် တောင်းဆိုမှု ဝေဝေဝါးဝါးကို သူအမှတ်တမဲ့ ဆောင်ရွက်ပေးတယ်။ သူငယ်ချင်းတွေရဲ့ ဘယ်လိုလဲဆိုတဲ့ မေးခွန်းကို ပြန်မဖြေရှင်းဘဲ ပြုံးရုံပဲ ပြုံးနေတတ်တာ ကျွန်တော်တို့ နှစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပဲလေ။ ချစ်သူတွေလားဆိုတဲ့ အမေးတွေကို 'မာင့်အင်း'လို့ ငြင်းတတ်ပြီး သူငယ်ချင်းတွေလားဆိုပြန်တော့ 'မဟုတ်ဘူး'လို့ ငြင်းလိုက်ပါတယ်။

'စိတ်ရှုပ်တယ်ကွာ' လို့ သူတို့က ပိုင်းအော်တော့ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး လှိုက်လှိုက်လှဲလှဲ ရယ်မိကြရော။

တစ်ခုတော့ရှိတယ်။ မတူညီတဲ့ ကွဲပြားမှုတွေလေ။

ခြားနားခြင်းရဲ့ တစ်ဖက်တစ်ချက်စီမှာ ကွဲပြားမှုတွေကို ကိုင်စွဲရင်း နူးညံ့တဲ့ စီးချင်းထိုးပွဲတစ်ခုလိုပြယုဂ်တွေထင်စရာ။

ဥပမာဗျာ တစ်အုပ်စုလုံး တစ်ခုခုစားပြီဆိုပါစို့။

ကျွန်တော်က သံပရာရေ ချဉ်ချဉ်တစ်ခွက်ဆိုရင် သူမက လက်ဖက်ရည်ကျစိမ့်၊ ကျွန်တော်က နွားနို့နဲ့ ဟန်ဘာဂါဆိုရင် သူက မြန်မာမုန့်တွေဖြစ်တဲ့ အိုးလေးဘိန်းမုန့်တို့၊ မုန့်စိမ်းပေါင်းတို့ကိုစားသည်။ ပြီးတော့ ရာသီစာဖြစ်တဲ့ ပုရစ်ကြော်တို့၊ ဘာတို့ ကြိုက်ပါသေးတယ်။

တစ်ခါတုန်းကဆို သင်တန်းအောက်က ဆိုင်တစ်ဆိုင်မှာ သူမသူငယ်ချင်းတွေရယ်၊ကျွန်တော်တို့အုပ်စုရယ်ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးကြတာပေါ့။ ခေါင်းစဉ်အတည်မရှိတဲ့ စကားဝိုင်းမှာ သူနဲ့ကျွန်တော် အုပ်စုကွဲသွားတယ်။

မိုးညီအစ်မနဲ့ ကျွန်တော်က ပြင်သစ်မော်ဒယ်တွေရဲ့ အကြောင်း၊ စင်ဒီကရောဖို့ဒ်ရဲ့ဝတ်စားဆင်ယင်မှု၊နောက်ဂျိမ်းစ်ဘွန်းမင်းသားသစ်တွေအကြောင်း ပြောပြနေချိန်မှာ သူမက ကြည့် စမ်းပါဦး။ ဖိုးကျော်၊ ရန်နောင်၊ မိုးဇော်တို့နဲ့ နိုင်ငံတကာ ဘောလုံး ကစားကွက်တွေ၊ ယခုနှစ် ချန်ပီယံလိ(ဂ်)နောက်ဆုံးဗိုလ်လုပွဲရဲ့အကြောင်း ဘောလုံးသမားတို့ရဲ့ ဟန်ပန်တွေနဲ့နဲ့ စပ်စပ် ဆွေးနွေးနေပါသည်။

ဟိုကောင်တွေကလည်း ဘောလုံးရူး။ သူမကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ရေးဆရာ တစ်ယောက်လို ဆွေးနွေးနိုင်တာကိုး။ အမှန်တော့ သူတောင်အံ့သြမိပါသည်။ ဖိုးကျော်က သူမပြောတဲ့ ဘောလုံး ကစားကွက်တွေ ဆွေးနွေးအပြီးမှာ

"နင်အကြိုက်ဆုံး ကစားကွက်က"

သူမက ရေနွေးပူပူကို မှုတ်သောက်ရင်း . . .

"ခေတ်အဆက်ဆက်ကသုံးလာတဲ့ 4.4.2"

"ဟင် နင်ကလည်း ရိုးလိုက်တာ"

သူမက ဒီတစ်ခါတော့ မိန်းမဆန်ဆန် ရန်တွေ့သလို"

"ရိုးစင်းမှုဟာ ဆန်းပြားတဲ့အရည်အသွေးတွေရှိတယ်ဟဲ့၊ နင် အဲဒါကိုယုံလား"

'ထားပါတော့ ထားပါတော့လို့ ဟိုကောင်တွေက ညီညီ - ညာညာ ဝိုင်းအော်ကြတယ်။

သူ့အာရုံဟာ မိုးတို့ ညီအစ်မနဲ့ စကားဆွေးနွေးခန်းမှာရှိတော့။ ဒါကိုသိတဲ့ မိုးညီအစ်မနှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မျက်စပစ်ရင်း ကျိတ်ရယ်တယ်ဘောချင်းကပ်စားပွဲနှစ်ခုမှာ ကျွန်တော်က သူ့ကိုကျောပေးထားရတဲ့ အနေအထား။ မိန်းမတစ်ယောက်ဖြစ်ပြီး ဘာလို့ဒါတွေ စိတ်ဝင်စားရသလဲဆိုတာ ကျွန်တော် ဒီကောင်မလေးကို နားရွက်ဆွဲပြီး မေးလိုက်ချင်ပါသည်။ ကြည့်စမ်း တကယ်ထောင့်မကျိုးတဲ့ ကောင်မလေးတစ်ယောက်ပဲလေ။

"ဘောလုံးသမားထဲကရော"

ရန်နိုင်ရဲ့အမေးစကား သူမရဲ့အဖြေက . . .

"န(စ်) စတာ၊ ဒယ်ဆေးလီ၊ မာဒီနီ"

"ဟင် နောက်တန်းသမားတွေချည်းပဲ၊ နင်ကလဲ"

"ဟုတ်တယ်ဟ၊ န(စ်)စတာတို့၊ ဖာဒီနန်တို့၊ တစ်ဖက် တိုက်စစ်မှူးကို ထိမ်းကစားတာ မပင်ပန်းဘူး၊ လိုပ်ကြည့်လှ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သူတို့ဟာ ဂိုးသမားရှေ့ကအောင်ပွဲရဲ့သူရဲကောင်းပဲလေ”

ဖိုးကျော်က သူမရဲ့စကားကို ခေါင်းညိတ်ထောက်ခံရင်း

“ဘဝဆိုတာ ဘောလုံးပွဲတစ်ခုလို အင်အားမမျှတာတွေ ရယ်၊ အနိုင်အရှုံးရယ် လောကမှာ ရောထွေးနေ တတ်တယ် လေ၊ တစ်မိနစ် တစ်စက္ကန့်ဖြစ်ဖြစ် အရာအားလုံးဟာ ပြောင်း လဲနိုင်တာပဲ မဟုတ်လား”

အတွေးအခေါ်လိုလို၊ ဒဿနလိုလို ကြီးကြီးကျယ်ကျယ် ပြောတတ်တဲ့ သူတို့ဝိုင်းက စကားတွေကို အချဉ်ပေါက်ချင် စိတ်နဲ့ နားကလာဟန်ပြုသည်။ ဒါကို သူမကမြင်ပြီး မသိဟန် ပြုခဲ့တာ သူမြင်လိုက်ပါတယ်။ ပြီးတော့ သူမက သူ့ကို ဂရုမစိုက်သလိုနေပြီး မိုးဇော်ကို ဦးတည်ကာ . . .

“ဘရာဇီးတွေကစကားခဲ့ဖူးတဲ့ 4.2.4 ကစားကွက်ကို နင် ဘယ်လိုမြင်လဲ”

သူက ကြားဖြတ်၍ နွေမိုးကိုကြည့်ကာ အသံခပ် ကျယ် ကျယ်နဲ့

“ 4.2.4 လား၊ နိုင်းတူးနိုင်းလောက် စီးလို့မကောင်းဘူး။ သရီးတူးသရီးဆိုရင်တော့ ကီလိုအရှိန်သုံးလေးဆယ်ဆို ခပ်မှန် မှန်နဲ့ ငြိမ့်ငြိမ့်လေးစီးလို့ရတယ်၊ ကောင်းပါတယ် ကောင်းပါ တယ်”

သူ့ရဲ့ ခပ်တည်တည်စကားကို မိုးညီအစ်မက သူ့နောက်ကို ကျော်ကြည့်ပြီး ပါးစပ်အုပ်ရယ်တယ်။ ဟိုကောင်တွေဆီက ကျိတ်ရယ်သံလား သူကြားပါတယ်။ သူမဆီက ထပ်ကြားရ ပြန်တယ်။

“မိုးဇော် တော်တီနဲ့ အိုဝင်ကို တစ်သင်းတည်းအတူ ကစားရင် သိပ်ကောင်းမှာပဲနော်”

“ဂေါ်ဖီနဲ့ချိုချဉ်ဟုတ်လားမေမိုး၊ တွဲမစားပါနဲ့၊ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး''

ဖော်မိုးတို့ဆီက ရယ်သံနှင့်အတူသူရရှိလိုက်တာကခပ်ပူပူ ရေနွေးတစ်ခွက်ပင်။ ကျောပြင်တစ်ခုလုံး ပူလောင်သွားအောင် ကျိန်းစပ်သွားရင်း သူ သူမကို လှည့်ကြည့်တော့ ထူးထူးခြားခြား စိတ်ကောက်သံနှင့် 'ပြန်တော့မယ်'လို့ ပြောပြီး ဆိုင်အပြင်ကို ထွက်သွားတာကို တွေ့လိုက်သည်။ ဖိုးကျော်က 'ကောင်းတယ်၊ စချင်ဦး'လို့ ထောပနာပြုသံကို သူက 'မိုင်နာပါကွာ'လို့ မျက်စပစ်ပြောရင်း ရယ်တော့ နွေမိုးညီအစ်မက

''ကိုသား လိုက်သွားလေ၊ မိုင်နာလုပ်မနေနဲ့၊ ပန်းရောင်က စိတ်ဆိုးခဲ့သလို ချော့ရခက်တယ်နော်''

သူက ရယ်နေတော့ 'ဩော် လိုက်သွားလေ' ဆိုပြီး အတင်းတွန်းလွှတ်တယ်။ သူက ဆိုင်အပြင်ကို ပြေးထွက်ရင်း 'ငါတို့ကို စောင့်မနေနဲ့တော့'လို့ လှမ်းအော်ပြောကာ သူမ ထွက်သွားရာဘက်ကို ထွက်ခဲ့သည်။ ကားလမ်းမရောက်တော့ တစ် ဖက်ကားလမ်းကို ရောက်နေသော သူမကို လူအုပ်ကြား ထဲကမြင်လိုက်သည်။ သူမက ခြေလှမ်းမြန်မြန်နဲ့လျှောက် တော့ သူမနည်းမီအောင် လျှောက်ရသည်။ ကျောပိုးအိတ်ကို ပခုံး နှစ်ဖက်မှာချိတ်ရင်း နဖူးပေါ်မှာ မျက်မှန်နက်ကလေးကို တင်ထားသော ကောင်မလေးသည် ဘားလမ်းကို ဖြတ်ကူးဖို့ လူကူးမျဉ်းကြားအစပ်မှာ သူမီခဲ့သည်။

တစ်ဖက်ကားလာရာကို ကြည့်နေသော သူမကို သူက ဘေးချင်းယှဉ်ရပ်ရင်း . . .

''ဘယ်သွားမလို့လဲ ပန်းရောင်၊ စိတ်မစိုးပါနဲ့ကွာ''

သူ့ကို သူမက တစ်လုံးတစ်ပါဒမှ မပြောဘဲ မျဉ်းကြားကို ကူးတော့ သူပါလိုက်ကူးရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကမန်းကတန်း ကိုးရိုးကားရားကူးတော့ကားတိုက် မလိုဖြစ်ကာ ကားသမားတွေရဲ့ မေတ္တာပို့သံဟာ ဆူညံသွား တယ်။ သူမက သူ့အဖြစ်ကို လှည့်တောင်မကြည့်

စတိုးဆိုင်တွေဘက်ကနေ ရုပ်ရှင်ရုံဘက်ကွေ့တော့

"ဘယ်သွားမလို့လဲ ပန်းရောင်ရယ်၊ စိတ်ဆိုးပြေတော့ ကွာ၊ နင် စိတ်ဆိုးတာ မမြင်ဘူးလို့ ငါ စမိတာပါဟာ"

သူရဲ့ စကားကြောင့် သူမက လမ်းလယ်မှာ ရပ်ရင်း သူ့ကို မော့ကြည့်တယ်။ လမ်းလယ်ခေါင်မှာသူနဲ့သူမရဲ့မျက် ဝန်းချင်းဆုံတွေ့မှုဟာ ပတ်ဝန်းကျင်ကို မမြင်ရတဲ့လေဟာနယ် မှဲ့နေတဲ့ ကမ္ဘာတစ်ခုလိုပဲ။

ဖြတ်သွားဖြတ်လာ ကောင်မလေးတွေက ကိုရိုးယားကား ရိုက်နေတာလား မသိဘူးတဲ့။ ဒီကြားထဲ နယ်ကလာ ဟန်တ သောအဖိုးကြီးတစ်ယောက်က"လူလေးမီးတစ်တို့လောက်"တဲ့။

သူက အောင့်အီးအောင့်သက် မီးခြစ်ထုတ်ပေးတော သူမက ခစ်ခနဲရယ်ပါတယ်။

ဒီအသံလေးကြောင့် သူမစိတ်ဆိုးပြေစပြုပြီလို့ သူယ ကြည်လိုက်တယ်။

သူမက သူ့ကိုထားကာ ရှေ့က လျှောက်သွားတော့ မီးခြစ်ကို ပြောင်းပြန်လှန်ပြီး ခလုတ်ရှာနေသော အဖိုးကြီးကို ခေါင်းကုတ်ရင်း မီးခြစ်ကို တည့်ပေးလိုက်ရသေးသည်။

ကိစ္စပြီးတော့မှ သူ မနည်းပြေးလိုက်ရပါတယ်။

နေပြည်တော်နဲ့ ရှေ့ကဆောင်ရုံနှစ်ခုကြား ပလက်ဖောင်း ပေါ်မှာရပ်ရင်း သူမက သူ့ကို ဆောင့်ဆောင့်အောင့်အောင့် လေးသံနဲ့

'ငါ ရုပ်ရှင်ကြည့်မလို့' လို့ပြောသည်။

သူကလည်း . . .



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်ပေါ့ ငါလည်းကြည့်မှာပဲ'လို့ သူမျက်နှာကို ပြုံးစေ့စေ့ကြည့်ရင်း ပြောလိုက်တယ်။

သူမက နှုတ်ခမ်းတွန့်ယောင်ပြုရင်းနေပြည်တော်ရုပ်ရှင်ရုံဘက်ကိုမေးငေါ့ကာ

"ငါ Enemy at the gate ကြည့်မှာ"

သူမစကားကြောင့် သူ အတော်စိတ်ညစ်သွားတယ်။

"ဟာ မကြည့်ပါနဲ့ စစ်ကားကြီး ရွှေဆောင်က မြန်မာကားကြည့်မယ်ဟာနော်"

"မရဘူးဟာ၊ ငါစစ်ကားပဲကြည့်ချင်တယ်"

"နင် သိပ်ဂျစ်မကျနဲ့ဟာ၊ ငါစစ်ကားမှ မကြည့်တတ်တာ"

ဒီကားကြည့်မယ်၊ ဟိုကားကြည့်မယ် ငြင်းခုံရင်း သူမနဲ့ ကျွန်တော် ကိုယ်ကြည့်ချင်တဲ့ကားကိုကြည့်ရန် ဖွတ်တရွတ်ဆုံးဖြတ်ကြ၏။ ကျွန်တော့်စိတ်ကလည်း ကျွန်တော်ဒီကားကြိုက်မှန်းသိသဖြင့် သက်သက်ညစ်တာလို့ ပြောတော့ 'ဟ ငါဒီလိုဇာတ်လမ်းမျိုးကြိုက်တာ နင်လည်းသိရဲ့သားနဲ့' လို့ နှုတ်ခမ်းနီဆိုးလေ့မရှိတဲ့ ဖောင်မလေးက တင်းမာဟန်နဲ့ ပြောသည်။

သူမက သူ့ကိုမခေါ်ဘဲ နေပြည်တော်ရုံရဲ့လက်မှတ်ရောင်းတဲ့ အပေါက်ဝကို ထွက်သွားသည်။ သူ ရုပ်ကျန်ရင်း ဘာလုပ်ရမှန်း မသိခဲ့။ ရွှေဆောင်ရုံဘက်ကို သွားရမလို၊ ဒီနေရာမှာ ရပ်နေရမလိုဖြစ်ရင်း မထူးပါဘူးဟုဆိုကာ သူမနောက်သို့ အပြေးလိုက်ရသည်။

အလျှော့ပေးရန် တစ်ဖက်လူ၏ ခံစားချက်ကို လျစ်လျူရှုတတ်သော ထိုမိန်းကလေးကို 'နေနှင့်ဦးပေါ့' လို့ စိတ်ထဲက တေးထား၏။

ကျွန်တော် လက်မှတ်တစ်စောင်ကို အမြန်ဝယ်ရင်းအပေါ်



www.burmeseclassic.com

www.burmeseclassic.com



လေ့ကားသို့ တတ်နေပြီဖြစ်သော သူမနောက်က ကပ်လိုက်ခဲ့သည်။ ရုံပေါက်ဝမှ လက်မှတ်ဖြတ်ပြီး စမ်းတဝါးဝါးဝင်တော့ ဘယ်လိုကနေ ဘယ်လိုဖြစ်သည်မသိ။ သူနဲ့ သူမရဲ့အလယ်မှာ လူဝကြီးတစ်ယောက် ခြားသွားရသည်။ လူဝကြီးကတော့ အိုင်စတိုင်းရဲ့ ရီလေဗစ်တစ် သီအိုရီအရတော့ အခုလက်ရှိ ကာလကို အချိန်ကုန်မြန်တယ် ထင်နေမှာ ကျိန်းသေ၏။ သူ့ဆီက တောက်ခေါက်သံ။ ပန်းရောင်ဆီက ခစ်ခနဲ ရယ်သံဟာ တစ်ပြိုင်နက်တည်း ထွက်လာတော့ လူဝကြီး တစ်ဖက် တစ်ချက်စီ လှည့်ကြည့်၏။ သူလည်း လက်ရှိအချိန်တွေကို သည်းမခံနိုင်တဲ့အဆုံး။

ဘေးကလူဝကြီးကို

"အစ်ကိုကြီး"

လူဝကြီးက သူ့ကို 'ဘာလဲ'ဆိုတဲ့သဘောနဲ့ကြည့်တော့။

"ဟို ဟိုလေ နေရာချင်းလဲပေးပါလား"

လူဝကြီးက မျက်မှောင်တွန့်ရင်း . . .

သူ့ဘဝကြီးတစ်ခုလုံး ရန်သူ့လက်ထဲကိုထိုးထည့်ခံလိုက်ရသလို မျက်နှာတွန့်သွားပါတယ်။ ပြီးတော့ နှုတ်က ထွက်လာတဲ့ စကားကို ကြည့်ပါဦး။ 'ဟာကွာတဲ့။ ပြီးတော့ ပန်းရောင်ကို တစ်ချက်ကြည့်ပြီး နေရာလဲပေးလိုက်ရင် နှမြောစရာကောင်းတဲ့ ပစ္စည်းတစ်ခု ဆုံးရှုံးလိုက်ရမှာလို မျက်နှာပေါ်မှာ တပ်ဆင်ထားတဲ့ အမူအရာတွေနဲ့။

ပြီးတော့ သူ့ကိုပြောပါတယ်။

"ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်နဲ့"တဲ့လေ။

သူ နောက်မှီကို ပက်လက်လှန်ချရင်း သက်ပြင်းမှုတ် ထုတ်တော့ သူ့ဘေးက အမျိုးသမီးနှစ်ယောက်က သူ့အမူအရာကို ကြည့်ရင်း စာနာနားလည်သလို ဖြစ်မိပုံရတယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးခဲ့ပါတယ်။

"အစ်ကိုကြီးက ဒီဘက်ကိုပြောင်းထိုင်လိုက်ပါလား"

သူ့ဘေးက ခပ်ချောချော အစ်မကြီးတစ်ယောက်ရဲ့ ထိုစကားဟာ လူဝကြီးရဲ့ ရင်ဝကို ငါးတစ်ကောင်ကို မှိန်းနဲ့ အထိုးခံလိုက်ရသလို ဖြစ်သွားပုံရတယ်။ လူကြီးဆီက တဟဲဟဲ သဘောကျသံနဲ့၊ 'လာလေ ညီလေး''တဲ့။ အပြောင်းအလဲသိပ်မြန်ဆန်လွန်းတဲ့ယောကျ်ားကြီးတစ်ယောက်ရဲ့ စိတ်ကို ဖမ်းစားထိန်းသိမ်းနိုင်တဲ့ သူ့ဘေးက အစ်မနှစ်ယောက်ကို သူက "ကျေးဇူးပဲ" ပြောတော့ သူတို့က 'ကိစ္စမရှိပါဘူး'လို့ ပြန်ပြောပါတယ်။

ကျွန်တော် သူမဘေးမှာ ဝင်ထိုင်လိုက်တဲ့အခါ သူမက နေကြာစေ့ကို တစ်ဖောက်ဖောက် စားနေ၏။ သူမရဲ့ လက်ဖဝါးကို ကျွန်တော် အချိန်ယူထားခဲ့သည်။ နမူနာကား တွေပြီးတဲ့နောက်မှာ သူမက စားလက်စကိုအဆုံးသတ်သည်။

နီးနီးကပ်ကပ် ရှိနေချိန်ဖြစ်ပေမယ့် သူမလက်ကို ထိတွေ့ဖို့ရန်ကြိုးစားမှုက မိုင်းတစ်လုံးကို တူးဖော်ဖို့ကြိုးစားနေတဲ့စစ်သားတစ်ဦးလိုပင် သူ့လက်တွေ ချွေးစေးပြန်နေသည်။ တရွေ့ရွေ့ တိုးကပ်ရင်း သူမလက်သန်းကို သူ့လက်သန်းနဲ့ ကပ်ချိတ်တော့ အတင်းရုန်းသည်။ သူကတော့ ဖယ်ခွာခွင့်ကိုမပေး။ သူမရဲ့ လက်ဖဝါးနဲ့ သူ့လက်ဖဝါးကြားမှာ ချွေးတွေရွှဲနစ်နေ၏။

ပြီးတော့ သူမက အသံတုန်တုန်ယင်ယင်နှင့် . . .

"လွှတ်ဟာ"

သူက"မလွှတ်ဘူး"လို့ ဂျစ်တစ်တစ် ပြန်ပြောမိသည်။ သူမကရုန်းသည်။ ကျွန်တော်က လက်ကိုမလွှတ်။ သူမခပ်ကျိတ်ကျိတ် စုတ်သပ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ ဘာဆိုင်လို့ ငါ့လက်ကို ကိုင်ရတာလဲ"

ကျွန်တော်က ပိတ်ကားပေါ်က အလင်းရဲ့ရွှေ့လျားမှုနဲ့ သူမမျက်နှာမှုန်ဝါးဝါးလေးကို တစ်ရှိက်မက်မက်ကြည့်ပြီး

"နင်က ငါ့ရည်းစားလေ၊ အဲဒါမို့ လက်ကိုင်တာပေါ့"

သူမက မျက်မှောက်ကြုတ်ကြည့်ပြီး စဉ်းစားနေပုံရတယ်။ ပြီးတော့လည်း . . .

"ဟင် ဘယ်တုန်းက ရည်းစားဖြစ်သွားရတာလဲ"

သူမရဲ့ အံ့ဩတဲ့အမေးကို သူကညစ်ကျယ်ကျယ်နဲ့

"အခုလေ"

"ဘာဖြစ်လို့"

သူက သူမရဲ့လက်ကို ရင်ထဲကို ဆွဲသိမ်းလိုက်တော့ သူမက ဘာမှမရုန်းဖယ်တော့ပါ။

"ဟုတ်တယ်လေ၊ ခုနင်စိတ်ကောက်တယ်မဟုတ်လား"

"အေးလေ အဲဒါဘာဖြစ်လဲ"

သူက သူမနှာခေါင်း ချွန်ချွန်လေးကို ဆွဲညစ်တော့ သူမက 'နာတယ်ဟ' လို့ ပြောပါတယ်။ ဒီဂျစ်ကန်ကန် ကောင်မလေးကို သူကပွေ့ဖက်နမ်းချင်လာတယ်။ သိပ်ချစ်စရာ ကောင်းတဲ့ မိန်းကလေးပဲလေ။ သူမဟာ ညာလို့ညာမှန်း မသိအောင် ထုံပေပေနိုင်ခဲ့တဲ့ ကောင်မလေးပဲ။

"စိတ်ကောက်တာတို့ ပြန်ချော့တာတို့ဆိုတာ ရည်းစားတွေ လုပ်လေ့ရှိတဲ့ အလေ့အထကလေးမရဲ့"

သူမ အတန်ကြာအောင် စဉ်းစားရင်း

"နင် သိပ်လူလည်ကျတာပဲ သားငယ်"

နှုတ်ခမ်းထော်ထော်ကို စူတူတူလုပ်ရင်း သူမက ပြောတော့ သူ့ရယ်သံ ခပ်ကျယ်ကျယ် ထွက်သွားတယ်။ ဘေးက လူကြီးက သူ့ကိုတစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ရှင်ဟာ ပိတ်ကားထက်မှာပဲ ရှိတယ်။ သူ့မျက်ဝန်းထဲမှာ ကျွန်တော့်ပုံရိပ်ကိုတွေ့ရသည်။ နီးနီးကပ်ကပ် ပျံ့သန်းနေတဲ့ လိပ်ပြာတစ်ကောင် ဝတ်ရည်ချိုချိုကို အသာထိနမ်းခိုလှုံခဲ့တယ်။ သူတို့ဟာ ချစ်သူတွေဖြစ်သွားခဲ့ကြတယ်။ ဒါတောင် ကျွန်တော်က

"ငါနဲ့အိုဝင် နင် ဘယ်သူ့ကို ပိုချစ်သလဲ ပန်းနု"

သူမက နှာခေါင်းတစ်ချက်ရှုံ့ရင်း ညစ်ကျယ်ကျယ်ဖြင့် "အိုဝင်" လို့ပြောပါသေးတယ်။

ကဲ ဘယ်လောက် အမြင်ကပ်ဖို့ကောင်းတဲ့ ကောင်မလေးလဲ။

♥♥♥♥♥



www.burmeseclassic.com

www.burmeseclassic.com





ကိုင်ထားတော့လည်း ကြေသွားမလား

စိုးရိမ်ရတယ်

သိမ်းထားတော့လည်း ပောင်းသွားမလား

စိုးရိမ်ပူပန်မှုတွေနဲ့

"အချစ်" ဆိုတာ

သူ့အခု အဲဒီလိုမျိုး ဖြစ်သလိုပေါ့ . .





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ချစ်ခဲ့ကြတော့ သူမနဲ့ ကျွန်တော်က အတူရှိနေစဥ် မျက်စိအောက်ကအပျောက်မခံနိုင်အောင်သည်းကြဝလွန်းတော့လည်း ဟိုစုံတွဲတွေကတောင် မျက်စိနောက်ကြသည်တဲ့။

တချို့ကပြောကြတယ်။

"အဲဒီလောက်မချစ်နဲ့ အန္တရာယ်ရှိတယ်တဲ့"

ကျွန်တော်ကတော့ မယုံပါဘူး။

အချစ်ဆိုတာ နွေးထွေးမှုနဲ့ပဲ ဆိုင်တယ်လေ။ ကျွန်တော့် ယုံကြည်ချက်ကို သူတို့က လက်မခံကြဘူး။ ထားပါတော့။ ရင်ထဲမှာ စွဲကိုင်ထားတဲ့ ခံယူချက်ဟာလွတ်လပ်စွာကွဲလွဲခွင့်ရှိတယ်ဆိုတာ ကျွန်တော်နားလည်ပေးလိုက်တယ်။

✳ မြတ်နီးခြင်းဆိုတဲ့ မျိုးစေ့ကို တယုတယစိုက်ပျိုးရင်း ဖူးပွင့်ဝေဆာလာတဲ့ သစ်သီးဟာ သံယောဇဥ်တွေနဲ့ မွေးပျံ့လာခဲ့တယ်။

တစ်ခုတော့ရှိတယ်။

မုန့်သည်ဟုထင်လျှင် ခေါင်းမာတက်တဲ့အမျိုးအစားထဲမှာ ပါတဲ့ ကောင်းမလေးတွေထဲမှာ သူမဟာပထမတန်းစားအဆင့် ပါဝင်ထားတော့ သေချာပါတယ်။

အရိုးစွဲနေတဲ့ ခံယူချက်အတွက် သူနဲ့ကျွန်တော် ငြင်းခုံခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ များလှပြီ။ စိတ်ဆိုးလိုက် စိတ်ပြေလိုက်၊ ချော့လိုက် စိတ်ကောက်လိုက်နဲ့ မရိုးမအီ ချစ်သူတို့ရဲ့ ကျင့်ဝတ်မှာ သူနဲ့ကျွန်တော် သင်ကြားတက်မြောက်ခဲ့ပါတယ်။

သဘောထားကွဲလွဲချက်တွေ သိပ်များလာတယ်။ ခံပြင်းမှုတွေ တဖြည်းဖြည်း သွေးတိုးစမ်းလာကြတယ်။ မေ့ပျောက်အောင်လည်း သူမကျွမ်းကျင်ခဲ့တာ ဝန်ခံရမှာပေါ့လေ။ ပန်းပန် ခြင်းနှင့် နှုတ်ခမ်းနီကို ရောဂါတစ်ခုလို ရှုံ့ရှာတတ်သောသူမကို သူစမ်းသပ်ခဲ့ဖူးသည်။

သူမရဲ့မွေးနေ့မှာပေါ့။

ဇူလိုင်မိုးရေစက်တွေမှာ မွေးဖွားခဲ့သူ။

ကိုယ်ဝန်ရှိစဉ်မှာ ပန်းနုရောင် နှင်းဆီပွင့်တွေနဲ့ မိန်းကလေးတစ်ယောက်ကို ခဏခဏ အိပ်မက်မက်တတ်တဲ့ အစွဲကြောင့် 'ပန်းနုရောင်'လို့ သူ့မေမေက မှည့်ခဲ့သည်။

'ဘုရားအတူသွားမယ်' လို့ သူမက ချိန်းလိုက်တော့ သူ လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်စောင့်ရင်း နာရီကို ကြည့်မိ သည်။ မိုးက တစ်ဖွဲနှစ်ဖွဲရွာလို့ပေါ့။ မြန်မာဆန်ဆန် ဝတ်စုံ လေးနဲ့၊ ပန်းနုရောင် နှုတ်ခမ်းဆိုးဆေး၊ ဥရောပနံ့ သာခဲကို လိမ်းခြယ်ထားပြီး ပန်းနုရောင်ဆိုတာ ကဗျာဆန် ဆန် လှပနေမှာပေါ့။

တကယ်တော့ သူမရောက်လာချိန်မှာ သူထင်မြင်တွေးမိတာဟာ မမြင်ရတဲ့ ချောက်ကမ်းပါးထဲ သူ့စိတ်ဓာတ်တွေ ထိုးကျသွားလိုက်သလိုပဲ။

ကြည့်စမ်းပါဦး။ ဆိုင်ရှေ့ထိုးရပ်လိုက်တဲ့ ကားကအမိုးပြတ် ဂျစ်ကား။ ဂျစ်ကားပေါ်မှာ ဒူးခေါင်းလောက် အထိရှည်သော မိုးကာကို ခေါင်းအထိခြုံထားပြီး မျက်မှန်အနက်ကလေးနဲ့မိန်းကလေး။ သူမ မွေးနေ့ကို ဘုရားသွားဖို့ လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ မိန်းကလေးရဲ့ အပြင်အဆင်။ ကဲ ဘယ်လောက်အထိ စိတ်ပျက်စရာကောင်းလိုက်လဲဗျာ။

သူမက ကားစက်သတ်ရပ်ရင်း ကားသော့ကို လှည့်ကာ လေလေးတစ်ချွန်ချွန်နဲ့ ဝင်လာသည်။ မျက်နှာပေါ်က မိုးရေစက် တချို့ကို လက်ကိုင်ပဝါလေးနဲ့ သုတ်ရင်း . . .

"ထွန်းထွန်းရေ အစ်မကို လက်ဖက်ရည်ကျဆိမ့် တစ်ခွက်လောက်"

သူ့အစီအစဉ်တွေ ပြီးဆုံးတော့ သူ့ရဲ့ စိတ်ပျက်လက်ပျက် အမူအရာကိုကြည့်ပြီး . . .

"နင်က ဘယ်လိုဖြစ်နေတာလဲဟယ်"

သူ ကျွတ်ခနဲ စုတ်သပ်တော့ သူမက မျက်မှောက် တွန့်တယ်။

"နင့်ပုံစံကို နင်ပြန်ကြည့်ပါဦး။ ဘုရားသွားဖို့ဆိုတာ"

သူမက သူမကိုယ်သူမ ပြန်ငုံ့ကြည့်ရင်း သူ့ကိုပြန်ကြည့် တယ်။ အဲဒီမျက်လုံးတွေထဲမှာ စိတ်ပျက်ခြင်း၊ရွှတ်ချခြင်းတွေ ရောပြွန်းနေတယ်။

"ဘာဖြစ်လို့လဲ၊ ဘုရားသွားတာ မိုးကာမဝတ်ရဘူး ဘယ်သူ ပြောလဲ၊ ငါ ဘောင်းဘီဝတ်မထား၊ စကတ်အကွဲတွေ ဝတ်မလာဘူး။ ငါဘုရားကို ကြည်ညိုစိတ်တစ်ခုတည်းနဲ့သွား တာ သားငယ်၊ အဝတ်အစားသွားပြတာ မဟုတ်ဘူး။ဒါတောင် နင်ကသွားပါမယ်ဆိုလို့ မွေးနေ့ပွဲကို တကူးတကလုပ်ဖြစ်တာ၊ ငါဆိုရင် နှစ်တိုင်းဘုန်းကြီးကျောင်းကို ဆွမ်းအုပ်သွားပို့တယ်၊ အိမ်က ဘုရားကိုပဲ ပူဇော်တယ်။ ပြီးရင် မိုးညီအစ်မကို လက်ဖက်ရည်ဆိုင် တစ်ခုခုမှာ လိုက်ကျွေးလိုက်တယ်၊ ဒါပဲ"

"မဟုတ်သေးဘူး ပန်းရောင်၊ နင်က ကတ်သီးကတ်သပ် ပြောမနေနဲ့၊ လူထဲကလူတွေပဲ၊ ပတ်ဝန်းကျင် အလိုက်တော့ နေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဒါတွေလုပ်လို့ ဘာထူးခြားသွားလဲ၊ ငါ့စိတ်ရဲ့ မွေးနေ့ရက်မှ မဟုတ်ပါဘူး၊ အမြဲတမ်း ဘယ်နေ သန့်သန့် စင်စင်ထားတယ်။လူတစ်ဖက်သားကိုအခွင့်ဖြ ရှိနေရင် အချိန်မရွေးကူညီနိုင်တဲ့ စိတ်ထားထားတယ်၊ ကတော့ မဟုတ်ပါဘူး။ ကောင်းမှုကုသိုလ်ဆိုတာမွေးနေ့ သတိရကြတာ"

"ပန်းနုရောင်"

သူ့ရဲ့ ခပ်ဆတ်ဆတ်လေသံကြောင့် သူ့ကိုစိုက်ကြည့်ကာ သက်ပြင်းချရင်း အလျှော့ပေးဟန်ပြုပါတယ်။ ပြီးတော့ လေသံတိုးတိုးနဲ့ . . .

"ငါက ငါ့စိတ်ထဲရှိတာ ပြောမိတာပါဟာ၊ စိတ်မဆိုးပါနဲ့ နော်၊ ဟယ်... ကောင်လေးကစိတ်ကောက်တတ်တယ်ဟယ်"

သူ့မျက်နှာကိုကြည့်ပြီး မပြုံးပြုံးလာအောင် သူမကစ,ပါ တော့တယ်။ သူလည်း မထိန်းနိုင်တော့ဘဲရယ်ချလိုက်မိတယ်။ တတ်လည်းတတ်နိုင်တဲ့ တကယ့်ကလေးမပဲ။

"ကဲ လာသွားကြမယ်"

သူ့ရဲ့ ဆွဲခေါ်ရာကို သူမက . . .

"ဟင် ဘယ်ကိုလဲ"

သူက စိုက်ကြည့်တော့မှ . . .

"ဩော် ဘုရားသွားဖို့လား၊ နင် စိတ်မဆိုးနဲ့ဦးနော် ရွှေတိဂုံ မတက်တော့ဘူးဟာ၊ နီးနီးနားနား ရွှေဘုန်းပွင့်ပဲသွား တော့မယ်၊ ငါအလုပ်တွေကျန်သေးတယ်၊ ဒါတောင်ကားစက် စမ်းရင်းလာရတာ"

သူ မသက်မသာ ခေါင်းကို ခါယမ်းမိတော့တယ်။ဘယ် တတ်နိုင်ပါ့မလဲလေ။ သူ ချစ်ခဲ့မိတာကိုး။ ရွှေဘုန်းပွင့် ဘုရားရောက်တော့ ဘုရားရှိခိုးပြီး ဘုရားရင်ပြင် တစ်ပတ် ပတ်ကာ လှူစရာရှိတာ လှူသည်။ ပြီးတော့ ကားထဲကနေ



www.burmeseclassic.com

www.burmeseclassic.com



-:ပါက်ထုပ်တွေ သွားဆွဲလာပြီး ပိုက်ဆံတောင်းနေသူတွေ စိတ် ချကျွေးသည်။ ပြီးတော့ ခွေးလေခွေးလွင့်များကို ဒသည်။ သူက သူမကို လက်ပိုက်ကာ ကြည့်ရင်း လေ ည်နိုင်ခြင်းနဲ့သာ အချိန်ကုန်ခဲ့တယ်။

မိုးရေ ဒီလောက် အားမရသေးဘူး။ အသက်ခြောက်ဆယ်ကျော် ရှိ ဘုရားဖူးလာဟန်ရှိသော လင်မယားနှစ်ယောက်က အထုပ်တွေဆွဲရင်း . . .

"သမီးလေး ဒီကနေ ဟသ်ာတသွားတဲ့ သင်္ဘောဆိပ်ကို ဘာကားစီးရလဲ"

သူမက ထိုအသက်ကြီးကြီး၊ ထိုဝန်စည်စလယ်တွေနဲ့ လင် မယားနှစ်ယောက်ကို စူးစမ်းသည်။ သူကတော့ သူမ ဘာလုပ် မလဲ ဆိုတာစိတ်ကသိနေသလို။

"အဘတို့က ဘယ်ကိုပြန်မှာလဲ"

ယောကျာ်းဖြစ်သူက ခေါင်းမှာပေါင်းထားတဲ့ တဘက်ကို ချွတ်၍ မျက်နှာနှင့် လည်ပင်းကို သုတ်ရင်း

"အဘတို့က ဟသ်ာတနားက ရွာလေးတစ်ရွာကပါ၊ ရန်ကုန် ဘုရားဖူးလာရင်း အခုပြန်ကြမှာ၊ အဲဒါ သင်္ဘောဆိပ် သွားဖို့ ကားပြန်စီးရမှာ မစီးတတ်ဘူးဖြစ်နေတယ်"

သူမက သူ့ကို တစ်ချက်ကြည့်သည်။ ဒီအကြည့်ကို ကျင့်သားရနေတဲ့ ကျွန်တော်က သူမတော့ "လိုက်ပို့ကူ ညီဦးမှာပဲလို့' တွေးမိရင်း 'လုပ်ချလိုက်ပြန်ပြီ'လို့ စိတ်က ညည်းမိသည်။

ထင်သည့်အတိုင်းပဲလေ . . .

'ကဲ ကဲ အထုပ်တွေ သမီးကိုပေး၊ သမီးမှာ ကားပါတယ် အဘတို့ကို သင်္ဘောဆိပ်အထိ သမီးလိုက်ပို့ပေးပါ့မယ်"

သူမက ပစ္စည်းအိတ်တွေကို ကူသယ်ရင်း သူရှိနေတာကို မေ့လျော့နေတာလား၊ တမင်ပဲ မသိချင်ဟန်ဆောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်။သူမတို့ထွက်ခွာဖို့ ခြေလှမ်းမစခင်မှာ သူ့ကိုသတိရ ဟန်နှင့် . . .

"သားငယ် နင်ဒီမှာပဲစောင့်နေဟာ၊ ငါမကြာဘူး ပို့ပြီး ချက်ချင်းပြန်လာခဲ့မယ်"

သူ့အဖြေကိုလည်းမစောင့်၊ သူ့ကိုလည်းမပြော ထွက်ခွာ သွားသော သူမကိုကြည့်ရင်း သူ့ရင်ထဲ တင်းကျပ်လာပါတယ်။

သူလည်း ထိုနေရာမှ ချက်ချင်းပြန်လှည့်လာခဲ့၏။

သူ့ကြုံရာ ကားတစ်စီးစီးတားပြီး ဟိုကောင်တွေ ရှိနိုင်မယ့် လက်ဖက်ရည်ဆိုင်ကို လာခဲ့သည် လက်ဖက်ရည် ဆိုင်ရှေ့ရောက်တော့ ဒီကောင်တွေက နှုတ်ဆက်ပြီး သူတို့ ပြောတဲ့စကားကို ပြန်ဆက်သည်။

"ဒီလိုကွ ငါမက်တဲ့အိပ်မက်က"

ဖိုးကျော်ရဲ့ စကားသံတွေကို ကြားနေရပေမယ့်သူ့စိတ်က လမ်းမပေါ်မှာတစ်ဆင့် သူမဆီသို့။ 'နားမလည်တာလား၊ မသိ တတ်တာလား' လို့ သူမပခုံးကို ဆောင့်ဆောင့်ကိုင်လှုပ်ပြီး မေး လိုက်ချင်တဲ့ ဆန္ဒတွေဟာ ရင်ထဲမှာ မွန်းကျပ်နေခဲ့ပြီ။

"ငါတို့အုပ်စုကွာ ချောင်းသာကိုသွားတယ်"

"ငါရောပါလား"

"ဟင်းငါတို့အုပ်စုပါဆိုမှ မင်းကြီးတော်လင်ပါ ပါတယ်"

(ရယ်သံတွေကြားနေရတယ်။ သူ့စိတ်ကရော ဘာလို့ ရယ်လို့ မရတာလဲ)

"ပြောစမ်းပါ ဖိုးကျော်ရာ ပေရှည်မနေစမ်းပါနဲ့ဟ"

"အေးအေး ပြောမယ်၊ အိပ်မက်က ထူးဆန်းတယ် ကြောင် တောင်တောင်လည်းနိုင်တယ်၊ ချောင်းသာဆိုက် တော့ ငါတို့ရပ်နေတဲ့နေရာက သဲသောင်ပေါ်မှာလည်း မဟုတ်ဘူး၊ ပင်လယ်ကြီး အလယ်မှာ ဖြစ်နေတာယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်တာ၊ ရေနစ်သေမှာပေါ့"

"မင်းကလည်း အိပ်မက်ပါဆို"

"အေးအေ ပြီးရော ပြီးရော"

"အဲဒီမှာကွာ ငါက ငါးခူမမြင်ဘူးလို့၊ ဟော့ကောင် ပင်လယ်နဲ့ ငါးခူနဲ့ ဘာမှမဆိုင်ဘူးလို့ မင်းပြောဦးမလို့လား၊ အိပ်မက် အရပြောတာ"

(သူလည်း အဲဒီအိပ်မက်လို ယောင်တောင်တောင် ဖြစ်ခဲ့ရတာ သေချာပေါ့။ ပန်းနုရောင်မင်း ငါ့စိတ်ဓာတ်တွေကို အရှုံးလုပ်နေတာလား။ သွားစမ်းကွာ ဘာလူမှုရေးလဲ မင်းသိပ်ခြေရှည်တဲ့မိန်းမ တောက်)

"ဆက်စမ်းပါဦးကွာ၊ လိုရာကို မရောက်တော့ဘူး မိုးကျော်ရာ"

"အဲဒီမှာကွာ၊ ငါက မင်းတို့ကို ငါးခူပြခိုင်းတော့ မင်းတို့က ပင်လယ်ရဲ့တစ်နေရာကို ပြတယ်၊ အဲဒီမှာ ဝုန်းဆို"

"ဟဲ့ သောက်ပလုပ်တုတ်"

"ဘာဖြစ်ရတာလဲ မိုးဇော်"

"ဟာ ဒီကောင် ငါယောင်တတ်မှန်း သိရဲ့သားနဲ့ ဝုန်းခနဲ ပြောတာကိုးကွ"

"ဟာ ငါဘယ်သိမလဲ မိုးဇော်ရာ"

(ငါ့ရင်ထဲမှာ ဝုန်းဒိုင်းကြဲနေတာ နင်သိရဲ့လားမိပန်းရော င်)

"ရေထဲကနေ ဂေါ်ဇီလာလောက်ရှိတဲ့ ငါးခူနှစ်ကောင် ပေါ်လာရော"

"ဟော့ကောင် သောက်ပိုမလုပ်နဲ့၊ ဂေါ်ဇီလာလောက်ရှိတဲ့ ငါးခူ၊ ဟာ မဖြစ်နိုင်ဘူးကွာ၊ နည်းနည်းလျှော့"

"Trader Hotel အမြင့်လောက် ရှိတယ်ကွာ"

"ဟားဟား လာမဖြီးနဲ့မိုးကျော်ရာ၊ လျှော့ဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သမ္ဘတရုံလောက် အမြင့်ရှိတယ်ကွာ"
"ဟော့ကောင် မဖြစ်နိုင်တာ မပြောနဲ့"
"ခတ်တိုင်တစ်တိုင်ကွာ"
"ဟော့ကောင် လျှော့ဦး"
"ဟာ လျှော့လို့မရတော့ဘူး"
"ဘာဖြစ်လို့လဲ"
"မင်းတို့က အမြင့်ပဲလျှော့နိုင်းတာ၊ လုံးပတ်မှ မလျှော့နိုင်းတော့ ငါ့ငါးခူက ဘုတ်ကြီးဖြစ်နေမှာပေါ့"
(ရယ်သံတွေကြားရပြန်ပြီ။ ငါနာကျင်ခဲ့ရသမျှအတွက် ဩဘာသံတွေလား)
"မင်းပြောတာနဲ့ လိုရင်းက မရောက်တော့ဘူး။ ခုန ဂေါ်ဇီလာ အဲ . . ထားပါတော့ ဂေါ်ဇီလာ၊ အဲဒီအရွယ် ငါးခူကြီးနှစ်ကောင်က လူလိုစကားပြောပြီးလိုက်လို့ ငါ့မှာ ထွက်ပြေးရတာ၊ အိပ်မက်က လန့်နိုးတော့ကွာ ချွေးတွေ ရွှဲနစ်နေတာပဲ"
"ဘာလိုက်ပြောလို့ မင်းကပြေးရတာလဲ"
"မိုးဇော်ညီမကိုမင်းယူကွာ၊မိုးဇော်ညီမကိုမင်းယူကွာတဲ့"
ဝေါခနဲ ရယ်သံတွေနဲ့ ရိုက်ပုတ်သံတွေ၊ ထုရိုက်သံတွေ သူကြားရတယ်။ ရယ်နေရင်းကရပ်ပြီး သူ့အနေအထားကို သတိပြုမိကြပုံရသည်။ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်ပြီး သူ့ကိုမေးကြတယ်လေ။ ပထမဦးဆုံး ဗိုးကျော်က စတင်၍ . . .
"မင်းဘာဖြစ်တာလဲ သားငယ်"
သူက 'ဘာမှမဟုတ်ပါဘူး'ဟု ပြောရင်းခေါင်းယမ်းသည်။ မိုးဇော်က မယုံကြည်ဟန်နဲ့
"မဟုတ်သေးပါဘူး သားငယ်ရာ၊ မင်းတစ်ခုခုဖြစ်လာ

www.burmeseclassic.com



ပါတယ်''

''ဟုတ်တယ်ကွ၊ မင်း ငါတို့ကိုမပြောလို့ ဘယ်သူ့ကို တိုင်ပင်မှာလဲ သူငယ်ချင်းရာ''

သူ့ဆံပင်တွေထဲ လက်ထည့်ရင်း ခေါင်းငိုက်စိုက်ကျသွားတယ်။ ပြီးတော့ တစ်လုံးချင်းလေသံတွေ

''ပန်းနုရောင်ကွာ၊ သိပ်နားလည်ရခက်တဲ့မိန်းမ''

''ဪ''

သူ့စကားကြောင့် သက်ပြင်းချသူချ။ ခေါင်းညိတ်သူက ညိတ်နဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြတယ်။

''ဘာများလဲလို့ သားငယ်ရာ၊ ငါတို့ပြောသားပဲ၊ ဒီလိုတွေ ဖြစ်လာနိုင်တယ်လို့၊ မိပန်းက စိတ်ရင်းကောင်းပါတယ်ကွာ''

သူ အဲဒီစကားကြောင့် ဆက်ဆက်ခါ နာကျင်သွားမိတယ်။

''ဘာ. စိတ်ရင်းကောင်းတယ် ဟုတ်လား။ ဟား ဟား ဟား ဟား''

သူ့ရယ်သံမှာ တစ်ခုခု ကပ်ညှိနေသလိုပါပဲ။ သူက ယုတ် မာတဲ့ လူတစ်ယောက်အဖြစ် သူမရဲ့ ဆန့်ကျင်ဘက်ကို အလိုလိုရရှိ ပြီးခဲ့သား။ နင်ကတော့ အားလုံးရဲ့ အလယ်မှာ မဟာကရုဏာ ရှင်ကြီးဖြစ်လို့ ပန်းနုရောင်ရယ်။

''အဲဒီစိတ်ရင်းကောင်းမှုတွေက ငါ့စိတ်ကို ခဏခဏ ဒုက္ခပေးနေတာ မင်းတို့သိကြရဲ့လား၊ ပြောကြစမ်းပါဦး''

ဖိုးကျော်က သူ့ကို သနားသလို ကြည့်နေပါတယ်။ ပြီးတော့လည်း 'မဟုတ်သေးပါဘူး' လို့ ခပ်တိုးတိုး ရေရွတ် သည်။ သူဒီမှာ ကြာကြာဆက်ထိုင်လို့ မရနိုင်ခဲ့။ သူ့ရင်မှာ တစ်ခုခုဖြစ်နေသလို ခံစားရတယ်။ သူဘယ်သူ့ကိုမှ မပြောဘဲ ထထွက်လာတော့ လှမ်းခေါ်သံတွေကို ကြားရတယ်။ သူ လည်း တွေ့တဲ့ကားကိုတားပြီး အိမ်သို့ပြန်လာခဲ့ပါတယ်။

www.burmeseclassic.com



အိမ်ထဲသို့ လှမ်းဝင်ဝင်ချင်းမှာ ဧည့်ခန်းထဲမှာ ဧည့်သည်တွေ ရောက်နေတာကို သိလိုက်သည်။ ဝေဝေနှယ် အစဉ်အမြဲအေးချမ်းတတ်တဲ့ ဒေါက်တာမလေး။ ပြီးတော့ သူ့မမေမေ အန်တီဒေါ်လေးနွယ်။ မေမေက သူ့ကိုပြုံးကြည့်ရင်း . . .

"ဟော သားငယ်တောင် ပြန်ရောက်လာပြီ"

"ဝေဝေတို့ ရောက်နေကြတာကို။ ဒီနေ့အော့(ဖ်)လား ဝေဝေ"

ဝေဝေက အေးချမ်းသိမ်မွေ့တဲ့အပြုံးကို ဖန်ဆင်းသည်။ သူမ အပြုံးဟာ လူနာတွေအတွက်တော့ ရောဂါတစ်ဝက် သက်သာစေနိုင်ပါတယ်။

"မဟုတ်ဘူးကိုသား။ ဒီကအပြန်ဆေးခန်းဝင်စရာရှိသေးတယ်"

သူက မေမေ့ဘေးမှာ ဝင်ထိုင်ရင်း

"အန်တီ နေကောင်းတယ်နော်"

"အမယ်လေး ဆရာဝန်ရဲ့အမေကို နေကောင်းတယ်လို့ မေးနေရသေးတယ် သားရယ်"

မိခင်နှစ်ယောက်ရဲ့ ရယ်သံကို တစ်ခုခုကို ကျေစယ်ဟန်နဲ့ တစ်ယောက်ကိုတစ်ယောက် မေးခွန်းတွေပါတဲ့ အပြုံးတွေနဲ့ သူတို့နှစ်ယောက်ကို ကြည့်ကြည့်ပြီး ပြုံးကြပါတယ်။ သူလည်း 'ခဏ' လို့ ပြောပြီး သူ့အခန်းဆီ သွားကာအဝတ်အစား အမြန်လဲပြီး ပြန်ဆင်းလာခဲ့သည်။ ဝေဝေက ခြံထဲ ဆင်းချင်တယ်ပြောတာနဲ့ သူ ဝေဝေနွယ်ကိုခေါ်ကာ မြက်ခင်းစပ်က ခုံနန်းပေါ်မှာထိုင်ရင်း ရောက်တက်ရာရာ စကားပြောဖြစ်သည်။

စကားပြောကြည့်မှ ဝေဝေနွယ်ဟာ သူ ထင်မှတ်ထားသည်ထက် သူလိုချင်တဲ့ ပုံစံကျနမှုတွေ ရှိနေတာတွေ့ရတယ်။ မဟုတ်သေးပါဘူးလေ။ သူ့မှာ အစဉ်အမြဲ စိုးရိမ်တိုနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခအိုးမလေးရှိနေတာပဲ။

အတွေးကို ငြင်းပယ်တဲ့ ခေါင်းယမ်းမှုကြောင့် ဝေဝေနွယ်က ပြုံးကြည့်ရင်း . . .

"ကိုသား ကျွန်မပြောတာ ဘာမှားသွားလို့ ခေါင်းယမ်းနေတာလဲ၊ ကေနွ ကိုသားစိတ်တွေ ဒီမှာမရှိဘူးထင်တယ်။ ကဲပါလေကျွန်မလည်း ဆေးခန်းဖွင့်ချိန်နီးနေလို့ သွားရဦးမယ်၊ ကိုသားလည်း အနားယူလိုက်ပါဦး"

သူ့ကိုမောင်ငယ်တစ်ယောက်လို နှစ်သိမ့်တဲ့အပြုံးနဲ့ နားလည်ပေးတတ်တဲ့ သူမကို သူကျေးဇူးတင်ခဲ့သည်။

ည ၈ နာရီခန့်မှာ မေမေက သူ့နာမည်နဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဖုန်းခေါ်တယ်ဆိုတာနဲ့ သူ ဖုန်းရှိရာကို ဆင်း လာခဲ့ပါသည်။ မေမေက သူ့ကို တစ်ခုခုပြောချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်ပါတယ်။

သူက 'ဖေဖေမရောက်သေးဘူးလား' လို့ မေးတော့ 'မင်းအဖေ ဒီညနောက်ကျမယ်' လို့ မေမေကပြောပြီး ထမင်းစားခန်းဘက် ဆင်းသွားတယ်။

သူ ဖုန်းစင်သို့သွားပြီး ဖုန်းကို ကောက်ကိုင်လိုက်ကာ

"ဟဲလို ဖိုးသား စကားပြောနေပါတယ်"

သူ့ရဲ့ နာမည်ရင်းကြောင့် တစ်ဖက်က ခဏတိတ်ဆိတ်သွားပါတယ်။ နောက်မှ သတ္တုသံတိုးတိုးလေး

"သားငယ်လား ငါပန်းရောင်ပါ"

သူမရဲ့အသံ ကြားကြားချင်း ကျွန်တော် စကားမပြောနိုင်အောင် တိတ်ဆိတ်သွားပါတယ်။

"ငါ နင့်ဆီပြန်လာတော့ နင်မရှိတော့ဘူး သားငယ်ဟိုကောင်တွေဆီရောက်တော့ နင် စိတ်ဆိုးနေတယ်ဆိုလို့၊ နင် စိတ်ဆိုးနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဆိုးနေတဲ့လူကို စိတ်ဆိုးနေတာလား မေးရအောင် တော်တော်တုံးတဲ့ မိန်းမပဲ' လို့ စိတ်ထဲက ပြောနေမိသည်။

"စိတ်ဆိုးပြေပါ ကောင်လေးရယ်၊ ဟို နယ်ကလာတဲ့ အဘိုးကြီးတွေက ငါလိုက်ပို့တာ ကံကောင်းလို့သဘော်အချိန်မီတာ၊ နင့်ကို ခွင့်မတောင်းတာကလည်း ခဏပဲထင်လို့ပါဟာ၊ စိတ်ဆိုးပြေတော့ဟာ၊ ငါသိပ်မချော့တတ်ဘူး။ အခုတောင် အားတင်းပြီး မနည်းချော့ဖို့ မိုးညီအစ်မဆီက သင်ထားရတာ"

သူမအပြောကြောင့် သူ စိတ်ကချက်ချင်းပဲ ပြေပေးရမလိုလို။ သူ့နှုတ်က မထင်မှတ်ဘဲ . . .

"မိပန်း နင် ဘယ်လိုကောင်မလေးလဲ၊ နင့်ဘေးမှာ ငါရှိနေတယ်ဆိုတာရော စိတ်ထဲမှာထားရဲ့လား၊ ငါ ကြည့်ကြည့်နေတယ်၊ပြီးခဲ့တဲ့အပတ်ကလည်းကျောင်းသွားတဲ့ ကလေးမလေး ဖိနပ်ပြတ်လို့ နင်ဖိနပ်ချွတ်ပေးပြီး ငါနဲ့အတူ လျှောက်တာတို့ ပြောရရင်လည်း ငါလူကြမ်းကြီးဖြစ်လိမ့်မယ်"

သူမဆီက ရယ်သံတိုးတိုး ကြားရသည်။

"မိန်းမကြီးကျနေတာပဲ သားငယ်ရယ်၊ သူတို့အခက်အခဲဖြစ်လို့ ကိုယ်ကူညီပေးလိုက်ရတာ၊ နင်တွေးပြီးပျော်နေကြည့်စမ်းပါ။ အဲဒီဖိနပ်ကဘာနဲ့မှအစားထိုးလို့မရဘူးကောင်လေးရဲ့"

"နင်ငါ့ကို ကောင်လေးလို့ မခေါ်နဲ့၊ နင့်ထက်တောင် ငါက လပိုင်းပိုကြီးသေးတယ်"

သူ့ရဲ့အပြောကြောင့် မိန်းမတန်မဲ့ တဟားဟားအော်ရယ်သည်။အဲဒီအချိုးတွေကြောင့်သူကြည့်မရခဲ့တာ . . .

"လပိုင်းပဲကြီးကြီး နှစ်ပိုင်းပဲကြီးကြီး ငါ့မျက်စိထဲမှာ နင့်ပုံစံက အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်လိုပဲ ကောင်လေးရယ်"

"မိပန်း ငါစိတ်ဆိုးနေတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မနက်ဖြန်ကျမှ ဆက်ချော့မယ်ဟာ၊ ဒီမှာ အလုပ်တွေရှိသေးတယ်"

သူမက သူပြောချင်ရာပြောပြီး ဖုန်းချသွားတော့ သူ့မှာ ဖုန်းကိုင်ပြီး အောင့်သက်သက်ကျန်ခဲ့သည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း ကိုယ့်ဘာသာ စိတ်ဆိုး၊ ကိုယ့်ဘာသာ စိတ်ကောက်ပြေလိုက်ရတယ်။ မနက်ဖြန် သူမဆီက လျော်ကြေးတောင်းရမယ်။ သူ့လျော်ကြေးကို ဒီကောင်မလေး အတင်းငြင်းဆန်မှာသိနေသည်။ဖုန်းကိုချပြီတော့လှည့်အထွက်မှာ

"သားငယ် မေမေ စကားပြောစရာရှိလို့ ခဏလာပါဦး"

သူ့နောက်ကျော ဆက်တီမှာ ဆွယ်တာနှစ်ချောင်းထိုးထိုးနေတဲ့ မေမေ့ခေါ်သံကြောင့်သူမေမေ့နံဘေးမှာထိုင်ပြီးမေမေ့ခါးကိုဖက်တော့

"ဟဲ့ ကောင်လေးငြိမ်ငြိမ်နေစမ်းပါ၊ ကြည့် ဒီကောင်လေးတော့"

သူက မေမေ့ပေါင်ပေါ်မှာ ခေါင်းအုံးအိပ်တော့ မေမေက နှစ်ချောင်းထိုးကို ဆက်တီပေါ်တင်ရင်း သူ့ဆံပင်တွေကို သပ် တင်ပေးသည်။

"ငါ့သားလေးလည်း လည်ရပတ်ရတာနဲ့ တော်တော်ပင်ပန်းနေပြီ၊ မေမေနဲ့ စကားလေးဘာလေး ပြောဖို့တောင်မနည်းအချိန်တောင်းနေရတယ်"

သူကမေမေ့ပါးကို လိမ်ဆွဲရင်း . . .

"မဟုတ်ပါဘူးမေမေရာ၊ သား ဖေဖေ့အလုပ်တွေ ဝိုင်းကူပေးပါတယ်၊ သင်တန်းကရှိတော့"

မေမေက နားလည်သလိုပြောရင်း . . .

"မေမေကမင်းကို မွေးလာတဲ့အမေပါ သားရယ်၊ နှင့်ဖုန်းဆက်တာ သင်တန်းကတစ်ယောက် မဟုတ်လား၊ ဖိုးကျော်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောနေတဲ့ ကောင်မလေးလား”

သူ ရှက်ကိုးရှက်ကန်းရယ်ရင်း နှုတ်မလုံတဲ့ဖိုးကျော်ကို စိတ်ထဲက ကျိန်ဆဲနေမိသည်။

“ဖြေပါသားရဲ့၊ လွတ်လွတ်လပ်လပ်သာဖြေ၊ သားကို ဖေဖေတို့ မေမေတို့က အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ချုပ်ချယ်မထားပါဘူး။ သားနဲ့ ပေါင်းသင်းရမယ့် မိန်းကလေးက မေမေတို့နဲ့ ပတ်သက်ရမယ်လေ၊ အဲဒီအတွက် သားအရွေးမမှားဖို့တော့ လိုတာပေါ့”

သူက ‘ဟုတ်ပါတယ်မေမေရယ်’လို့ ပြောရင်းလူးလဲထပါတယ်။ မေမေက ဆက်ပြောတယ်။

“သားကို ဒီကိစ္စပြောရတာ အကြောင်းရှိတယ်သားရဲ့၊ ဝေဝေနှယ်မေမေ မလေးနှယ်က သားနဲ့ သူ့သမီးကို သဘောတူတဲ့ အရိပ်လက္ခဏာတွေ ပြပြနေတာ မေမေ သိနေရတယ်၊ ဝေဝေဆိုတာလည်း သားအတွက် ပါရမီဖြည့်ဖက်ကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ သားလေးသိပါတယ်လေ”

သူ အံ့သြသွားရင်း အလန့်တကြား . . .

“မေမေ ဘာပြောလိုက်သေးလဲ”

မေမေက ပြုံးကြည့်ရင်း သူ့ခေါင်းကိုပုတ်ကာ

“စိတ်မပူပါနဲ့၊ မေမေလည်း မရေမရာ ပြောထားပါတယ်၊ သားဘက်က ဘာမှန်းမှမသိတာ”

“တော်သေးတာပေါ့ မေမေရာ၊ သားမှာ ချစ်သူရှိတယ် မေမေ”

“သူ့ကို သားလက်ထပ်မှာလား၊ ဘယ်သူလဲ ဘယ်ကလဲ၊ ဒီမေးခွန်းကို မေမေမေးပိုင်ခွင့် ရှိပါတယ်နော်”

သူက မေမေ့ပုခုံးပေါ် ခေါင်းမှီအိပ်ချရင်း

“မေမေရယ် သားမေမေ့ကိုမပြောပြလို့ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောရ မှာလဲ၊ သူနာမည်က ပန်းနုရောင်တဲ့၊ သားတို့လောက်တော့ မချမ်းသာဘူး။ ဒါပေမဲ့ စားနိုင်သောက်နိုင်ပါတယ်၊ သားနဲ့ ကွန်ပျူတာအတူတက်နေတယ်၊ သူ့မေမေက မေမေတို့အရွယ်လောက်ပဲရှိတယ်။ မန္တလေးဇာတိ၊ ဒေါ်မြမြခက်တဲ့၊ သူ့အဖေ ဦးရဲအောင်ကတော့ သူ ၁၂ နှစ်သမီးအရွယ်မှာ ဆုံးသွားပြီ၊ သူ့ဖေဖေ လုပ်ငတ်လက်ရင်း ဖြစ်တဲ့ ကားပြုပြင်ရေးနဲ့ အထွေထွေလုပ်ငန်းကို သူ့ဦးလေးနဲ့အတူ ဦးစီးတယ်၊ ကဲ မေမေ ဘာသိချင်သေးလဲ''

''မေမေသူ့ကို လာမယ့်စနေနေ့လောက် တွေ့ချင်တယ်၊ အဲဒီနေ့က မေမေ့ရဲ့ မွေးနေ့လည်းဖြစ်တယ်''

သူက မေမေ့ပါးကို ရွှတ်ခနဲနမ်းရင်းစိတ်ချလို့ပြောကာ 'သားသွား အိပ်တော့မယ်မေမေ' မေမေက 'မင်းလိုအင်ပြည့်တော့ ပြေးပြီပေါ့' လို့ ချစ်စနိုးစပါတယ်။ 'မဟုတ်ပါဘူးမေမေရယ်၊ သားအိပ်ချင်လို့ပါ' ပြောတော့ မေမေကရယ်ပါတယ်။ သူ့ရဲ့ပျော်ရွှင်စရာကောင်းတဲ့ အနာဂတ်တွေ မင်းသိစေချင်လိုက်တာ ချစ်ရတဲ့ ပန်းနုရောင်ရယ်

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



အကြော်ကို အချဉ်ရည်ထဲနှစ်ပြီး ပေနေတဲ့ နှုတ်ခမ်းကို တစ်ရှူးနဲ့သုတ်ရင်း သူမကရယ်ပါတယ်။ သူမရယ်သံဟာ ချစ်စရာကောင်းပေမယ့် အမြင်ကပ်စရာလည်းကောင်းတယ်။

"အေးလေ ပြဿနာဖြစ်ပြီး ပြန်လာတော့ ဒီကောင့်ပုံစံက တိုက်ကြက်တွေရှုံးပြီး လည်လိမ်နေသလိုပဲ"

ဖိုးကျော်ဦးစီးပြီး အမျိုးမျိုးနှိပ်ကွပ်ကြပါတယ်။ မေမိုးက လက်ခုံပေါ်က အချဉ်စက်ကိုသုတ်ရင်း . . .

"ဟုတ်ပါ့၊ ဒီမှာလည်းတစ်ယောက် ငိုမလို ရယ်မလိုနဲ့ သူတို့ဘာသာ ပြဿနာဖြစ်တာအရေးမကြီးဘူး၊ ကြားကလူတွေကပါဝင်ပါနေရတယ်၊ နင်နဲ့နင့်သူငယ်ချင်းဖြစ်တာမှားပြီနဲ့တူတယ် ပန်းရောင်"

သူမ ရွှန်းလဲ့ရီဝေတဲ့မျက်ဝန်းနဲ့ ကြည့်တယ်။ ဒါကို အုပ်စုထဲက တစ်ယောက်က . . .

"ဟော့ဟော လူတွေရှိတယ်၊ သိပ်လည်းသည်းမနေကြနဲ့၊ ငါတို့ ကန်ပေါင်ပေါ် သွားဦးမယ်၊ လိုက်ဦးမလား"

ပန်းနုက သူ့ကိုကြည့်တော့ သူက နှုတ်ခမ်းကိုဦးတ ပြီး . .

"ငါနဲ့ပန်းနု ခဏထိုင်ဦးမယ်၊ နောက်မှလိုက်ခဲ့မှ"

"အေး အေး သည်းမနေကြနဲ့ဦးနော်"

သူနဲ့ သူမကလွဲပြီး တစ်အုပ်စုလုံး ထွက်သွားကြ . .



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထွက်သွားပြီးတဲ့နောက် သူမမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း လက်ဖမိုးကို အသာဆုပ်ကိုင်မိသည်။ သူ အံ့အားသင့်သွားပါတယ်။ သူမရဲ့ လက်ဖဝါးတွေဟာ သေချာကိုင်ကြည့်တော့ ခပ်ကြမ်းကြမ်း အတွေ့ကိုရတယ်။

"ပန်းနု နင့်လက်ဖဝါးတွေ အရမ်းကြမ်းတာပဲနော်"

သူမက သူ့လက်ဖဝါးတွေကို ငုံ့ကြည့်ပြီး ပြုံးပါတယ်။

"ဘာဆန်းလို့လဲ သားငယ်ရယ်၊ ငါက ရွှေပေါ်မြတင်နေရတဲ့ သူမှမဟုတ်တာ၊ ကားပြင်တယ်၊ အဝတ်လျှော်တယ်၊ ထမင်းအိုးတည်၊ အထွေထွေအလုပ်လုပ်ရတဲ့ မိန်းမတစ်ယောက်ရဲ့လက်တွေမှမကြမ်းရင် ဘယ်သူ့လက်တွေက ပိုကြမ်းနိုင်မှာလဲ"

နူးညံ့တဲ့ လက်ဖဝါးတွေအတွက် နှမြောတမ်းတခြင်းမရှိတဲ့ သူမဟာ အရာရာကို ဖြစ်တဲ့အတိုင်း ကျေနပ်နိုင်ပုံရတယ်။ သူသည် သူမကို တစိမ့်စိမ့်ကြည့်ရင်း နှာခေါင်းချွန်ချွန်လေးကို ဆွဲညှစ်တော့ သူမ မျက်ရည်တွေတောင် ဝဲသွားပါတယ်။ ဆိုးဆေး လုံးဝတင်လေ့ မရှိတဲ့ ပန်းနုရောင် နှုတ်ခမ်းသားတွေကို သူငေးမောကြည့်ရင်း

"နင် နှုတ်ခမ်းနီဆိုးပါလား ပန်းနုရောင်၊ နင် နှုတ်ခမ်းဆေး မဆိုးထားတာတောင် တော်တော်လှတာ၊ နှုတ်ခမ်းနီဆိုးလိုက်ရင် မြင်တဲ့သူငေးသွားနိုင်တယ်၊ နင့်ကိုယ်နင် လှတယ်ဆိုတာ ရော နင်သတိရရဲ့လား ကလေးမရဲ့"

သူမက သူ့စကားကို အပြုံးဖြင့် ခေါင်းခါသည်။

"ဟင့်အင်းမဆိုးချင်ဘူးဟာ၊ငါနှုတ်ခမ်းနီဆိုးပြီးရင်နှုတ်ခမ်းထူထူအမ်းအမ်းနဲ့မနေတတ်ဘူး၊မလုပ်ပါနဲ့ဟယ်"

'နင် ဘယ်လိုမိန်းကလေးလဲ ပန်းရောင်"

မက မျက်ခုံးမြှင့်ရင်း ပခုံးတွန့်သည်။တကယ့်ဂျစ်တီးမလေး။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးအများစုက လုဖို့ဆိုရင် အလေးခံ အအိုက်ခံပြီးတော့ကို လုချင်ကြတာ၊ နင်ကတစ်မျိုး"

သူမကဒူးနှစ်ဖက်ပေါ်ပါးကိုအပ်ရင်းသူ့ကိုငေးကြည့်တယ်။

"ငါ့နဂိုစိတ်ကိုက ဟန်ဆောင်ရတာကို လက်မခံနိုင်တာ၊ ငါ လွတ်လပ်မှုကိုကြိုက်တယ်၊ ယောကျ်ားလေး ရှပ်အင်္ကျီလို အင်္ကျီမျိုးတွေ၊ ဂျင်းဘောင်းဘီတွေ ဝတ်ရတာကိုကြိုက်တယ်၊ လွတ်လပ်တယ်၊ လုံခြုံမှုလည်းရှိတယ်လေ၊ ရွှေတွေငွေတွေ စတ်ပြီး တကယ့် အခမ်းအနားတွေ၊ အလှူတွေသွားမယ်ဆိုရင် ငါ ငယ်ငယ်လေးကတည်းကရှောင်တာ၊ တမင်လုပ်ယူတာ မဟုတ်ဘဲ၊ သူ့အလိုလိုဖြစ်နေတော့လည်းဘာတတ်နိုင်မှာလဲ"

သူမရဲ့ ဆံမျှင်တွေဟာ ကန်ရေပြင်ကို ဖြတ်တိုက်လာသော လေအရှိန်ကြောင့် မျက်နှာပေါ်မှာ ဖရိုဖရဲ . . .

"ဩော် နင့်ကို ပြောရဦးမယ်၊ စနေနေ့မနက် အိမ်ကိုလာခဲ့ဟာ အရေးကြီးတယ်"

သူမက အံ့ဩဟန်နဲ့ 'စနေနေ့'လို့ အသံထွက်တယ်။ တဆက်တည်းမှာ . . .

"ဟာ မလာချင်ဘူးဟာ၊ ပြီးတော့ နင့်အမေတွေ အဖေတွေနဲ့ ငါမနေတတ်ဘူးဟ"

သူက ရှက်ကိုးရှက်ကန်းနဲ့ တစ်ခုခု စိုးရိမ်နေပုံရတဲ့ ဒီသူငယ်မကို . . .

"ဘာမှမဖြစ်ပါဘူး ပန်းရောင်၊ ငါတို့ကိစ္စကို မေမေ့ကို ပြောလိုက်ပြီပဲ"

"ဟာ . . . တကယ်"

သူမက သူ့လက်ကိုဆုပ်ကိုင်ရင်း စိုးရိမ်နေပုံနဲ့

"ဘာပြောလဲ နင့်မေမေ"

သူက သူမဆံပင်တွေကို သပ်တင်ပေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ငါ့စကားတစ်ခွန်းပါ၊ နင် စိတ်မပူပါနဲ့"

"တော်ပါသေးရဲ့ဟယ်"

"နင် မနက်ဖြန် လာဖြစ်အောင်လာခဲ့ပါ ပန်းရောင်၊ မေမေကလည်း သူ့မွေးနေ့မှာ နင့်ကို သိပ်တွေ့ချင်နေတယ်၊ ဘယ်သူမှလည်း မရှိပါဘူး။ အပြင်လူဆိုလို့ နင်တစ်ယောက်တည်း။ ပြီးတော့ ငါတို့မိသားစုရယ်၊ ဒါပဲ"

သူမက သူ့ကို အခုမှ စိတ်သက်သာရာ ရသွားဟန်နဲ့ သက်ပြင်းမှုတ်ထုတ်ရင်း . . .

"အင်းလေ နင်က လာစေချင်မှတော့ ငါ မရောက်ရောက်အောင်လာခဲ့ပါ့မယ်၊ ကျေနပ်ပလား"

သူက နှာခေါင်းရှုံ့ရင်း 'ဟင့်အင်း' လို့ ခေါင်းခါတော့ သူမက . . .

"ဗုဒ္ဓေါ ဘာမကျေနပ်သေးရတာလဲ"

သူက သူမ မကြိုက်တဲ့ သူမနှာခေါင်းကို ဖွဖွဆွဲညှစ်တော့ သူမက 'လုပ်ပြန်ပြီဟာ'လို့ ညည်းတယ်။

"နင် အခေါ်အဝေါ် ပြောင်းသင့်ပြီထင်တယ် ပန်းရောင်"

"ဟာ နင်ကလည်း"

"ဟုတ်တယ်ဟာ၊ တခြားရည်းစားတွေဆို ကဗျာဆန်ဆန်ပြောကြဆိုကြနဲ့ ဘယ်လောက် ကြည်နူးစရာကောင်းလဲ"

သူမက အောက်နှုတ်ခမ်းသားကို သွားဖြူဖြူလေးတွေနဲ့ ကိုက် ရင်း သူ့ကို သူမြတ်နိုးတဲ့ အညိုရောင်မျက်လုံးတွေနဲ့ ရင်ဆိုင် ကြည့်တယ်။

"ငါ ဘယ်လိုခေါ်ရမှာလဲ"

သူ သူမနားရွက်နားတိုးတိုးလေးကပ်ပြီးပြောလိုက်တယ်။

"မောင် လို့ခေါ်ဟာ"

သူမက မိန်းမဆန်စွာ ခွက်ထိုးခွက်လန် လက်နုပ်တီးပြီး ရယ်ပါတယ်။ သူမရယ်သံကြောင့် သူ အောင့်သက်သက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ အမှန်ပင်။ ဒါကို သိပုံရတဲ့ သူမက . . .

"နင့်ကို လှောင်တာမဟုတ်ပါဘူး သားငယ်ရယ်၊ ငါ မခေါ်တတ်ဘူး၊ နှုတ်လည်းမရဲဘူး"

တဖွတ်ထိုးခေါင်းမာတတ်တဲ့ မိန်းကလေးကိုချစ်မိမှတော့ သူ အခံရခက်မှုတွေနဲ့နပမ်းလုံးနေရတာဘာမှမထူးခြားတော့ပါ။

"ချစ်သူရည်းစားချင်းပဲဟာ ဒီလိုခေါ်တာဘာဆန်းသလဲ"

သူမက အကြောင်းမဲ့ စားပွဲခုံကို လက်သည်းနဲ့ခြစ်နေသည်။ ပြီးတော့ သူ့ကိုပြောတယ်။

"ငါ ခေါ်တော့ခေါ်မယ်၊ တစ်နေ့ပေါ့"

အစပိုင်းမှာတော့ သူမရဲ့ မောင်ဆိုတဲ့ အခေါ်အဝေါ်ဟာ အသားမကျ။ နောက်ပိုင်းမှာတော့ 'မောင်'ဆိုတဲ့ အက္ခရာကို စိတ်လိုလက်ရရှိချိန်မှာ ခေါ်ပါတယ်။ ဒါတောင် ဒီနာမ်စားကို သူသုံးနေကျ ဝေါဟာရတွေနဲ့ အချိုးမကျစွာ တွဲဖက်သုံးစွဲ၏။

ဥပမာ 'မောင် နင် ဘာစားပြီးပြီလဲ'တို့ 'မောင် ငါ့ကိုခဏ စောင့်ဦးဟာ'။ ကျွန်တော်က နင်တွေ ငါတွေနဲ့မပြောဖို့ သူ့ကို တားသော်လည်း ဒီကောင်မလေးက နင် ဈေးမဆစ်နဲ့ဟာတဲ့။

ဒီအသုံးအနှုန်းတွေက အစပိုင်း ကြားကာစကတော့ တစ်မျိုးပါပဲ။ နောက်တော့လည်း အများနဲ့မတူ နှစ်လိုဖွယ် ရာရှိခဲ့သည်။

သူ့စိတ်ကမရှိဘဲ ဟန်ဆောင်ပြုံးလေ့ မရှိတတ်ပါတဲ့။

စတွေ့ကာစက ချဉ်တူးတူးနဲ့ ထောင့်မကျိုးတဲ့ ကောင်မလေးဟာ ကျွန်တော့်နှလုံးသားကို အပိုင်သိမ်းယူသွားလိမ့်မယ် နတ်ဆိုးတစ်ကောင်ရဲ့ အသုံးချလက်နက်တစ်ခုလား ထင်ရက်စရာ။

စိတ်တိုင်းကျမှုတွေနဲ့ နီးကပ်အောင် စီရင်တတ်သော၊ သဘောထားကွဲလွဲချက်တွေကို စက္ကန့်နဲ့အမျှ မိန်ဆင်း တတ်သော သူ့ရင်ထဲက ပန်းကလေးတစ်ပွင့်ဟာ မွှေးရနံ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကို တစ်ပြိုင်နက်တည်း ထုတ်လွှင့်တတ်တယ်။ ကြာလာ သည်နှင့်အမျှ သဘောထား ကွဲလွဲချက်တွေဟာ ပိုမိုများလာသလို အကြီးမားဆုံး ပဋိပက္ခကတော့ မေမေ့မွေးနေ့ကို သူမ ရောက်မလာခြင်းပဲ ဖြစ်တယ်။

နာရီတွေရဲ့ တစ်ချပ်ချပ်မြည်သံဟာ သူမကို တဆစ်ဆစ်ဒေါသဖြစ်ဖို့ တပ်လှန့်ပေးသံလို မေမေ့ရဲ့ 'သား သူမလာဘူးလား' အမေးဟာ ဒေါသဖြစ်ပေါ်ဖို့ အမိန့်ပေးလိုက်ဖို့ နှိုးဆော်စေတာလား။

လွယ်လွယ်ကတိပေး၊ လွယ်လွယ်မေ့ပျောက်တတ်တဲ့ အကျင့်စရိုက်ကို မုန်းတီးတတ်သော သူ့ရဲ့ဗီဇ နဂိုအခံရှိပြီးသား ပဋိပက္ခမီးကို မီးလောင်ရာလေပင့်တိုက်သလို ဟုန်းခနဲ ယမပျောက်ပါတယ်။

သူမနဲ့ နောက်တစ်နေ့ တွေ့ဆုံတဲ့အခါ သူ့ရဲ့ဒေါသကထိုင်နေကျ သင်တန်းရှေ့က လက်ဖက်ရည်ဆိုင်လေးထဲမှာ ပတ်ဝန်းကျင်ကို ဂရုမပြုမိလောက်အောင် ပေါက်ကွဲစေခဲ့တယ်။ ဆိုင်ပိုင်ရှင်က သူတို့နဲ့ ရင်းနှီးနေသဖြင့် အေးအေးသက်သာ ဖြေရှင်းကြရန် သူတို့ကို ဖျန်ဖြေပေးသေးသည်။

"နင် ကတိတစ်ခုကို လွယ်လွယ်ပေးတတ်မှန်း ငါမသိခဲ့ဘူး ပန်းနုရောင်၊ နင် စကားပြော သိပ်လွယ်တဲ့မိန်းမပဲ"

သူမက ခေါင်းခါရမ်းပြီး . . .

"ငါ လွယ်လွယ်နဲ့ ကတိပေးခဲ့တာ မဟုတ်ဘူး၊ ငါနင့်ဆီကိုလာခဲ့ပါတယ်"

"ဘာ ငါ့ဆီကိုလာတယ်"

သူ့အသံမှာအခံရခက်မှုတွေပျော်ဝင်နေမှာကျိန်းသေသဖြင့်နေမေမိုးက

"သူပြောတဲ့စကားကို နားထောင်ပေးပါဦး သားငယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ကြားထဲက ငါတို့တောင် စိတ်ညစ်လာပြီ"

"ဟုတ်ပါတယ် သားငယ်ရာ၊ မင်းစိတ်ကလည်း တဇွတ်ထိုး ပြဿနာကို ခေါင်းအေးအေးနဲ့ ဖြေရှင်းစမ်းပါ"

ရန်နောင်ကပါ ကြားက ပြဿနာကို ငြိမ်သက်စေရန် ကြိုးစားသေးသည်။

"မင်းတို့က ကာယကံရှင်မဟုတ်ဘူး၊ ငါ့နေရာက ဝင်ခံစားပေး၊ ကိုယ်ချင်းစာကြည့်စမ်း၊ ငါ့နှလုံးသားက မီးနဲ့ဖြန်းလိုက် ရေနဲ့ပတ်လိုက်ကြာရင် ကြွေကျလာလိမ့်မယ်"

သူ့မျက်ဝန်းထဲမှာ ရှားရှားပါးပါး မျက်ရည်ဥတွေ ရစ်ဝဲလာတော့ မိုးညီအစ်မကပါ မျက်စိမျက်နှာ ပျက်လာကြသည်။

"သားငယ် နင့်ကိုငါအယူခံဝင်နေတာလည်း မဟုတ်ဘူး၊ လိမ်ညာလီဆယ်ပြီး နင်ကျေနပ်အောင် ပြောနေတာလည်းမဟုတ်ဘူး၊ ငါ အဲဒီနေ့က လာခဲ့တယ်၊ နင်ပြောတဲ့ အချိန်ထက် နာရီဝက်စောပြီး ငါလာခဲ့တယ်။ မိုးဖွဲဖွဲရွာနေတဲ့ တိုက်ဆိုင်မှုရယ်၊ လမ်းမှာကားကလည်းပျက်နေတဲ့အချိန်၊ မီးဖွားခါနီးမိန်းမတစ်ယောက်ကို ဆေးရုံကိုလိုက်ပို့ဖို့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်က ငါ့ကားကိုတားတယ်၊ လူနှစ်ယောက်ရဲ့ အသက်နဲ့ နင့်အမေရဲ့မွေးနေ့ နင်သာဆိုရင် ဘာကိုရွေးမလဲ"

မျက်ရည်တစ်စက် လွင့်စင်သွားတယ်။ ခံယူချက်ပြင်းတဲ့ ကျားနာတစ်ကောင်လို မျက်ဝန်းဟာ ရဲရဲတောက်နေတယ်။ အသံတွေက တုန်တုန်ရီရီ . . .

"နင့်အမေမွေးနေ့က ငါမလာလည်း ပြီးသွားမှာပဲ၊ ဗိုက်ထဲက ကလေးတစ်ယောက်အသက်နဲ့ ကိုယ်ဝန်ဆောင်မိခင်ရဲ့အသက်ကို အပျော်တစ်ခုနဲ့ ငါလဲလိုက်တာ အပြစ်ရှိသလား၊ တကယ်လို့ အပြစ်ရှိတယ်ဆိုရင်နင်ပေးတဲ့အပြစ်ဒဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ကျေကျေနပ်နပ်ခံလိုက်မယ် မောင်"

သူမက စကားဆုံးတော့ ပြေးထွက်သွားတယ်။ သူ မြေပြင်ကို ငေးစိုက်ကြည့်နေရင်း မလှုပ်နိုင်အောင် ကြက်သေ သေခဲ့မိတယ်။ သူမှားနေသလား။ သူမကရော ဟင့်အင်း ဒါကံကြမ္မာ ကျီစယ်လိုက်တဲ့ ကစားကွက်လေးတစ်ခုပဲ ဖြစ် မှာပါနော်။

သူမကို အော်ခေါ်ရင်း မေမိုးကပါ ပြေးလိုက်သွားသည်။

ဖိုးကျော်က သူ့ပခုံးကိုဖတ်ရင်း ခုံတစ်ခုံမှာဝင်ထိုင်စေ၏။ ပတ်ပတ်ကျင် စားပွဲဝိုင်းပေါ်က သူတို့ရဲ့အဖြစ်အပျက်ကို တီးတိုးပြောဆိုနေတာကို သူ ဂရုမစိုက်နိုင်အားပါ။

"မင်းကို အစောကြီးထဲက ဒီလိုပြဿနာတွေ ဖြစ်လာမှာ စိုးလို့ ငါတို့တားတာပဲ သားငယ်ရာ၊ အခုတော့ ထင်ထားတဲ့ အတိုင်းဖြစ်ပြီ"

ဖိုးကျော်စကားဆုံးတော့ ရန်နောင်က ဝင်ပြောတယ်။

"မင်းဘက်ကမမှားသလို သူ့ဘက်ကလည်းမှန်နေတာပဲ"

နောက် ငြိမ်နေတဲ့ မိုးဇော်ရဲ့အသံ . . .

"ငါတို့နဲ့ ပတ်သက်လာတဲ့ သက်တမ်းမှာစိတ်ဓာတ်ခိုင်မာ တဲ့ ပန်းနုရောင်ရဲ့ မျက်ရည်ကို မင်းမြင်ဖူးလား"

သူ မိုးဇော်ကို ဆတ်ခနဲ ကြည့်မိတယ်။

မျက်ရည်

လွယ်လွယ်နဲ့ သူမရင်ထဲက အားငယ်မှုကို ဖြစ်ပေါ်ခွင့် ကိုမပေးတဲ့ သူမက အခုမျက်ရည်ကျခဲ့တယ်တဲ့။

"ငါ ဘာလုပ်ရမလဲ"

သူ့ရဲ့ တွေတွေဝေဝေစကားကို အဆုံးသတ်ဖို့ ပန်းရောင် နောက်ကိုလိုက်သွားတဲ့မေမိုးကပြောရင်းဆိုင်ထဲဝင်လာသည်။

"နင် သူ့ကိုသွားချော့ရမှာပေါ့။ ငါသူ့ကို ချော့မော့ထား ခဲ့တယ်၊ ဆရာမ မစိမ့်ကိုပြောပြီး ကွန်ပျူတာခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီးနှစ်သိမ့် ထားရတယ်၊ နင် သွားချော့လိုက်''

သူ ခေါင်းညိတ်ပြီး တစ်ဖက်ကားလမ်းသို့ ကူးကာ ကွန်ပျူတာသင်တန်းရှိရာ တတိယထပ်သို့ တက်လာခဲ့သည်။ အပေါက်ဝမှာ ဆရာမနဲ့တွေ့တော့ နားလည်မှုရှိစွာပြုံးရင်း

''သွား . . .သွား . . .အခန်းထဲမှာတစ်ယောက်တည်းငို နေတယ်၊ ချော့လိုက်ပါဟယ်၊နင်တို့နှစ်ယောက်ကလည်း ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့''

သူက ဘာမှပြန်မပြောနေအားဘဲ မချိပြုံးပြုံးရင်း ခေါင်းညိတ်ကာ အခန်းတံခါးတွန်းဖွင့်ပြီး ဝင်လိုက်ပါတယ်။ သင်တန်းမရှိသဖြင့် အခန်းထဲမှာ လူရှင်းနေသည်။ သူမက သူမထိုင်နေကျခုံမှာ ဝင်ထိုင်ရင်း အကြောင်းမဲ့ ကွန်ပျူတာ ဖန်သားပြင်ကို ငေးမော်နေသည်။ ကွန်ပျူတာတိုင်းရဲ့ ဖန်သားပြင်ပေါ် သူမဆီကတစ်ဆင့် ကော်ပီပွားထားတဲ့ စာတမ်းတွေ . . .

''နားလည်မှု''

သူ သက်ပြင်းကို ချမိသည်။ သူ သူမဆီသို့ ဆက်မသွား နိုင်အောင် ခြေထောက်တွေ လေးလံသွားရသည်။

''ပန်းနုရောင်''

တိတ်ဆိတ်တဲ့အခန်းထဲက သူ့အသံဟာ သူမကောင်း ကောင်း ကြားနိုင်လောက်ပါတယ်။သူမပခုံးကဟန်ချက်အနည်း ငယ် ပျက်သွားပါတယ်။

''ကိုယ်တကယ်မသိတာပါ ပန်းနုရောင်၊ ကိုယ်တောင်းပန် ပါတယ်၊ ကိုယ့်ကိုခွင့်လွှတ်ပေးပါ''

သူ့ရဲ့ တောင်းပန်ခြင်းအဆုံးမှာ သူမ သူ့ဆီတဖြည်းဖြည်း လှည့်လာတယ်။

ဟင် သူမငိုနေတယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေ အဆက်မပြတ် လိမ့်ဆင်းလာရင်း သူ့ရင်ခွင်ထဲ သူမပြေးဝင်ခိုလှုံခဲ့တယ်။ သူမကျောပြင်ကို အသာပွေ့ဖက်ထားရင်း သူမဆံနွယ်မျှင်တွေကို ပွတ်သပ်ပေးနေမိသည်။ သူမက တသိမ့်သိမ့်ရှိုက်ငိုကောင်းတုန်း . . .

"မငိုပါနဲ့ပန်းရောင်ရယ်၊ နင့်ငိုသံဟာငါ့ကိုခွင့်မလွှတ်သလိုပဲ"

သူမက သူ့ရင်အုံမှခွာတော့ မျက်ရည်တွေ အလူးလူးနဲ့ သူမရဲ့ မျက်ဝန်းတွေက ရီဝေဝေနဲ့ ကြည့်လို့ကောင်းခဲ့၏။ သူမက အားယူပြုံးရင်း မျက်ရည်တွေကို သုတ်ပြီး . . .

"နောက်ကိုငါတို့နှစ်ယောက် ရန်မဖြစ်ကြတော့ဘူးဟာနော်၊ ငါ ခံနိုင်ရည့်နည်းလို့ပါဟာနော် မောင်"

သူ ခေါင်းညိတ်ရင်း ကွန်ပျူတာဖန်သားပြင်ကို လက်ညှိုးညွှန်ပြပြီး . . .

"အဲဒီစကားလုံးဟာ ငါ့မာနတွေပါ အရည်ပျော်ကျသွားတာတော့ အမှန်ပဲ ပန်းရောင်ရယ်"

သူမက သူ့ကို ရွှန်းစားစား ကြည့်တယ်။

မျက်ရည်ဆိုတာ ချစ်သူတွေအတွက်တော့ မပြင်ချင်ဆုံးအရာ၊ အမုန်းဆုံး အထုမြုံးတစ်လုံး။ ကမ္ဘာပေါ်မှာ ချစ်တဲ့သူတွေအတွက် အန္တရာယ်တစ်ခုက မျက်ရည် . . .

~ ~ ~

"ဟုတ်လို့လား သားငယ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော်ရဲ့ မရေမရာစကားကို သူက ကမူးရှူးဒိုးနဲ့

"ဟုတ်ကိုဟုတ်တယ် ဖိုးကျော်၊ ပန်းနုဆိုတဲ့မိန်းမကို ဘယ်အချိန်ဘယ်မှာပဲမြင်မြင်ငါ့ရည်းစားပဲကွာငါမှတ်မိတာပေါ့"

ဖိုးကျော်က သူနဲ့အတူ ရင်ဘောင်တန်း အမြန်လျှောက်ရင်း

"မင်းက ဘယ်လိုကနေ မြင်တာတုန်း"

"မင်းနဲ့ငါ လက်ဖက်ရည်ဆိုင်ထဲ အတူထိုင်နေတုန်း သူကား ဖြတ်မောင်းသွားတာ ငါမြင်လိုက်တယ်၊ ငါကတော့ ကားပါကင်ရပ် နေလို့ကြာနေတာပဲ ထင်တာပေါ့။ နောက်ဆုံး မလာတာနဲ့ကြာလို့ ငါ အပေါ့သွားမယ်ဆိုပြီးတော့ မင်းကိုပါ လိမ်ပြီး ငါထွက်ကြည့်တာ၊ သူကားဘေးကနေ ကောင်တစ်ကောင်နဲ့ ပခုံးဖက်ပြီး ငါမြင်လိုက်တာ၊ သူမို့လုပ်ရက်တယ်ကွာ"

"သေချာလို့လား သားငယ်ရာ"

ဖိုးကျော်က သူ့ကို မသက်မသာကြည့်ရင်း မေးသည်။

"ဟော့ကောင် ဘာလို့ မသေချာရမှာလဲ၊ ငါ့မျက်စိနဲ့ တက်အပ်မြင်တဲ့ဟာကို"

နေပူပြင်းပြင်းအောက်မှာဖိုလ်ချုပ်ဈေးထဲအနံ့သူနဲ့ဖိုးကျော် သူမကို လိုက်ရှာသည်။ ကားကိုတွေ့ပြီး သူမကို မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လိမ်ညာ အလှည့်စားခံရခြင်းဆိုတဲ့ တံဆိပ် တစ်ခုကို ခပ်နှိပ်လိုက်တဲ့သူမ၊ ဘာကြောင့် ဒီလိုလုပ်ရတာ လဲလို့ မျက်နှာချင်းဆိုင်ကြည့်ပြီး မေ့ရမ်းဆွဲလှုပ်မေးချင်ခဲ့တဲ့ ဆန္ဒ။ သူ့ရဲ့ မျှော်လင့်ထားတဲ့ ကမ္ဘာငယ်လေး ပြိုကျပျက်စီး သွားရုံသက်သက် လုပ်ခဲ့တာလား။

(ဒီလိုတော့ သွေးတိုးမစမ်းသပ်သင့်ဘူး ပန်းနုရောင်ရယ်)

✳ (နင့်အပြုံးနဲ့ ပစ်ရင်တောင် ရင်ပွင့်ကြွေမယ့်ခပ်ယဲ့ယဲ့ ကောင်ပါ ပန်းနု)

အချစ်ဆိုတဲ့ လက်နက်နဲ့တော့ အလွမ်းဆိုတဲ့ ပစ်ကွင်း ထဲမှာ ငါပစ်မှတ်အသစ် မဖြစ်ပါရစေနဲ့။ ကျေးဇူးပြုပြီး နင့် ရက်စက်ခြင်းကို ရုတ်သိမ်းပေးပါ။)

မေးကြောတွေ တင်းမတတ်၊ ခေါင်းတွေ မူးနောက်အုံခဲ မတတ် သူမကိုရှာရင်း အမှတ်မထင် ဆိုင်အတွင်းမှာ ကောင် တစ်ကောင်နဲ့ နောက်ကျောပေးယှဉ်ရပ်ရင်း စျေးဝယ်နေတဲ့ သူမကိုတွေ့ပါသည်။

သူ ဆိုင်ထဲဝင်သွားတော့ ဖိုးကျော်က တားပေမယ့်

"ဟေ့ကောင် လက်လွန်မယ်နော်"

သူ ဒေါသတကြီးမျက်နှာနဲ့ ဆိုင်ထဲဝင်လာတော့ သူမတို့နဲ့ မျက်နှာချင်းဆိုင်ကောင်တာက ကောင်မလေးက အလန့်တကြား ကြည့်သည်။ ပြီးတော့ ပန်းနုရောင်ပုခုံးကို ဆွဲလှည့်ကာ

"ပန်းနုရောင် မင်းလုပ်ရက် ဟာ"

ပန်းနုရောင်မဟုတ်၊သူနဲ့သက်တူရွယ်တူလူငယ်တစ်ယောက် ဖြစ်နေခဲ့ပါတယ်။ အားနဲ့ ပုခုံးကို ဆွဲလှည့်တာကြောင့် ပုဂ္ဂိုလ်က ဒေါသဖြစ်သွားပုံရတယ်။ သူ့ကို ဒေါသပါတဲ့ အမူအရာတွေနဲ့ . .

"ခင်ဗျား ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ကျွန်တော့်ရည်းစားနဲ့ လူမှားသွားလို့"

"ဘာ"

စကားထပ်မှားပြန်ပြီဆိုတာ သိလိုက်သည်။ (နှင့်ကြောင့် ခက်ပြီ မိပန်းရောင်)

သူ ခေါင်းကုတ်ရင်း . . .

"ဒီလိုပါ၊ နောက်ကကြည့်တော့ ခင်ဗျားက ကျွန်တော့် ကောင်မလေးပဲထင်"

"ဟော့ကောင် မင်းစော်ကားပြန်ပြီလား"

သူ ဘေးကအဖော်က ပုဂ္ဂိုလ်ကို မနည်းဆွဲထားရသည်။ သူ့ရှင်းပြမှ ပိုရှုပ်ကုန်ပြီ။ ခက်တော့ခက်နေပါပြီ။ ဖိုးကျော်က သူ့ဆီကိုလာပြီး . . .

"ဒီလိုပါ အစ်မကို အစ်ကိုကြီးမှတ်လို့"

ဖိုးကျော်ရှင်းပြမှ ပိုဆိုးသွားပါတယ်။ ပုဂ္ဂိုလ်ဘေးက လူကပါ ဆွဲနေရင်းမှ ရယ်ချင်နေပုံရသည်။

"မဟုတ်ပါဘူး၊ ပြောမှရှုပ်ကုန်ပြီ၊ အစ်ကိုကြီးကို လူမှားပြီး ဆွဲမိတာ စိတ်မဆိုးပါနဲ့ဗျာနော်၊ ဟော့ကောင်ဇ်လစ်မယ်"

"ငါ စောစောက မပြောဘူးလား၊ ပန်းရောင် မဟုတ်ပါ ဘူးဆို"

"ဟ ငါလည်း ဘယ်သိပါ့မလဲ၊ပန်းရောင်မှာလည်းဒီဝတ်စုံ ရှိတာပဲ၊ ပြီးတော့နောက်ကကြည့်တော့ပန်းရောင်နဲ့တော်တော် တူတာကို"

"မင်းလုပ်လိုက်ရင်သောက်တလွဲချည်းပဲခေါင်းမကွဲတာကံ ကောင်း"

ဖိုးကျော်နဲ့အတူ မောမောနဲ့ ပန်းရောင်ရဲ့ ကားဆီလျှောက် လာတော့ ပန်းရောင်က သူတို့ကို ဆီးကြိုစောင့်နေသည်။ ပန်းရောင်က ဒီနေ့ မိန်းမအဆန်ဆုံး အပြင်အဆင်အဖြစ် ထမိန်နဲ့ယောကျ်ားရှပ်အင်္ကျီကို ဝတ်ပြထားတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘယ်လိုဖြစ်လာတာလဲ"

သူတို့ပုံစံကိုကြည့်ပြီး မေးတော့ ဟိုကောင်က အကြောင်းစုံ ဇာတ်စုံခင်းပြပါတယ်။

သူ့ရဲ့ အကြမ်းထည်လေးကတော့ သဘောတကျ ကြည်ကြည်နူးနူး အားရပါးရ ရယ်ပါတော့တယ်။

ပြီးတော့ သူ့ကို စိုက်ကြည့်ကာ ပြုံးမဲ့မဲ့ . . .

သူ့မှာတော့ မခံချင့်မခံသာ . . .

~ ~ ~

ဆိုင်ထဲမှာ ရယ်သံတွေ ဝေ့လည်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ရင်း အားလုံးက မျက်ရည်ထွက်အောင် ရယ်သူကရယ်လို့ပေါ့။ ဖိုးကျော်ကလည်း သူ့လို အခံရခက်တဲ့ မျက်နှာနဲ့ပဲ သူမကတော့ အောင်နိုင်သူမျက်နှာနဲ့ သူ့ကိုပြုံး၍ ကြည့်သည်။

"ဪ သားငယ်၊ မင်းကွာ မှားစရာရှားလို့"

ရန်နောင်က ရယ်ရလွန်း၍ စို့တတ်လာတဲ့မျက်ရည်ကိုသုတ်ရင်း ပြောသည်။

"ဟုတ်ပကွာ၊ သားငယ်တို့ကလုပ်လိုက်ရင်သောက်တလွဲကြီးပဲ"

မိုးဇော်ကလည်း ရယ်သံနဲ့ ပြောလာပါသည်။

သူက . . .

"ဘယ်သိပါ့မလဲ၊ ဘောင်းဘီကလည်း နက်ပြာ၊ အကျႌကလည်း အနီကွက်၊ အဲဒီလိုအဆင်မျိုး ပန်းနု တစ်ခါတစ်ခါ ဝတ်လာဖူးပါတယ်၊ ဆံပင်ကလည်း ပန်းနုထားသလိုမျိုး သွားပုံလာ ပုံကအစ တူနေတော့ ငါလည်းမှားတာပေါ့"

မေမိုးက . . .

"အဲဒီပုဂ္ဂိုလ်တော့ တော်တော် စိတ်ဆိုးခိုက်မှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနဲ့မှ လူမှားခဲ့ရတယ်လို့၊ နင်အထိုးမခံရတာ ကံကောင်း"

"ဟုတ်တယ်၊ ငါလည်း အဲဒီပုဂ္ဂိုလ်ကို ဝင်ရှင်းပြလေလေ ပိုမှားလေလေပဲ"

ရယ်သံတွေ ထပ်ထွက်လာပါတယ်။

သူတို့အားလုံး ပိုက်ဆံရှင်းပြီး ဆိုင်ထဲကထွက်လာတော့ သင်တန်းဘက်ကို ကူးလာကြပါတယ်။ သင်တန်းရှိရာ အထပ်သို့ လှေကားအတက်အဆင်း အဝင်ဝမြောင်းကို ဖုံးထားတဲ့ ခြေနင်းသံဇကာကွက်ပေါ်မှာ သူတို့နဲ့ငယ်မည် ထင်ပုံရတဲ့ ကောင်မလေးက ကုန်းကုန်းကွကွ . . .

သူတို့အားလုံး ကောင်မလေးကို ကွေ့ပတ်၍ လှေကားကို တက်ကြပေမယ့် ပန်းနုရောင်က ကောင်မလေးဘေးမှာ ရပ်ရင်း

"ညီမလေးက ဘာပျောက်လို့လဲ"

ဖိုင်ကို ရင်ဝယ်ပိုက်ရင်း ရှိုးစမိုးနဲ့ လှတပတကောင်မလေးက သံတန်းတစ်တန်းလွတ်နေတဲ့ အပေါက်ကို လက်ညှိုးညွှန်ပြပြီး

"သမီးခြေထောက် အဲဒီအပေါက်ကို ကျွံကျသွားတာ၊ ဖိနပ်က အားလွန်ပြီး မြောင်းအောက်ကို နစ်သွားတာ၊ ရှာမရဘူးဖြစ်နေတယ် မမ"

သူက လှေကားပေါ်ကနေ နောက်ပြန်လှည့်ပြီး သူမတို့နှစ်ယောက်ကို ကြည့်နေမိသည်။

ပထမတော့ ပန်းနုရောင်က ကောင်မလေးလိုကုန်းကုန်းကွကွနဲ့ ဘယ်မှာနစ်လို့နစ်မှန်းမသိတဲ့ ဖိနပ်ကိုမျက်စိနဲ့ရှာပါသေးတယ်။ နောက်တော့ ဘာစိတ်ကူးပေါက်သွားမှန်းမသိ လွတ်နေတဲ့ အပေါက်ကိုလက်နှိုက်ပြီး မရွံမရှာလိုက်စမ်းသည်။

သူ လှစ်ခနဲစုတ်သပ်ရင်း ခေါင်းခါမိသည်။ သိပ်မရှာလိုက်ရပါ။ ဗွက်နဲ့လုံးထွေးညစ်ပတ်နေတဲ့ဖိနပ်ကိုမြောက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ ညီမ"

ဖိနပ်ကို မြှောက်ပြရင်း ကောင်မလေးကို ပေးသည်။ ကောင်မလေးက ကျေးဇူးတွေ အထပ်ထပ်တင်လို့။

သူမက ညစ်ပတ်နံစော်နေတဲ့လက်ကို လမ်းဘေးက ရေခဲရေဆိုင်မှာ ရေဝယ်လောင်းရင်း ဆေးပါတော့မယ်။

(သူ မလွယ်ပါလားနော်လို့ စိတ်ပျက်လက်ပျက် ညည်းရမလိုလို)

~ ~ ~

သင်တန်းရဲ့ ကော်ရစ်တာမှာရပ်နေတဲ့ သူတို့အုပ်စုရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူမကလျှောက်လာသည်။ သူမက သူ့ကို ပုံမှန်အတိုင်းပဲ။

"လာလေ သားငယ် အခန်းထဲ မဝင်သေးဘူးလား"

"ဒေါသဖြစ်နေတာ"

သူ့ရဲ့ ခပ်ဆတ်ဆတ်အသံကို သူမက သဘောမပေါက် ထပ်မေးပြန်သည်။

"ဘယ်သူ့ကိုလဲ"

"ကျစ် နင့်ကို"

"ငါ့ကို"

ဟိုကောင်တွေကပါ သူ့ကို လှည့်ကြည့်ကြသည်။

မေမိုးက . . .

"နင် ဘာဖြစ်ရပြန်ပြီလဲ သားငယ်"

သူ ပန်းနုကို မေးငေါ့ပြရင်း . . .

"မင်းတို့ အပေါ်ထပ်သွားတော့ ဒီမိန်းမကသင်တန်းလှေကားမှာ ကောင်မလေးတစ်ယောက်ကို ထုံးစံအတိုင်း သွားကူညီပါရော"

ရန်နောင်က . . .

"ဘာဖြစ်လဲကွာ၊ သူ့ဘာသာ သွားကူညီတာ မင်းကလဲ"

"ကျစ် ငါပြောတာ မဆုံးသေးဘူး၊ ကူညီပါ၊ ကူညီတာ ကောင်းပါတယ်။ ကိုယ့်ဖိနပ်ကိုယ် ရေမြောင်းထဲနိုက်ကမှာ ရှိနေတဲ့ သူကိုမှ အပေခံပြီး ဒီမိန်းမက သွားကူညီတယ်လေ"

"ဘယ်လို"

အားလုံးကမေးတော့ အဖြစ်အပျက်ကို သူ ရှင်းပြသည်။

~ ~ ~

"ဘာဖြစ်လဲဟာ အခက်အခဲတစ်ခုဖြစ်လို့ ကူညီလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ့ကူညီမှုဟာ တခြားသူအတွက် အသုံးတည့်မယ်ဆိုရင်ပြီးတာပဲ''

ပန်းနုရဲ့အပြောကို သူလက်မခံချင်။

''ကူညီခံရတဲ့သူကို ကိုယ်တိုင်စွမ်းဆောင်နိုင်ရင် ကူညီပေးတဲ့ သူကို ခိုင်းစရာမလိုဘူး၊ အဲဒါမှမဟုတ်ရင်စေတနာကို စော်ကားတာပဲ ပန်းရောင်''

''ဒါတွေ ငါမသိချင်ဘူး''

''ကဲ ကဲ တော်ကြပါတော့ကွာ၊ သင်တန်းချိန်နီးပြီ''

''အေးလေ ဘာမဟုတ်တာလေးနဲ့ မိပန်းလာသွားမယ်''

တစ်ယောက်တစ်ပေါက် ဝင်ဆွဲတွဲခေါ်ရင်းသင်တန်းခန်းမထဲကို ဝင်လာကြပါတယ်။

ဒီလိုပါပဲ။ (မရှိးတဲ့ ထုံးစံတစ်ခုလို စကားများကြတာမဆန်းတော့)

သူမနဲ့ ကျွန်တော့်ကြားမှာ . . .

လမ်းပေါ်မှာလမ်းလျှောက်နေရင်တောင်ခလုတ်တိုက်သေးတာပဲ။

ချစ်သူတွေကြားမှာ ရန်ဖြစ်တယ်၊ ချော့တယ်ဆိုတာကမ္ဘာဦးခေတ်ထဲက ရိုးရာယဉ်ကျေးမှုလို လက်ဆင့်ကမ်းထမ်း ဆောင်ခဲ့ရတာပဲ။ ပုစ္ဆာမဆန်တဲ့ ပဟေဠိမဆန်တဲ့နှစ်ဦးသား ပွင့်ပွင့်လင်းလင်း ဖြေရှင်းခြင်းကို အသုံးချတတ်ဖို့သူအခုထိ မကျွမ်းကျင်ခဲ့တုန်း။



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုကို လိုချင်ပေမယ့် ကွဲပြားခြင်း စည်းဝိုင်းထဲမှာ ထွက်ပေါက်ကို လိုက်ရှာရတော့လည်း အခက်သားလား။ ကျွန်တော်က သူ့ကို ကျွန်တော့်အားလပ်ရက် ဂေါ့(ဖ်)ကွင်းကို ခေါ်သွားခဲ့တယ်။ သူမ အသာတကြည်ပဲ လိုက်ပါလာခဲ့တယ်။ အဲဒီအတွက် ကျွန်တော် ပျော်ရွှင်ရတယ်။ ဒါပေမဲ့ သူမကတော့ အဲဒီအချိန်တွေမှာ ပျော်ရွှင်မှု မဲ့နေသလိုပဲ။ ချစ်သူက အနားမှာနေ၊ ကြင်နာခြင်းပုံရိပ်နဲ့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ထီးလေးမိုးပြီး ကြည်နူးစရာစကားတွေ ပြောကြမယ်ပေါ့။

ဒါပေမဲ့ တလွဲစီပါ။ သူမက အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ စာအုပ်ထိုင်ဖတ်နေတယ်။ အဲဒီအတွက်အကြောင်းပြချက်က . .

"ငါမှ ဝါသနာမပါတာ မောင်ရာ၊ ပြီးတော့ အဲဒ့ါကြီးက အားကစားနည်းနဲ့မတူဘူး၊ လူချမ်းသာ အသိုင်းအဝိုင်းအတွက် အရောင်းအဝယ်ပြုလုပ်တဲ့ နေရာနဲ့တူတယ်၊ ဒီလို တုတ်နှောင်ထားတဲ့ နယ်မြေထဲမှာ ငါမှ မနေတတ်တာနင်သိပါတယ်မောင်ရာ၊ အခုလည်း ငါမလိုက်ရင် နင် စိတ်ဆိုးဦးမယ်"

ဒီလိုပြောတော့လည်း ငြင်းခွင့်ပြန်ပြောခွင့်မဲ့အောင်ကို မှန်နေတော့ သူ့အီလည်လည် ဖြစ်နေခဲ့တယ်။ တစ်ခါကလည်း သူနဲ့ ကျွန်တော် ညနေစောင်းတစ်ခုမှာ အင်းလျားဘက်လမ်းလျှောက်ထွက်ရင်း လမ်းဘေးက အသုတ်စုံဆိုင်မှာ သူစားချင်ပါသည်ဟုဆိုတော့ ကျွန်တော်ကမစားဘဲ သူစားအပြီးကို ထိုင်စောင့်ပေးပါသည်။

သူမအတွက် ဆိုင်ရှင်က အသုတ်စုံတစ်ပွဲ နယ်ဖတ်အပြီးမှာ

"အတော်ပဲ ညီမလေးရေ၊ ညီမလေးစားရင်းနဲ့ ဆိုင်ခဏစောင့်ပေးပါလား၊ အစ်မ ဆီချက်ကုန်ခါနီးနေလို့ ဒီနားလေး



www.burmeseclassic.com

www.burmeseclassic.com



တင် သွားယူလိုက်ဦးမယ်၊ ခဏပဲ''

သူမစားနေရင်းက . . .

''ရတယ်အစ်မ၊ ဝယ်သူလာရင် ကျွန်မဘာသာ သုတ်ပေးမှာနော်၊ ဖောက်သည်ပျက်မှာတော့ မပူနဲ့''

သူမ၏ အရွှတ်အနောက်စကားကို ဆိုင်ရှင်အစ်မက ရယ်မောရင်း

''အေး အေး ညီမလေး၊ အစ်မဆိုင်ကို ကြိုက်သလို လုပ်ထား၊ အစ်မ ညီမကို ဆိုင်အပ်လိုက်ပြီပဲ''

ပြန်နောက်ပြောင်ရင်း ဆိုင်ရှင်က ထွက်သွားပါတယ်။

တကယ်တမ်းလည်း ဝယ်စားမယ့်သူတွေလာတော့ သူမကစားနေရင်းမှ တစ်ဖက်သို့ကူးကာ ကိုယ်တိုင်သုတ်ပေးနေပြန်သည်။ (လီဗိုက်) ဂျင်းဘောင်းဘီမိုးပြာရောင်နဲ့ ရှပ်အကျီကို ခါးမှာချည်နှောင်ရင်း ဆံပင်အခွေအလိပ်နဲ့ မိန်းကလေးကို အားလုံးက အထူးအဆန်း ဖြစ်နေကြသည်။ ပထမတော့မိန်းကလေးအချို့ပါပဲ။ နောက်ပိုင်းတော့ ယောကျ်ားလေးတချို့ကပါ စိတ်ဝင်တစားလာစားကြသည်။ ပြောင်ငမ်းသူကငမ်း၊ စကားလုံးအနည်းငယ်ဖြင့် အပျော်သဘော စနောက်သူကနောက်နှင့် သူမကပင် ဟန်မပျက် ရယ်မောနေနိုင်ခဲ့သည်။ အတိုင်အဖောက်ကလည်းညီပါပေ့။

''ခေတ်သစ်မော်ဒယ် အသုတ်စုံလား''

''မဟုတ်ပါဘူးရှင်၊ အင်္ဂလန်နည်းစနစ်နဲ့ သုတ်ထားတာ''

''အသုတ်လေးတွေက လှတယ်နော်''

''ဟုတ်တယ်ဒါတောင်ခေါက်ဆွဲတွေရေမချိုးရသေးလို့ရှင့်''

ရယ်သံနှင့် ခင်မင်မှု စနောက်သံတွေကြားမှာ သူ့ဘာ နှုတ်သွက်အာသွက် ညှော်ခံသည်။ ဒီမြင်ကွင်းကို ကျွန်တော် သည်းမခံနိုင်တဲ့အဆုံး ခပ်လှမ်းလှမ်း ခုံတန်းတစ်ခုမှာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေခဲ့၏။ ဒါတောင်အသံတွေကကြားနေရသေးတယ်လေ။

ဆိုင်ရှင် ပြန်ရောက်လာတော့ သူမကတောင် . . .

"အစ်မ ရာခိုင်မုန့်နဲ့ ပုတ်ပြတ်ပေးမလား နောက်နေ့ လာရောင်းပေးမယ်"

"ဟော ပေးရမှာပေါ့၊ ညီမလေး လာလို့ကတော့ အစ်မဆိုင် လူပြည့်သွားမှာ သေချာတယ်နော်"

ရင်းနှီးလွယ် ခင်မင်လွယ်တဲ့ သူမရဲ့ စိတ်ဓာတ်ကို သူမ နှစ်မြို့။ ဆိုင်ပိုင်ရှင်က သူမစားသည်ကိုပင်မယူ။

နောက်နေ့တွေ လာအားပေးရန် မှာပါသေးသည်။ အပြန် လမ်း တစ်လျှောက်မှာ ကြည်နူးစရာတွေ ပျောက်ဆုံးလို့။ သူမနဲ့ကျွန်တော် အချေအတင် ဖြစ်လာခဲ့တာပေါ့။ သူမက ခေါင်းမာတယ်။ ကျွန်တော်က တဇွတ်ထိုးသမား။

ကျွန်တော်က သူမကို မချော့သလို သူမကလည်း အလျှော့ပေးလိုက်ရန် ဆန္ဒမရှိခဲ့ပါ။

တကယ်တမ်းတော့ ခဏပါ။ ညရောက်လို့ မတိုင်ပင်ပဲ တစ်ဦးကိုတစ်ဦးက အလျှော့ပေးဖုန်းဆက်ကြမှာ နှစ်ဦးသား သိခဲ့ပြီး ဒီလိုပဲ ဖြစ်ခဲ့သမျှကို လွယ်လွယ်မေ့ပျောက်ဦးမှာပါ။

ဒါဟာ ကျွန်တော်နဲ့သူမအတွက် မဆန်းတဲ့ ကာလတွေ ပဲလေ။

ဒါပေမဲ့ ရင်ထဲမှာ အစိုင်အခဲ အမှုန်အစတွေ တဖြည်း ဖြည်းနဲ့ များလာခဲ့တယ်။ ဘာကြောင့်လည်းဆိုတော့ မတူညီ တဲ့ သဘောထားတွေ ရှိနေသမျှ . . .

~ ~ ~

ဗိုလ်ချုပ်ဈေးထဲက ကျော်ဆန်းတို့ဆိုင်မှာ စကားတွေပြော



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေငမ်းပြီး ဆိုင်ထဲက ထွက်လာလာချင်း ဈေးပတ်လမ်းလောက်တော့ ပတ်ဦးမှတွေးရင်း လျှောက်လာခဲ့သည် ဟိုကောင်တွေဆီ သွားရရင်ကောင်းမလား။ ဒါမှမဟုတ် အိမ်ကိုပဲ ပြန်ရင်ကောင်းမလား စဉ်းစားလာရင်း တစ်စုံတစ်ခုနဲ့ တိုက်မိမှန်း နောက်ကျပြီးမှ သိခဲ့ရသည်။ တိုက်မိမိချင်း သူ့နှုတ်က . . .

"ဟာ မတော်လို့နော်"

"ဘုတ်"

အထုပ်တချို့ ပြုတ်ကျသံနှင့် သူ့ရှေ့က အမျိုးသမီးကို ကြည့်လိုက်တော့ . . .

"ဝေနွယ်"

"ကိုသား"

နှစ်ဦးလုံး တစ်ပြိုင်နက်တည်း ခေါ်မိရင်း တစ်ဦးနဲ့ တစ်ဦး ရယ်မိကြပြန်သည်။

သူက ကျသွားတဲ့ အထုပ်တွေကို ဝိုင်းကူသယ်ရင်း အထူထွက်လာကာ . . .

"ပစ္စည်းတွေ များလှချည်လား ဝေနွယ်"

"ဟုတ်တယ် သိမ်ကြီးဈေးထဲ ဆေးခန်းအတွက် ပစ္စည်းတွေ ဝင်ဝယ်ရင်းနဲ့ ဗိုလ်ချုပ်ဈေးထဲမှာ ပစ္စည်းတစ်ခုမှာထား



www.burmeseclassic.com

www.burmeseclassic.com



တာ ဝင်ယူတာ ကိုသားရဲ့"

"ကားမပါဘူးလား"

သူက မရမ်းစေ့ရောင် နှုတ်ခမ်းဆိုးဆေး ဆိုးထားတဲ့ နှုတ်ခမ်းသားတွေ တင်းသွားအောင် ပြုံးပြီး . . .

"ကားက ဘတ်ထရီဒေါင်းနေတယ်လေ၊ ကျွန်တော့်တစ်စီးကလည်း မေမေတို့သွားစရာရှိတယ်ဆိုတာနဲ့ တိုင်စီနဲ့ပဲ လာခဲ့တာ"

တန်ဖိုးကြီးပါတိတ်ကို အထက်အောက် ဆင်တူဝတ်ထားတဲ့ သူမသည်ကြွေသိကၡာလွှမ်းခြုံထားတဲ့ ခြေလှမ်းများဖြင့် မြင်သူတိုင်း ရင်အေးသွားစေတဲ့ ငြိမ်းအေးသော အလှတရားဖြင့် တည်တည်ငြိမ်ငြိမ်။

"ကျွန်တော် လိုက်ပို့ပေးမယ်လေ ဝေနွယ်"

သူမက အံ့ဩဟန်ဖြင့် ခေါင်းငုံ့ကြည့်ရင်း . . .

"အလုပ်ပိုပါတယ် ကိုသားရယ်၊ ကျွန်မ တိုင်စီငှားသွားလည်း ရနေတာပဲ"

"အားနာမနေပါနဲ့ ဝေနွယ်ရာ၊ ကျွန်တော်အားပါတယ်လို့ ပြောပြီးနေပြီပဲ"

သူမက အားနာဟန် ငြင်းဆန်မှုကို သူက ဇွတ်အတင်း ပြောတော့ ဝေနွယ်က ဘာမှထပ်မပြောတော့ . . .

ဈေးရုံရဲ့ ရွှေဆိုင်တန်းတွေဘက် ရောက်တော့ဝေနွယ်က သူ့ဘက်ကို ငဲ့ကြည့်သည်။

"အပ်ထည်လေးတစ်ခုဝင်ယူစရာရှိလို့ခဏလေးကိုသား"

သူက 'သွားလေ' လို့ပြောရင်း သူမချိုးကွေ့ရာဘက်ကို လိုက်လျှောက်မိသည်။

ရွှေဆိုင်တစ်ခုရှေ့ရောက်တော့ သူမက ရပ်ရင်း ဘေးခြားဆိုင်နဲ့ လှမ်းစကားပြောနေတဲ့ ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသူ အဒေါ်ကြီး တစ်ဦးကို . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

အခေါ်ခံရသူ မိန်းမကြီးက သူမဘက် လှည့်ကြည့်ရင်း

"မိနွယ်ရပြီသမီး၊ ညည်းမှာထားတဲ့အတိုင်း အဆင်ပြေတယ်၊ ကြေ့ဉ်"

သူ့ဘက် လှည့်ကြည့်ရင်း တစ်ချက်စူးစမ်းတယ်။ ပြီးတော့ နှုတ်သွက်အာသွက်တဲ့စကား . . .

"ညည်းအမျိုးသားလည်း ပါလာတာကိုး၊ စေ့စပ်ပွဲက ဘယ်တော့လဲ၊ မမကြီးတို့က ငါ့ကိုဘာမှလည်းမပြောကြသေးပါလား"

မိန်းမကြီးရဲ့ ဖွတ်တရွတ်စကားကြောင့် ဝေနွယ်နဲ့ ကျွန်တော် တစ်ဦးကိုတစ်ဦး ပါးစပ်အဟောင်းသားနဲ့ ကြည့်မိကြသည်။ သူမ ပါးပြင်တွေ၊ နားရွက်တွေ ရဲတွတ်သွားအောင်ဖြစ်နေတာ ကျွန်တော် မြင်တွေ့နေခဲ့ရတာပေါ့။ ပြီးတော့ သူမက သူ့အဒေါ်ကို

"မဟုတ်"

"ငါသိပါတယ် မိနွယ်ရာ၊ ညည်းနဲ့တွဲပြီးဆိုကလည်းကဒီ သူငယ်ဟာ လူရိုးလူကောင်းမှန်း ငါသိပါတယ်"

"မဟုတ်ဘူးဒေါ်လေးရဲ့"

သူမရဲ့ စိတ်ပျက်လက်ပျက် ငြင်းတဲ့စကားကြောင့် မိန်းမကြီး ဘာအဓိပ္ပာယ်ကောက်လွဲသွားမှန်းမသိ။ မျက်လုံးကြီးပြူးဆွဲထားတဲ့ စိန်လော့ကပ်သီးကြီးက နာရီချိန်သီးလို လှုပ်ယမ်းနေပြီး . . .

"မဟုတ်ဘူး၊ ဟင် ဒါဆို ညည်းတို့တွဲနေတာ ညည်းအမေ မသိဘူးပေါ့ မိနွယ်၊ စိတ်မပူပါနဲ့အေ ငါတို့လည်း ရှိနေတာပဲ ဟုတ်တယ်နော် ငါ့တူ"

"ဒုက္ခပါပဲ ဒေါ်လေးရယ်၊ ဒေါ်လေးပြောမှ မိုးနေပြီ"

ဝေနွယ်ရဲ့ စိတ်ညစ်ညည်းညူတဲ့အသံကို နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်းသူ ပြုံးယောင်ယောင်ဖြစ်မိကာ လက်ကာတားမိသည်။ ပြီးတော့လည်း

"ပြောမနေနဲ့တော့ ဝေနွယ်၊ ပိုဆိုးလာလိမ့်မယ်"

ဝေနွယ်ကမျက်ခုံးမြှင့်သက်ပြင်းချကာကြိုက်သလိုပြောပေတော့ ဆိုတဲ့ အမူအရာပြသည်။ ဒီတော့အခါမှ သူမ အဒေါ်ဆိုသော မိန်းမကြီးလည်းအသံတိတ်ကာ သူမအပ်ထားသော လော့ကပ်သီးကို ထုတ်ပေးသည်။

စကားအနည်းငယ်ပြောပြီး သူမနဲ့သူ ဆိုင်ထဲကထွက်လာခဲ့သည်။ သူမရဲ့ အိမ်အပြန်လမ်းမှာ သူ့ကို သူမက

"ခုနကိစ္စအတွက်ကိုသားကိုကျွန်မအရမ်းအားနာတာပဲ"

သူက ကားကို ကျင်လည်စွာမောင်းနှင်ရင်း . . .

"ကျွန်တော်ကတောင် ဝေနွယ့်ကို ပြန်အားနာနေတာ၊ ကိစ္စမရှိပါဘူး ဝေနွယ်ရာ"

သူမအိမ်ရောက်တော့အန်တီဒေါ်လေးနွယ်ကသူတို့နှစ်ယောက် လျှောက်လာတာကိုကြည့်ရင်းအံ့သြကြည်နူးတဲ့မျက်ဝန်းနဲ့ ကြည့်နေတယ်။ ဒီမျက်လုံးတွေရဲ့ အဓိပ္ပာယ်ကို ဝေနွယ်လည်း သိရှိပုံရတယ်ထင်တယ်။ သူ့ကိုပါရဲရဲ ရင်ဆိုင်ဖို့ မဝံ့မရဲ ဖြစ်ဟန်တူပါရဲ့။

သူလည်း သူမမိခင်နဲ့ စကားခဏသာပြောပြီး ပြန်ထွက်လာခဲ့သည်။

အပြင်ရောက်တော့မှ ဟူး မလွယ်ပါလားလို့သက်ပြင်းကို လွတ်လွတ်လပ်လပ် ချမိသည်။

~ ~ ~

စားပွဲပေါ်သို့ ရောက်လာသည့် စားသောက်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



စုံတော့ ဗိုးကျော်က သူ့နားတိုးတိုးကပ်ပြီး 'မင်းချဉ်းမလား' လို့ တိုးတိုးကပ်မေးပါတယ်။ သူက 'မလုပ်တော့ဘူးကွာ'လို့ ပြောတော့ 'နည်းနည်း ပါးပါးလောက်တော့ ကစ်စမ်းပါကွာ' လို့ ဒီကောင်ကထပ်ပြောလာ ပြန်၏။ မိုးဇော်တို့ကလည်း 'ဟုတ်တယ်ကွာ ဘီယာလောက်တော့ မှာမှဖြစ်မှာ'လို့ ပြော သည်။ ဒီပွဲရဲ့ ကာယကံရှင်ဖြစ်တဲ့ ဗိုးကျော်က စားပွဲထိုးနား ကပ်ပြီး ဘီယာနှစ်ဂျားမှာသည်။

မိုးညီအစ်မနဲ့ ပန်းနုရောင်က စကားတွေပြောရင်း တဟား ဟား ရယ်နေသည်။ နေ့လည်ထဲကမှာထားသဖြင့် သူတို့အ တွက် စပါယ်ရှယ် ကြိုတင်ပြင်ဆင်ပေးထားတဲ့အတွက် သူတို့ ရောက်လာတော့ သိပ်မကြာခင်မှာ အစားအသောက်တွေလာ ချသည်။

သူတို့စားပွဲဝိုင်းနှင့်မှ လူငယ်ဝိုင်းတစ်စု။ နောက်မိသားစု ဝိုင်းတစ်စု။ ဒါသာရှိခဲ့ပါသည်။ စောသေး၍လည်း ဖြစ်မည်ထင်ပါရဲ့။ ဘီယာဂျားတွေလာချတော့ မိုးညီအစ်မက နှာခေါင်းရှုံ့ပြီး ဗိုးကျော်ကိုတားသည်။ သူမက သူ့ကို သောက်ပါလို့လည်းမပြော၊ မသောက်ပါနဲ့လို့လည်းမပြော၊ မသောက်ပါနဲ့လို့လည်းမတား၊ အဲဒီအတွက် သူနည်းနည်း ကသိကအောင့်ဖြစ်မိတာ အမှန်ပဲ။ အနည်းဆုံး သူမဆီက



www.burmeseclassic.com

www.burmeseclassic.com



ငြူစူသံလေးတော့ သူကြားချင်သည်။

ဒီမေးခွန်းကို သူဖွင့်မမေးခင်မှာ မွေးနေ့ရှင်ဖြစ်တဲ့ ဖိုးကျော်က မေးပေးသည်။

"ပန်းရောင် နင်ကရော နင့်လူကို မတားဘူးလား"

သူမက လက်ကိုပိုက်၊ ခုံကိုမှီထိုင်ရင်း သူ့ဆီဦးတည် ကြည့်ကာ . . .

"မတားပါဘူး။ ဒါ သူ့စိတ်နဲ့သူ သောက်တာပဲ"

အဲဒီစကားသံဟာသူ့အတွက် နည်းနည်း အခံရခက်စေ တယ်။ နဂိုထဲကမှ သူက ဘီယာကို သိပ်မကြိုက်တတ်။ ဒါပေမဲ့ သူဘီယာ တစ်ခွက်ငှဲ့ထည့်ပြီး သောက်နေမိသည်။

ဘီယာနည်းနည်းပါးပါးဝင်လာတော့အူမြူးလာတယ်။ မိန်းကလေးတွေကတော့ မှာထားတဲ့ အစားအစာတွေကို စ စားနှင့်နေပြီ။ ဒီလိုနဲ့ တစ်အောင့်ကြာတော့ မွေးနေ့ရှင် ဖိုးကျော်က

"ပန်းရောင်ငါ့မွေးနေ့အတွက်နင်စင်ပေါ်မှာသီချင်းတစ်ပုဒ်ဆို ပေး"

"ဟာ မဆိုချင်ပါဘူး"

သူမရဲ့ ငြင်းပယ်စကားကို မိုးညီအစ်မကပါ လက်မခံ။ သူမကို ဆွဲထူရင်း . . .

"ဟုတ်တယ် ပန်းရောင်၊ နင်သီချင်းတစ်ပုဒ်လောက် ဆိုဟာ"

"နင်ဈေးမကိုင်နဲ့မိပန်း၊ ငါ့မွေးနေ့ကို ချီးမြှင့်တဲ့ သဘော အနေနဲ့ဆိုဟာ"

သူမကိုဖျည်းပြောရင်း အနီးက (ဝိတ်တာ)တစ်ဦးကို ဖိုးကျော်က ခေါ်ကာ အကျိုးအကြောင်း ပြောပြသည်။ နောက် တော့(ဝိတ်တာ) လေးက စင်မြင့်သို့သွားကာ တစ်အောင့်ကြာ တော့ ဖိုးကျော်ကို 'အဆင်သင့်ဖြစ်ပြီလား သစ်ကို' လို့



www.burmeseclassic.com

www.burmeseclassic.com



လာပြောတယ်။ သူမလည်း ငြင်းမနေတော့ဘဲ ခပ်လှမ်းလှမ်းက စင်ပေါ်သို့ တက်သွားတယ်။

ခပ်ရင့်ရင့်ဂျင်းပင်ပြာနဲ့ ဖလန်ထည်အကွက် အကျႌအောက်စ နှစ်ဖက်ကို ခပ်တင်းတင်းချည်နှောင်ရင်း သူမပုံစံက ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ဟန်ပန်နဲ့ စင်ပေါ်တက်သွားပြီး (Piano) ပီယာနိုသမား ကို ကီးနဲ့ကော့တွေကို ရွတ်ပြသည်။ သူမကအနက်ရောင်ပြောင်လက်နေသော ဟော်လိုဂစ်တာကို ရင်ဝယ်ပိုက် ခုံရှည်ပေါ်ခွထိုင်ရင်း ကြိုးကို တစ်ချက်နှစ်ချက်စမ်းကာ ပီယာနိုသမားကို အချက်ပြသည်။

စထွက်လာတဲ့ ပီယာနိုနဲ့ ဂစ်တာသံကြောင့် သူ အံ့ဩသွားတယ်။ သူမရဲ့ ဂီတာတီး ကျွမ်းကျင်ပုံ Black Mooe ရဲ့ Voice Moon ကို အင်ထရို တီးခတ်ပုံကိုက တကယ့်ကျွမ်းကျင်တဲ့ဂစ်တာ သမားတစ်ယောက်ပုံစံ။

ပြီးတော့အဆိုရှင် (Night) ရဲ့ အသံကဲ့သို့ ချိုချိုလွင်လွင်လေး . . .

တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းထဲမှာ နောက်ဝင်လာတဲ့ ဝိုင်းတွေရောရှိပြီးသားဝိုင်းတွေကပါ သူ့ဆီအာရုံရောက်နေကြသည်။ ဖွန်းသံခက်ရင်းသံတွေတိတ်ဆိတ်သွားအောင်ပန်းနုရောင်က မှော်ဆရာမတစ်ယောက်အဖြစ် လက်ရှိကာလကို ဖမ်းစားနိုင်ခဲ့သည်။

သီချင်းပြီးသွားတော့ တခြားဝိုင်းမှ ကောင်လေးနှစ်ယောက်က နှင်းဆီပန်းတစ်ပွင့်စီ ယူဆောင်လာရင်း သူမကို နောက်တစ်ပုဒ် ထပ်တောင်းသည်။ အဲဒီမြင်ကွင်းဟာ သူ့အတွက် အခံရခက် ပူလောင်နေတယ်။ သူကလွဲပြီး ပန်းနုရောင်ဆီက အပြုံးကိုလက်ခံယူဝေ့ဖို့ဆိုတာ အတွေ့ကြီးတယ် ပြောချင်ပြော သူမလိုလားတာ အမှန်ပင်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ အသံကျယ်ကျယ် တောက်ခေါက်သံကြောင့် မေမိုးတို့ ညီအစ်မတွေပါ မျက်စိမျက်နှာပျက်ကုန်ကြပါ၏။ သူ စားပွဲဝိုင်းမှ ထရပ်ကာ . . .

"မင်းတို့ပြီးရင်လိုက်ခဲ့ကြ၊ ငါ ကားထဲမှာရှိမယ်"

"ဟော့ကောင်ဟာ ပြောရဆိုရခက်တဲ့ကောင်ကွာ၊ နေဦးဆို"

"ကိုသား"

"သားငယ်"

သူတို့တားဆီးသံတွေ ခေါ်သံတွေကိုမကြားသလိုပြုရင်း သူ ကားပါကင်ဝင်းထဲက သူ့ကားဆီ လျှောက်လာခဲ့သည် ကားဘောနက် အဖုံးပေါ်တက်ထိုင်ရင်းပန်းနုရောင်အပေါ် ဒေါသစိတ်က တလိပ်လိပ်။

သူရှိရဲ့သားနဲ့ တခြားလူတစ်ယောက်နဲ့ အရမ်းရင်းနှီးရော နိုင်လွယ်တယ်လို့ သူထင်မှတ်ခဲ့သည်။ သူထင်မြင်ချက် သူ့အတွေးဟာ အရမ်းတစ်ဖက်သက် ဆန်ချင်လည်း ဆန်နေမှာပဲ။

"အလကားမိန်းမ"

သူနှုတ်က မထိန်းနိုင်ဘဲ ထွက်သွား၏။

သိပ်မကြာခင်မှာ သူမတို့ရောက်လာသည်။ ကျန်တဲ့ သူတွေကတော့ မျက်စိမျက်နှာအပျက်ပျက်။ သူမကတော့ သွေးအေးတဲ့ ဆာမူရိုင်းတစ်ယောက်လို သူ့ရှေ့မှာ လာရပ်၏။

"မင်းဒီမှာ ဘာလာရပ်နေတာလဲ၊ သီချင်းသွားဆိုဦးလေ"

သူ့ရဲ့ ယောကျာ်းတန်မဲ့ အထေ့အငေါ့စကားဟာ သူမအ တွက် စိတ်ပျက်ညည်းညူဖွယ် ဖြစ်လောက်စေပါရဲ့။

"နင် ဘာဖြစ်ရပြန်တာလဲ မောင်၊ နင် တကယ် စိတ်ပျက် ဖို့ကောင်းတဲ့ ကောင်လေးပဲ"

"ခြေဘ် စိတ်ပျက်တယ်ဆိုတဲ့ စကားလုံးကြောင့် နင်သုံး



www.burmeseclassic.com

www.burmeseclassic.com



နိုင် ပြီကိုး၊ အေးပေါ့လေ နင့်စိတ်မှာ ငါ့ကို ငြီးငွေ့သွားတာလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့''

သူမက သူ့ကို အံ့ဩသလို နားလည်ရခက်သလို ကြည့်ပြီး

''နင် မိန်းမသိပ်ဆန်နေပါလားမောင်၊ နေပါဦးငါ့မှာ ဘာအပြစ် ရှိလို့ နင်က ဒေါသဖြစ်နေရတာလဲ၊ စင်ပေါ်မှာ သူတို့တောင်းဆိုလို့ သီချင်းဆိုပေးလိုက်ရတာ အပြစ်လား၊ ဒါမှမဟုတ် ငါဆိုတဲ့ သီချင်း အတွက် ဂုဏ်ပြုချီးမြှင့်တဲ့ နှစ်ဆီနှစ်ပွင့်က အပြစ်လား''

''အေး ဟုတ်တယ်၊ ငါလည်း တည့်တည့်ပြောချင်နေတာ ပန်းနုရောင်၊ အဲဒီနှင်းဆီနှစ်ပွင့်မှာ မပြစ်မရှိပေမယ့် နှင်းဆီလာပေး သူတွေရဲ့ မျက်လုံးတွေ အကြည့်တွေမှာ အပြစ်ရှိတယ်။ နင် ငါတစ်ယောက်လုံး ရှိနေတာ ကိုယ့်အသိစိတ်နဲ့ နားလည်ပေးရမယ်၊ ငြင်းဆန်လိုက်ရမှာပေါ့။ အခုတော့ဟာ''

သူမက အခံရခက်နာကျင်တဲ့ မျက်ဝန်းနဲ့။ ပြီးတော့ တစ်စိမ့်စိမ့် အထိနာသူရဲ့ စကားသံတိုးတိုး . . .

''နားလည်ပေးရမယ် ဟုတ်လား၊ အဲဒီစကားဟာ နင်အစောကြီးထဲကသိရင် ဒီပြဿနာဟာ ဒီလောက်ကြာရှည်သွားမှာ မဟုတ်ဘူး၊ နင်အပါအဝင် ဖိုးကျော်တို့ကရော ခုနစားသောက်ဝိုင်းမှာ နားလည်ပေးလို့လား''

''ငါတို့မိန်းကလေးတွေ ရှိရက်နဲ့ ဘီယာတွေသောက် ပျော်မြူးနေကြတာ ငါတို့ကို ထည့်တွက်လို့လား၊ ငါတို့ဟာ နင်တို့ဇနီးသည်တွေ မဟုတ်ဘူးမောင်၊ ဘီယာသောက်သူတွေရဲ့ဘေးမှာ ပြုံးပြုံးလေးထိုင်ပြီး ငည့်ခံနေရအောင် မိန်းမပျက်တွေလည်းမဟုတ်၊ နင်ထည့်စဉ်းသစားပေးရဲ့လား၊ နင်တို့စိတ်ကရော မျှတမှုရှိရဲ့လား၊ နင်တို့ ပျော်ရွှင်မှုကို ဖျက်ဆီးချင်တာနဲ့ မိမိုးတို့ကိုတောင် ငါတားပေးသေးတယ်၊ အဲဒါရော



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုပဲလား''

သူမရဲ့ တရစပ် ပြောစကားအောက်မှာ သူမှမဟုတ်ပါဘူး။ ဖိုးကျော်တို့ပါ ငိုင်တွေသွားစေတယ်။ ပထမဦးဆုံး ရန်နောင်က

''ဟုတ်တယ် ငါတို့သိပ်မှားသွားတယ်၊ နင်တို့ကိုထည့် မတွက်မိဘူးဟာ''

''ဟုတ်ပါတယ်ဟာ ငါတို့အပျော်ကျူးနေတာနဲ့ နင်တို့ကို မေ့သွားတာ ပန်းရောင်''

သူမက ဘာမှပြန်မပြော။ သူကသာ . . .

''အဲဒါတွေက နင့်ကိုနင် ကာကွယ်တာပဲ၊ ဒီလောက် လေးနဲ့တော့ နင်ဘာမှ ဖြစ်မသွားနိုင်ဘူး ပန်းရောင်''

သူ့ရဲ့ အတင်းဖွတ်တရွတ် ခေါင်းမာမှုကို ဖိုးကျော်တို့ကပါ အားနာဟန်ပြု၏။

''ဟာ . . မင်းကလည်းကွာ''

''မင်း ခေါင်းမမာစမ်းပါနဲ့ သားငယ်ရာ''

သူဘာမှပြန်မပြော။ သူတို့ကို မခေါ်၊ စကားလည်း ဆက်မ ပြောတော့ဘဲ ကားတံခါးဖွင့် ကားပေါ်တက်ကာ အရှိန်နဲ့မောင်း ထွက်လာခဲ့သည်။ သူမကတော့ သူမကျန် နေခဲ့ရသည့်အတွက် စိတ်မကောင်းဟန်လည်းမပြ။ တကယ် တော့ ပန်းနုရောင်ဆိုတာ သူ့စိတ်ခံစားချက်ကို ဘယ်တော့မှ ထုတ်မပြောတဲ့ပန်းကလေး တစ်ပွင့်ပဲလေ။

~ ~ ~

သူ့အိပ်ရာပေါ်ကို ကန့်လန့်ဖြတ်လှဲနေတဲ့ ဖိုးကျော်က



www.burmeseclassic.com

www.burmeseclassic.com



"မင်း အတ္တသိပ်များတဲ့ကောင်ပဲဖိုးသား၊ မင်းက မင်းအပြစ်ကို ဝန်မခံရဲဘူး"

သူစာရေးစားပွဲမှာ ဝင်ထိုင်ရင်း စားပွဲပေါ်က ဘောပင်ကို ဆော့ကစားနေမိသည်။ ပြီးတော့ ဖြစ်နေကျအတိုင်း မတည်ငြိမ်တဲ့ နောင်တတွေနဲ့ အခြေမကျဖြစ်နေခဲ့၏။

"မင်းက လုပ်ပြီးသွားရင် နောင်တရလိုက် ပြီးရင်တစ်ဖက်သားကို စော်ကားလိုက်နဲ့"

သူ ခေါင်းခါရမ်းရင်း . . .

"ဖိုးကျော် မင်း ငါ့ဆီလာတာ အပြစ်ပြောဖို့ လာတာလား"

ဖိုးကျော်ကပက်လက်လှန်နေရာမှတစ်ပတ်လှိမ့်ကာ ခေါင်းထောင်ကြည့်ပြီး . . .

"ဟ . . မင်းက ငါ့သူငယ်ချင်းပါ သားငယ်၊ နာစရာရှိရင် မင်းဘက်က ငါနာရမှာပေါ့။ ဒါပေမဲ့ မင်းမှားနေတဲ့ အမှားကြီးက အကျင့်ပါသွားမှာ စိုးလို့ကွ"

"မင်းတို့က သူ့ဘက်ကပဲ ပါနေတာကိုး"

"ပါရမယ် သားငယ်၊ ငါတို့ကလည်း ငါတို့ပဲလေ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ငါတို့ဆွေမျိုး မောင်နှမသားချင်းတွေဆိုရင် ဒီလို အနေအထားမျိုးဖြစ်ပါ့မလား။ အဲဒီအချက်ကို မစဉ်းစားမိတာကိုက ငါတို့အမှားပဲ"

သူ ငိုင်တွေတွေဖြစ်နေရပြီ . . .

"ငါ ဘာလုပ်ရမှာလဲ"

ဖိုးကျော်ကအမြင်ကပ်စရာကောင်းအောင်ညစ်ရယ်ရယ်ပါတယ်။

"မင်းပြောလိုက်ရင် ငါဘာလုပ်ရမလဲ၊ ငါမှားသွားသလား၊ ဒီမေးခွန်းကို မင်းအလွတ်မျှား ကျက်ထားတာလားသားငယ်၊ မင်း ဘာလုပ်ရမလဲဆိုတာ မင်းကိုယ်မင်းအသိဆုံးပါ။ ငါတို့ ပြောမှသိမယ်ဆိုရင် မင်းအခြေအနေက သိပ်မကောင်းတော့ဘူးဖြစ်နေမယ်"

သူ့ရဲ့ တိတ်ဆိတ်မှုကို ဖိုးကျော်က အကဲခတ်ရင်း

"မင်းတောင် သူ့အပေါ် သဝန်တိုနေသေးရင် မင်းမနေ့က ဈေးထဲမှာ မိန်းကလေးတစ်ယောက်နဲ့တွဲပြီး ဈေးဝယ်ထွက်ကြတာ သူသိနေတယ်ဆိုရင် မင်းအံ့ဩမလား"

အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရတဲ့စကားတစ်ခွန်းကြောင့်သူ ပြင်ဆင်ချိန်မရလိုက်။ အံ့အားသင့်စေတာတော့ သိပ်သေချာသည်။

"ဘယ်လို ဘယ်လို ငါ"

"ဟုတ်တယ်၊ မနေ့က မေမိုးတို့ ဈေးထဲမှာ ရှိနေတယ်လေ၊ မင်း မိန်းကလေးတစ်ယောက်နဲ့ တွဲသွားတွဲလာလုပ်တာ မေမိုးတို့ကမြင်တော့ သူတို့ သူငယ်ချင်းကို ပြောပြီပေါ့"

"သူ ငါ့ကို ဘာမှမပြောပါလား ဖိုးကျော်"

ဖိုးကျော်က သူ့ကို သနားသလိုကြည့်တယ်။

"မင်း မိန်းမတစ်ယောက်ရဲ့စိတ်ကို အကဲမခတ်နိုင်သေးပါဘူး။ အထူးသဖြင့် ပန်းနုရောင်ရဲ့ စိတ်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနုရောင်ရဲ့စိတ်ကို"

သူ့ရဲ့ သံယောင်တိုင်တည်စကားကို ဖိုးကျော်က ခေါင်းညိတ်ခြင်းဖြင့် အတည်ပြုပါတယ်။

"ဟုတ်တယ်၊ ပန်းနုရောင်ရဲ့ စိတ်ကို မင်းသေသေချာချာနားမလည်နိုင်သေးဘူး၊ မင်း ပန်းနုရောင်ရဲ့ ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ဘာတွေရှိနေသလဲဆိုတာသိရင် မင်းတို့ရဲ့ ပဋိပက္ခတွေဟာ ထပ်ထပ်ပြီးဖြစ်လာတော့မှာ မဟုတ်ဘူးသားငယ်"

သူ့အာရုံထဲသို့ ဖိုးကျော်ရဲ့ စကားလုံးတွေထက် သူမပုံရိပ်က တိုးတိုးပြီးဝင်လာတယ်။ ဝင်လာတိုင်းလည်း သူမဆီကို ချက်ချင်းသွားချင်စိတ်က ဖိစီးနေ၏။ သူ ဝုန်းခနဲထရပ်တော့ ဖိုးကျော်က အလန့်တကြား . . .

"မင်း ဘယ်လဲ ဟေ့ကောင်"

သူ တန်းပေါ်က ရှပ်အင်္ကျီတစ်ထည် ကောက်ဝတ်လိုက်ရင်း တံခါးဝမရောက်မီ . . .

"ငါ ပန်းနုဆီသွားမလို့ "

"လုပ်ပြီ၊ သည်းကြရင်လည်း မင်းတို့ပဲ"

သူ ဘာမှပြန်မပြောဘဲ ဖိုးကျော်ကို ထားရစ်ခဲ့ကာအောက် ထပ်သို့ ဆင်းလာခဲ့သည်။ မေမေ့ရှေ့က သူဖြတ်တော့ . . .

"ဘယ်လဲသား"

"ကျွန်တော့်အသိ တစ်ယောက်ဆီကိုပါ"

"ဟဲ့ ဖိုးကျော်ရော"

သူက ကားသော့ကို ဖုန်းစင်ပေါ်မှ လှမ်းယူရင်း . . .

"အခန်းထဲမှာမေမေ၊ ပြန်ချင်ရင် သူ့ဘာသာပြန်နိုင်လိမ့်မယ်"

"ဒီကောင်လေးကတော့ သူငယ်ချင်းကိုလားပြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်မေမေရာ"

သူ မေမေ့ကိုပြောအပြီးမှာ ဖိနပ်စင်သို့သွားကာ ဖိနပ်တစ်ရံ ကောက်စွပ်ကာ ကြိုးချည်နေလေ၏။ သူ ဖိနပ်ကြိုးချည်နေစဉ်အတွင်း သူ့ရဲ့ကားနောက်သို့ ထိုးရပ်လာသော ဖေဖေ့ကား 'စောလှ ချည်လား' လို့ တွေးမိစဉ်မှာပင် ကားတံခါးဖွင့်ဆင်းလာသော ဖေဖေ့ကို တွေ့ရသည်။ သူဖိနပ်ကြိုးချည်ခြင်းပြီးဆုံးတဲ့နောက်မှာ ထရပ်တော့ ဖေဖေက . . .

"ဘယ်လဲသား"

"သူငယ်ချင်းတစ်ယောက်ဆီကိုပါ ဖေဖေ"

"ဖေဖေ ဒီနေ့စောလှချည်လား"

သူ့စကားကို ဖေဖေက . . .

"အေးကွာ ခေါင်းထဲမှာ မူးရိပ်မူးရိပ်နဲ့ ပရပ်ရှာတက်ဦးမယ်နဲ့ တူပါတယ်ကွာ"

ဖေဖေ့စကားကြောင့် စိတ်ပင်ပန်း နွမ်းနယ်နေပုံရတဲ့ ဖေဖေ့ မျက်နှာကို သတိထားမိလိုက်သည်။

"ဟင် ဒါဆို သားဘာလုပ်ပေးရမလဲဖေဖေ"

ဖေဖေက လက်ကာပြရင်း

"ရပါတယ်သားရယ်၊ ခဏနားလိုက်ရင် သက်သာသွားမှာပါ၊ သား သွားစရာရှိတာသွားပါ၊ သွား သွား"

ဖေဖေစကားကြောင့် ဖေဖေ့ကို အကဲခတ်ကြည့်ရင်း စိတ်စ နိုးစနောင့် ဖြစ်သွားတယ်။ ကားကို မောင်းလာရင်း ဖေဖေ့အ ကြောင်း တွေးလာမိပြန်သည်။ အလုပ်ဖွဲ့ကြီးသော ဖေဖေသည် ပင်ပန်းတဲ့ဒဏ်ကြောင့် တစ်ခါတစ်ရံ သွေးတိုးတတ်သည်။ သွေးတိုးတိုင်းလည်း ဖေဖေ ဝေဒနာကို ဖုန်းဆက်ခေါ်မှာ သေချာသိနေ၏။

~ ~ ~

ပန်းနုရောင်တို့ ရပ်ကွက်ထိပ်ရောက်တော့ ကားကို အရှိန်



www.burmeseclassic.com

www.burmeseclassic.com



လျှော့ မောင်းလာခဲ့သည်။ ဒီကောင်မလေးတော့ မနေ့က သူနဲ့ဖြစ်တဲ့ ပြဿနာကြောင့် သူ့ကိုစိတ်ဆိုးနေမှာလား။ ဒါမှမဟုတ် ဝမ်းနည်းနေမှာလားလို့ တွေးနေမိသည်။ ဒေါသဖြစ်ပြီး ပြန်ချော့တိုင်းလည်း သူ့ကို စိတ်ဆိုးမာန်ဆိုးနဲ့ "ဟော့ ကောင်လေး" အစချီပြီး အစ်မကြီးတစ်ယောက် အိုက်တင်ဖမ်းကာ သူ့ကိုဂျီကျတော့မှာ ကျိန်းသေသိ၏။

သူမတို့ လမ်းကလေးဟာ တိတ်ဆိတ်ငြိမ်သက်နေပေမယ့် လမ်းထိပ်ကလေးကတော့ ဆိုင်ခန်းပေါင်းများစွာဖြင့် စည်ကား၏။ မာတ်ပုံဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ နောက်ပြီး အခွေငှားဆိုင်တွေ အစရှိသည်ပေါ့လေ။

လက်ဖက်ရည်သောက်ချင်သူတွေ တစ်ခုခုအသုံးဝင်လို့ လိုအပ်လျှင် လမ်းထိပ်မှာ ထွက်ထွက်ဝယ်ရသည်။ သူဓာတ်ပုံဆိုင်ရှေ့က ဖြတ်တော့ ပန်းနုကို ကောင်တာမှ လူတစ်ယောက်နှင့် အချီအချ ငြင်းခုံနေတာ သူ တွေ့လိုက်ရသည်။

သူ ကားရပ်ကာ ဆိုင်ထဲဝင်လာတော့ ကောင်တာက လူက သူ့ကိုအရင်မြင်တယ်။ သူ ပန်းနုနံဘေးမှာရပ်ရင်း

"ပန်းရောင် ဘာဖြစ်နေတာလဲ"

သူ့အသံကြောင့် သူ့ကိုလှည့်ကြည့်ကာ . . .

"ဟာ မောင်ခဏလေး၊ ဒီမယ် ဒါကျွန်မပုံ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘယ်နှစ်ခါ ထပ်ပြောရမှာလဲ''

သူမက သူနဲ့ စိတ်ဆိုးနေတာမေ့ပြီး ကောင်တာကလူကို ရှားရှားပါးပါး မိန်းမဆန်စွာ ရန်တွေ့နေသည်။ ကောင်တာကသူ တို့ ထက်ငယ်မည့်ပုံရသော လူရွယ်ကခေါင်းကုတ်ရင်း . .

''မနောက်ပါနဲ့အစ်မရာ၊ ဒါအစ်မပုံပါ''

လူရွယ်ကလည်း အတင်းအဓမ္မ ငြင်းဆန်၏။

''နင် မျက်လုံးမပါဘူးလား၊ ငါ့ပုံမဟုတ်ပါဘူးဆို''

''မျက်လုံးပါလို့အစ်မပုံပါလို့ကျွန်တော်ပြောနေရတာပေါ့အစ်မရဲ''

သူတို့ ငြင်းခုံမှုတွေကြောင့် သူခေါင်းရှုပ်သွားကာ ပန်းရောင်ကို မေးမိ၏။

''ဘာတွေ ငြင်းနေတာလဲ ပန်းရောင်''

သူ့အမေးကို ပန်းရောင်က ဒေါသဖြစ်နေ၊ စိတ်ရှုပ်နေသော မျက်နှာနဲ့။

''ဒီမှာဟာ ငါ ခတ်ပုံကူးခိုင်းထားတာ ငါ့ပုံချည်းပဲ ဖွတ် အတင်းငြင်းနေတယ်၊ သူပေးတဲ့ပုံက ငါ့ပုံမှမဟုတ်တာ''

သူမစကားကို လူရွယ်က လက်ကာတားရင်း . . .

''မဟုတ်ဘူးအစ်ကို၊ ဒါ သူ့ပုံပါ''

''ပြစမ်းပါဦးကွာ''

သူ့စကားကြောင့် လူရွယ်က ကောင်တာပေါ်ကပုံကို သူ့ လက်ထဲ ထိုးပေးပါတယ်။ ပုံကိုကြည့်ရင်း သူကဇဝေဇဝါ ဖြစ်သွားတယ်။

''ဒါ ပန်းရောင်ပုံမှမဟုတ်ဘဲ၊ နေပါဦး၊ ဒီပုံမြင်ဖူးသလိုပဲ''

သူ့စကားကို လူရွယ်က လက်ခံချင်ပုံမရဘူး။

''ဟာ အစ်ကိုကလည်း ဒီအစ်မကြီးဘက်က ပါနေပြန်ပြီ''

''ဟ ပါနေတာမဟုတ်ဘူး၊ ဒါ သူ့ပုံမှ မဟုတ်တာ''

လူရွယ်က သူ့စကားကြောင့် ဂျစ်တစ်တစ်မျက်နှာနဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်သူ့ပုံလဲ"

"ဒီပုံက ငါ့အမေပုံဟဲ့"

"ဗျာ"

ကြားဖြတ်ဝင်ပြောလိုက်တဲ့ ပန်းရောင်စကားကြောင့် သူ့ဓာတ်ပုံကို အသေအချာကြည့်မိတော့ ခုနမြင်ဖူးတာကို သဘောပေါက်မိသည်။ လူရွယ်က အံ့သြနေပြီး။

"ဘယ်လိုကောင်မှန်းမသိဘူး။ သမီးမှန်းမသိ၊ အမေမှန်း မသိ ငါ့ပုံပြန်ရှာကြည့်ဦး"

သူမရဲ့ စကားကြောင့် လူရွယ်က ရွေးဓာတ်ပုံတွေကို ပြန်ရှာကြည့်သည်။

"တွေ့ပြီတွေ့ပြီ၊ ဒီမှာအစ်မပုံ"

သူမက အဲဒီလူရွယ်ဆီက ဖျက်ခနဲဆွဲလုတယ်။ ပြီးတော့လည်း

"နင့်မျက်မှန်လည်း ဒီဂရီတိုးထားဦး၊ ကြာလာရင် အထီးနဲ့ အမပါ ရွေးရခက်နေမယ်"

ပြောအပြီး သူမက ဆူပုတ်ပုတ်မျက်နှာနဲ့ ဆိုင်အပြင် ထွက်တော့ သူပါလိုက်ထွက်ရင်းရယ်ချင်စိတ်ဖြစ်မိသည်။ကား နားလျှောက်လာရင်း သူမက လူရွယ်အပေါ် ဒေါ်သာမပြေနိုင် တုန်း . . .

"ဘယ်လိုကြောင်တောင်တောင်နဲ့ လာတွေ့နေမှန်း မသိဘူး၊ ဒါနဲ့ မောင် ဘယ်သူ့ဆီလာတာလဲ"

သူ့ကိုလည်းလှည့်မေးရင်း ကားဆီလျှောက်လာပါတယ်။ သူက

"တက်လေပန်းရောင်၊ ငါ ခြံထဲအထိ လိုက်ပို့ပေးမယ်"

ပန်းရောင်က ကားတံခါးဆွဲဖွင့်ပြီး တက်ထိုင်တယ်။ သူ ကားကိုမောင်းထွက်ရင်း . . .

"နင့်ဆီမလာလို့ ငါ ဘယ်သူ့ဆီလာရမှာလဲ၊ မနေ့က



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအတွက် ငါ နင့်ကိုလာချော့တာ”

သူမက သူ့စကားကြောင့် သေချာစဉ်းစားမိပြီး . . .

“ဟာ ဟုတ်ပါရဲ့၊ ဟိုသေနာကို ရှင်းနေရတာနဲ့ စိတ်ကောက်ဖို့တောင် မေ့နေတယ်”

သူမစကားကြောင့် သူရယ်ချင်မိတယ်။ သူမက သူ့ကို မျက်စောင်းထိုးပါတယ်။ သူက ‘အစကပြန်စိတ်ကောက်လေ ပန်းရောင်’ ယို့ပြောတော့ သူမကထပ်ပြီး မျက်စောင်းထိုးပါသေးတယ်။ အဲဒီလိုနဲ့ စိတ်ကောက်ဖို့ မေ့နေတတ်တဲ့ ကောင်မလေး ကျွန်တော် သူမတို့ခြံထဲမှာ စကားတွေပြော၊ သူမအလုပ်လုပ်နေတာ သူ့ကို လက်တိုလက်တောင်း ဝိုင်းလုပ်ပေးသူနဲ့ ခင်မင်နေပြီဖြစ်သော ခြံထဲက အလုပ်သမားတွေနဲ့ သူမဦးလေးက သူတို့နှစ်ယောက်က စကြနောက်ကြနဲ့။ ပျော်ရွှင်စရာ ကောင်းခဲ့ပါတယ်။


**ပျော်ရွှင်စရာကောင်းတဲ့ အချိန်ဆိုတာ အကုန်မြန်တယ် တဲ့။**



www.burmeseclassic.com

www.burmeseclassic.com






ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဒီနိုင်း၁

သူမဆိုင်ထဲကို ဝင်လာတဲ့အချိန်မှာ မိုးက ခပ်ဖွဲဖွဲရွာနေပါ သေးတယ်။ ရေစိုနေတဲ့ထီးကို ထောင်ရင်းနဲ့ ထွန်းထွန်းကို 'ကျစိမ့် လုပ်ပါဦးဟေ့' လို့ လှမ်းအော်တယ်။ ကောင်တာမှ ကိုမျိုးဝင်းက အဖျော်ခန်းသို့ အသံခပ်ကျယ်ကျယ်နဲ့ 'ပန်းရောင်တစ်ခွက်'လို့ လှမ်းနောက်တယ်။ ပန်းရောင်က 'ကိုမျိုးဝင်းကြီးနော် မဆွဲလာမှ ချွန်တွန်းလုပ်ပေးလိုက်ရမလား' လို့ လှမ်းပြောတော့ ကိုမျိုးဝင်းက မျက်နှာရှုံ့မဲ့ရင်း 'အေးအေးနေပါ ပန်းရောင်ရယ်' လို့ ပြောပါတယ်။ လက်ဖက်ရည်ချလာတော့ လက်ဖက်ရည်ကို ဇွန်းနဲ့သမမွှေရင်း သူငေးကြည့်နေတာကို သတိပြုမိဟန်တူပါတယ်။ သူမ မိုးရေကြောင့် ကွက်တိကွက်ကြားဖြစ်နေတဲ့ သနပ်ခါးတို့နဲ့ ဒီနေ့ ယဉ်ယဉ်လေးလှပနေခဲ့တော့ ကျွန်တော် အံ့ဩမိပါရဲ့။

"ဘာကြည့်နေတာလဲ သားငယ်"

"ဩော် ဒီနေ့ပန်းရောင်ကသနပ်ခါးနဲ့ မြန်မာဆန်ဆန်ထမီတွေ ဘာတွေနဲ့ဆိုတော့ တစ်မျိုးလေးကြည့်ကောင်းနေပြန်ရော"

သူမက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ရင်း . . .

"ဩော် ကိုယ်တော်၊ ကျွန်မက ဆေးရုံသွားတာ ဘောင်းဘီကြီးတကားကားနဲ့ သင့်တော်ပါ့မလား၊ ဒါနဲ့ သားငယ်ဖေ



www.burmeseclassic.com

www.burmeseclassic.com



ဖေက ဘာရောဂါနဲ့ ဆေးရုံတက်နေရတာလဲ”

သူမ စိုးရိမ်ရတဲ့ပုံနဲ့မေးတော့ သူက ရယ်ရင်း . . .

“ဒီလောက်ကြီး မဟုတ်ပါဘူး ပန်းရောင်ရယ်၊ ဖေဖေက အလုပ်ပင်ပန်းပြီး သွေးတိုးတာလောက်ပါ။ အဲဒါမေမေက နာမည်ကြီး ပုဂ္ဂလိကဆေးရုံတစ်ခုမှာ သုံးလေးရက်လောက် အနားယူတဲ့ သဘောနဲ့ ဖေဖေ့ကို တက်ခိုင်းတာ”

သူ့စကားကြောင့် သူမက . . .

“ဒါနဲ့များသားငယ်ရာ၊ စိုးရိမ်သွားရတာပဲ”

“ဆေးရုံသွားမယ်ဆိုတာကလည်း ပန်းရောင်ကို ဖေဖေနဲ့ တွေ့ပေးစေချင်လို့ တမင်တကာခေါ်တာ ခဏနေရင်သွား မယ်လေ”

သူမက သူ့စကားကို ခေါင်းညိတ်ရင်း လက်ကျန် လက်ဖက် ရည်ကို မော့သောက်ပါတယ်။ ကျွန်တော်က ထွန်းထွန်းကို ‘ပိုက်ဆံ ရှင်းမယ်’လို့ လှမ်းခေါ်ပါတယ်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခွင့်မရှိတော့တဲ့ အမှားတွေကို အချက်ပေးတာ လွှတ်ရန် သူမနဲ့ကျွန်တော် ဆိုင်ထဲက ထွက်လာကြပါတယ်။ အဲဒီနေ့ အတွက် ကျွန်တော်တို့နှစ်ယောက်ရဲ့ အထိမ်းအမှတ် ပြက္ခဒိန်မှာ အနက်ရောင် ကြက်ခြေခတ်အမှတ်အသားနဲ့ မေ့လို့မရတဲ့ရက်စွဲ တစ်ခုအဖြစ် ရင်နာစရာ သမိုင်းမှာ "ဒဏ်ရာ နေ့"လို့ ကမ္ပည်းထွင်း ကျန်ရစ်ခဲ့တော့မှာ သေချာပါ တယ်။

(ငြင်းပယ်လို့ရရင် ငြင်းပယ်လိုက်ချင်ပါရဲ့ ကံကြမ္မာ)

အဲဒီနေ့က မေ့မရအောင်ပါပဲ။ မှတ်မိမယ်ဆိုရင် မိုးဖွဲဖွဲ ရွာခဲ့ဖူးတာရယ်၊ ခြောက်သွေ့စွတ်စိုခြင်းတွေနဲ့ တစိမ်းဆန်ဆန် လမ်းကလေးရယ်၊ လူသွားလူလာ ကင်းမဲ့နေတဲ့ အဖြစ်ရယ်၊ တိုက်ဆိုင်ကြုံတွေ့ခဲ့ရတယ်။ ဒူးအနားထိ စွတ်စိုနေတဲ့ နီညို ရောင်ထမီကိုလက်တစ်ဖက်က အသာမရင်းသူမကသူ့ဘက်ထီး ငိုက်ငိုက်ဆောင်း ပေးပါတယ်။ သူတို့ဦးတည်ရာ ဆုံမှတ်က ခပ်လှမ်းလှမ်းမှာ ရပ်ထားခြင်းခံရတဲ့ သူတို့ရဲ့ ကားဆီကိုပေါ့။ မိုးက နည်းနည်းစိပ်လာတယ်။ တစ်ခါတရံလေပါ မိုးနဲ့ရောပါ လာသဖြင့် သူတို့ရဲ့ ထီးလေးဟာ ယိမ်းခါနေတယ်။ (မမြင်ရတဲ့ ကံကြမ္မာတွေဟာ မိုးရေနဲ့အတူ)

တိတ်ဆိတ်ငြိမ်သက် သွေးအေးလွန်းတဲ့ လမ်းကလေးဟာ မကြာခင် အခြေအနေတစ်ခုကို ပြောင်းဖို့ သူ့ကို အုပ်မိုးထားတဲ့ မပွင့်မလင်းကောင်းကင်ကို စင်ကာခေါ် နေသလိုပဲ။ သဘာဝရဲ့ ကြိုတင်မမြင်နိုင်တဲ့ နိမိတ်ပုံတွေကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ မလုံမခြုံထီးလေး ကိုမိုးရင်း လျှောက်ခဲ့ကြတယ်။ အချိန်နေရာ ရွေးမှားသွားတဲ့ ကျွန်တော်တို့ ဘဝတွေကို ဖန်တီးဖို့အဖြစ်က ကားဆီမ ရောက်မီ လူတစ်ယောက် လဲနေတာကို သူမအရင်ဆုံး တွေ့သွားခဲ့ခြင်းပါပဲ။

အဲဒီလူကို သူမသာ မတွေ့ခဲ့ရင်၊ အဲဒီလူကို သူမကျော်လွန်သွားခဲ့ရင်၊ ဒါပေမဲ့ ဆန္ဒတွေမပြည့်ဝခဲ့ဘူး။ သူမ ကျိန်းသေတွေ့ ရှိသွားခဲ့ပြီ။ ပထမဦးဆုံးအဖြစ်က သူမ တွေ့သွားခဲ့ခြင်းပါပဲ။

ဒုတိယ သူမရဲ့နှုတ်ခမ်းက . . .

"ဟင် လူတစ်ယောက်လဲနေပါလား၊ သွားကြည့်ရအောင်ဟာ"

သူမရဲ့ ဦးတည်ရာကို သူဟာအလိုက်သင့် လိုက်ပါခဲ့ရတယ်။ မိုးရေတွေ စွတ်စိုခြင်းခံရတဲ့ အဲဒီလူဟာ နှုတ်ခမ်းသားတွေ ပြာနှမ်းလုမတတ်။ သူမက ဒူးကွေးထိုင်ချရင်း လက်တွေကိုလှမ်းကိုင်တော့ . . .

"အို အေးစက်နေပါလား"

ပြီးတော့ သူမက အသက် ၄၅ နှစ်ခန့်ရှိပုံရမည်ထင်တဲ့ ထိုလူကြီးကို တွဲထူဖို့ကြိုးစားနေတယ်။ သူမျက်မှောင်ကြုတ်ကြည့်ရင်း . . .

"မင်း ဘာလုပ်ဦးမှာလဲ ပန်းနုရောင်"

သူ့ရဲ့ စိတ်မရှည်တဲ့ ခပ်ဆတ်ဆတ်အသံကို သူမက အံ့သြဟန်နဲ့ ခေါင်းလှည့်ကြည့်ရင်း . . .

"ဘာလုပ်ရမှာလဲမောင်၊ ဒီလိုသာ သူ့ကို မိုးရေထဲမှာထားခဲ့ရင် ဒုက္ခရောက်တော့မှာ သိပ်သေချာတယ်"

"အဲဒါဆို မင်းက ဘာလုပ်ပေးဦးမလို့လဲ ပန်းနုရောင်၊ မင်းငါနဲ့ ဆေးရုံသွားဖို့ဆိုတာရော ခေါင်းထဲမှာရှိရဲ့လား"

သူမက မျက်ဝန်းချင်း ရင်မဆိုင်တော့ဘဲ အရက်နံ့



www.burmeseclassic.com

www.burmeseclassic.com



မထွက်ဘဲ အရက်သမားပုံပေါက်နေတဲ့ လူကြီးကို ငေးကြည့်ရင်း . . .

"ငါ မလိုက်တော့ဘူး မောင်၊ ငါ ဒီလူကြီးကို နီးစပ်ရာဆေးရုံတစ်ခုခုကို လိုက်ပို့ပေးရလိမ့်မယ်"

"ဘာ"

ကောင်းကင်မှာ လျှပ်စီးအလင်းတစ်ချက် ရင်ဖွင့်အော်ငြီးလိုက်တဲ့ မိုးခြိမ်းသံနဲ့အတူ သူမက လူကြီးကို အသာချရင်း ဖြည်းညင်းစွာ အသာထရပ်တယ်။ အဲဒီအခိုက်အတန့်လေးမှာ တစ်ခုခုကို ဖွတ်မိုတ်ဆုံးဖြတ်တော့မယ့်ဆန္ဒတွေ သူမမျက် ဝန်းထဲမှာ မီးတောက်တွေလို အထင်အရှား။ ခေါင်းကြောမာတဲ့ မိန်းကလေးတစ်ယောက်နဲ့ တိတ်ဆိတ်ငြိမ်သက်စွာ အပြန်အလှန် စိုက်ကြည့်နေခဲ့ကြတဲ့ မထင်မှတ်တဲ့ဖြစ်ရပ်။ ထီးရိပ် အောက်က လွတ်ကင်းနေတဲ့ သူမကတော့ တဂျိန်းဂျိန်း ထစ် ချုန်းနေတဲ့ လျှပ်အလင်းနဲ့ မိုးခြိမ်းသံအောက်မှာ ဆန့်ကျင်ခြင်း ကို ဘာလို့အမြဲတမ်း နှစ်ခြိုက်နေရတာလဲ။

လမ်းပေါ်မှာ သူမ၊ ကျွန်တော်၊ လဲကျနေတဲ့ လူကြီးနဲ့ မိုးစက်တွေရဲ့ ဆူဆူညံညံ ကြွေကွဲသံမှအပ ခပ်မှိုင်းမှိုင်း ပန်းချီကားတစ်ချပ်လို ရပ်တည်နေကြတယ်။ သဲသဲမဲမဲ ရွာချလာသော မိုးရေစွတ်စိုခြင်းခံရတဲ့ သူတို့ရင်ဘတ်အောက်ခြေမှာတော့ တင်းမာခက်ထန်မှုတွေက မိုးရေထိခြင်း မခံရမှာ သိပ်သေချာတာပေါ့။ သူ့လက်ထဲက သူမရဲ့ ထီးလက်ကိုင်လေးကတော့ ကြေမွလုမတတ်။

"ဒါ မင်းရဲ့ ဆုံးဖြတ်ချက် အမှန်ပဲလား ပန်းရောင်"

မသိမသာ ဝိုင်းစက်သွားတဲ့ သူမရဲ့ မျက်ဝန်းအဲ့အတူနောက်တော့ ပြန်လည်တည်ငြိမ်သွားရင်း ခေါင်းကိုညိတ်တယ်။ မထင်မှတ်ဘဲ လေတစ်ချက်အဝှေ့မှာ ကျွန်တော့် လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ထီးကလေးဟာ ခပ်လှမ်းလှမ်းကို လွင့်သွားရင်း ပက်လက် လှန် ကျနေပါတယ်။ ကောက်ယူဖို့လည်း နှစ်ဦးလုံး ... သို့ ပြုမိခဲ့ကြ။ ...င်းကင်

မိုးရေတွေ စွတ်စိုနေတဲ့ သူမရဲ့ဆံပင်အောက် နှစ်သက်တဲ့ တဖွတ်ထိုးဆန် ကြောင်တောင်တောင် နိုး...လာ တဲ့ အတွေးတွေ ဘာဖြစ်လို့ တွယ်ငြိနေရတာလဲ။ သူမကော ဘာကြောင့် လက်ခံထား နိုင်ရသလဲ။ သူမနဲ့ ကျွန်တော့်ကြား ထဲမှာ ရေစီးကြောင်းလေးကို သူမစိုက်ကြည့်နေတယ်။ ချစ်သူကို ကလန်လဆန်လုပ်ဖို့၊ သူ့ရဲ့ စကားနဲ့ အမိန့်ကို ဆန့်ကျင်ဘက်လုပ်ဖို့ သူ့ကို ချစ်တတ်ခဲ့တာလား။ မိုးစက်တွေ ရဲ့ အထိအတွေ့က မျက်နှာပေါ် ခပ်ကြမ်းကြမ်း ကျလာပေမယ့် မျက်ဝန်းထဲမှာ မီးလျှံရဲ့ အပိုင်းအစလို့ ကပ်ငြိနေရသလို ခံစားချက် ပူပူလောင်လောင် ရင်ထဲမှာတင်း ကြွမ်ပြည့်လျှံ မှုတွေ၊ ဟိုးအရင့်အရင်ထဲက တဖြည်းဖြည်း စုဆောင်းထားခဲ့ တဲ့ အာဃာတမာနနဲ့ မလိုလားအပ်တဲ့ အမှုန်အစများ။ ချစ်ခြင်း မေတ္တာနဲ့ ရောထွေးလို့ တဖြည်းဖြည်း ပြန့်လျှံနေခဲ့တာ ဒီ နေ့တော့ ရင်ပွင့်လုမတတ်။ တကယ်တော့ သူတို့အဖြစ်က ခပ်လှမ်းလှမ်းမှာ ပက်လက်လှန်ကျနေတဲ့ ထီးလေးကို ဝမ်း နည်းပက်လက်။

မိုးတွေ တဖြည်းဖြည်း ငြိမ်လာတယ်။ သူနဲ့ သူမကြားက ရေစီးကြောင်းလေး အရှိန်သေပြတ်တောက်သွားတယ်။ အရာရာဟာပြီးဆုံးခြင်း ဇာတ်ဝင်ခန်းအတွက် ကြည့်မကောင်း တဲ့ နောက်ဆုံးဇာတ်ကွက်။ ကားဆိုသို့ သူခြေအလှမ်းမှာ သူမများ ယောင်ယမ်းပြီး လှမ်းခေါ်မလားလို့ နားစွင့်မိတယ်။ သို့ပေမယ့် မိုးရွာတဲ့တစ်နေ့မှာ ဒီအဖြစ်အပျက်ဒွေဟာ ဒီလိုပြီးဆုံးကြမယ်လို့ ပြောကြရုံမှတစ်ပါး။

ကောင်းကင်ကို မော့ကြည့်တော့ မိုးသားတွေ မည်းနက်



www.burmeseclassic.com

www.burmeseclassic.com



မထွက်သည်။ မျက်နှာမော့လိုက်တာကြောင့် မျက်နှာပေါ်ကို ရင်း . . ခပ်ကြွမ်းကြွမ်းတွေ စပ်ဖျင်းဖျင်းဖြစ်စေလောက်အောင်

"ငါ ၁ည်။

ဆေးရုံတစ်ခုတော့ လူတွေက အရူးတစ်ယောက်လို့ ထင်မှာပဲ ကိုထိုးရပ်ပြီး လူမရှိတဲ့မှတ်တိုင်မှာ အသည်းကွဲ ဝေဒနာ အနေအထိုင်မတတ် ခံစားနေရပုံကို . . .

ခုနကပုံရိပ်တွေဟာ မိုးစက်ရဲ့ချမ်းအေးမှုကို ကျော်လွန် ပြီး မီးတောက်မီးလျှံတွေလို ဖြိုန်မြိုင်ယောင် ခံစားတွေ့နေ ရတယ်။

သတိရတိုင်းလည်း တောက်ခေါက်လိုက်၊ ခေါင်းခါလိုက်နဲ့ အမူးလွန်နေတဲ့အရက်သမားတစ်ယောက်လိုလုပ်မိလုပ်ရာ။

ခေါင်းကိုမော့ရင်း သူ့ရှေ့ကရပ်တဲ့ကားတစ်စီးအသံ ကြောင့် သူသူ့ရှေ့ကို ကြည့်မိသည်။ ကားပြတင်းဝမှာ ဝေနွယ် က သူ့ကို စူးစမ်းပုံရတဲ့မျက်ဝန်းနဲ့။

"ကိုသား ဘာဖြစ်နေတာလဲ"

နောက်တော့ ထီးတစ်ချောင်းဆွဲရင်း သူ့ဆီလျှောက်လာ ကာ စိုရွှဲနေတဲ့သူ့ကို ထီးမိုးပေးရင်း . . .

"ကားပျက်နေလို့လား ကိုသား"

သူ ဝေနွယ်ရဲ့စကားကို မော့ကြည့်ရင်း မသိမသာ ပြုံး သည်။ သူမ အလွယ်တကူ သဘောပေါက်သွားပုံရတယ်။

"ဘာကိစ္စကြောင့်ပဲ ဖြစ်ဖြစ်ပေါ့လေ၊ ကျွန်မက ဆရာဝန် တစ်ယောက်အနေနဲ့ ဒါမှမဟုတ်ရင်းနှီးတဲ့မိတ်ဆွေတစ် ယောက် အနေနဲ့တော့ ပြောရရင် မကြာခင်ဖျားမှာတော့ သေချာတယ်"

သူ့ကို ရှင်းလင်းလွယ်ကူတဲ့ ကရုဏာစကားနဲ့ ဖျောင်းဖျ ရင်း သူမက မောင်ငယ်တစ်ယောက်လိုချော့မော့ နှစ်သိမ့်သ လိုမျိုး နှစ်သိမ့်ကာ ကားပေါ်တင်ပေးသည်။ သူ စိတနာကို



www.burmeseclassic.com

www.burmeseclassic.com



မဗီဆန်ချင်တာနဲ့ . . .

သူမနဲ့ တစ်ဖက်တစ်ချက်စီ လမ်းခွဲထွက်ရင်းအ ိသို့ တန်းမပြန်ဖြစ်ဘဲ ညနေစောင်းရဲ့ မိုးနက်နက်ကောင်းကင်အောက်မှာ သူကားလျှောက်မောင်းမိသည်။

သေချာရဲ့လား။ မကြာခင်က ဒဏ်ရာတွေ သက်သာလာမယ်လို့။

မြေမြှုပ်မိုင်းတစ်ခုနင်းမိတဲ့ စစ်သားတစ်ယောက်လို အချစ်ရဲ့ မြေပြင်မှာ သူ အသည်းကွဲခြင်းနဲ့တွေ့နေပြီ။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com





ဤယနေ့မှစ၍
အလွမ်းနဲ့ လမ်းခွဲထွက်ခဲ့ပါ
ကျေးဇူးပြု၍
နှလုံးသားကို သော့ခတ်ထားပါ
ကျွံသွားတဲ့အိပ်မက်တွေနဲ့
အလည်လွန်သွားတဲ့ ချစ်ခြင်းမေတ္တာ(ရေ)
လက်ကမ်းပိတ်စာနဲ့
သူမရဲ့ ချစ်ခြင်းမေတ္တာအကြောင်း
သတင်းထုတ်ပြန်သလို မကြားမိဖို့
လောကရဲ့ နှုတ်ခမ်းကို စေးပိတ်ပေးပါ။
ကျေးဇူးပြု၍ ရင်ဘတ်ကို ကြက်ခြေခတ်လိုက်ပါ။





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါသာကြည့်တော့ ဝေနွယ်ရေ၊ သားလေးက သိပ်ပေတာ"

မေမေ့စကားကြောင့် ဝေနွယ်က နားကြပ်နဲ့ ဆေးပစ္စည်းကိရိယာတွေကို သိမ်းဆည်းရင်း ပြုံးကာ . . .

"ကိုသားက သိပ်ခေါင်းမာတာပဲ အန်တီ၊ အိမ်တန်းပြန်တယ်ထင်တာ"

သူက ခုတင်ပေါ်မှ အသာထကာ အနွေးထည်ချွတ်မည်လုပ်တော့ . . .

ဝေနွယ်က . . .

"အပြင်မှာ ဒီလောက်အေးနေတာ ကိုသားရယ်"

"အိုက်စက်နေတယ် ဝေနွယ်ရာ"

သူ့ရဲ့ စိတ်ပျက်လက်ပျက် စကားသံကြောင့်

"ကိုသားက ကလေး,လေးကျနေတာပဲ၊ ကိုသားကနေမကောင်း ဘူးလေ၊ နေမကောင်းတဲ့သူကနေမကောင်းတဲ့ပုံစံနဲ့တော့ နေရမှာပဲ"

စကားပြောင်းရင်း ဝေနွယ်က သူ့လက်ထဲကိုကွေကာအုပ်ခွက်ကိုထည့်ပေးသည်။ သူ ကွေကာအုတ်ကိုကြည့်ရင်း မျက်နှာရှုံ့မဲ့သွားကာ . . .

"ဒီပြင်ဟာ ပြောင်းသောက်လို့ မရဘူးလား ဝေနွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေနွယ်က သူ့ရဲ့စကားကြောင့် ရယ်သည်။

"အန်တီရေ၊ ဒီလူနာကတော့ သီပ်ဂျိုဂျောင်နိုင်တာပဲ"

မေမေက ပြုံးနေရင်း . . .

"ဟုတ်တယ် သမီးရေ၊ သမီးသာနိုင်အောင်ထိန်းတော့၊ အန်တီ ဟိုကောင်မလေးတွေကို မြူးစွမ်ပြုတ်ခိုင်းထားတာ သွားကြည့် လိုက်ဦးမယ်"

မသိမသာရော သိသိသာသာပါ ရှောင်ထွက်သွားသော မေမေ့ကြောင့် သူမက ခေါင်းငုံ့ပြုံးတာသူ တွေ့မိသည်။

သူ ဝေနွယ်ကို မကြည့်ဘဲ . . .

"ကျွန်တော် နေကောင်းတဲ့နေ့တစ်နေ့မှာ ဝေနွယ့်ကို ပြောပြစရာတွေရှိတယ်၊ ဝေနွယ် နားထောင်ပေးမယ်ဆိုရင်ပေါ့"

ဝေနွယ်က . . .

"ကျွန်မလည်း သိချင်ပါတယ် ကိုသား"

ပြတင်းပေါက်ကို ကျော်လွန်ပြီး မိုးရိပ်ပါတဲ့လေပြည်တွေ ဝင်လာတယ်။ ဝေနွယ်က ပြတင်းတံခါးကို ထပိတ်သည်။

ပြင်ပကလေကို ပြတင်းတံခါးနဲ့ တားဆီးလိုက်တာပဲ။

သူကရော အဲဒီလို . . .

တည်ငြိမ်လောက်ပြီထင်ခဲ့တာ သူကိုယ်သူ နောင်တရစရာ

ကိုယ်တိုင်ရွေးယူခဲ့တဲ့ ပဋိပက္ခတွေ၊ မာနတွေရဲ့ တုံ့ပြန်မှုကြားမှာ ပူလောင်တဲ့အဆိပ်တစ်ခွက်ကို သောက်ခဲ့သူ အဖြစ်လို့။ ပြီးတော့ ဝေးကွာခြင်းမြားချက်ကြောင့် အနာမကျက်ချင်သေးတဲ့ လတ်လတ်ဆတ်ဆတ် ဒဏ်ရာအသစ်နဲ့ရင်ထဲမှာ အိပ်မက်ဆိုးတွေနဲ့အတူ ထင်တိုင်းကြဲခွင့်ရခဲ့တယ်။ ဒီကောင်တွေရဲ့စကားကို ပြန်ကြားရလေလေ သူ့ရဲ့ခါးသီးမှုက ပြန်ရှင်သန်လာလေလေပါ။

ဖိုးကျော်တို့ရဲ့ ဖျောင်းဖျမှုကို မနာခံ။ သူ့ရဲ့ အထိနာတဲ့



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်မှုတွေနဲ့ . . . .

"မင်းကို ငါတို့ ကြိုတင်သတိပေးထားသားပဲ သားငယ်ရာ၊ မင်း သူ့လုပ်ရပ်ကို မှားနေတယ်လို့ ပြောချင်တာလား"

"အေး သူ့လုပ်ရပ်က မမှားပါဘူး၊ တကယ်ဆို တိုင်စီ တစ်စီးငှားပြီး တိုင်စီသမားနဲ့ ဆေးရုံကို ပို့လိုက်လို့ မရဘူးလား၊ အခုတော့ သူ့ကိုယ်သူ မဟာဂရုဏာရှင်လိုလို ကယ်တင် ရှင်ကြီးလိုလိုနဲ့ တောက်"

စိတ်မသက်မသာ ဖြစ်နေရှာတဲ့ သူငယ်ချင်းတွေရဲ့ မျက်နှာ။

"တကယ်တော့ မင်းတို့နှစ်ယောက်က ဟန်ဆောင်မှု မျက် နှာတွေနဲ့ ရင်းနှီးသူနဲ့ မရင်းနှီးသူရဲ့ အသားမကျတဲ့ တိုက်ပွဲပဲ။ စိတ်မြန်လက်မြန်သမား၊ တော်ကြာ ကမ္ဘာ့ရှုးထိုးနဲ့ မဖြစ်သင့် တာ ဖြစ်နေမှာစိုးလို့"

"တော်ပြီ ဖိုးကျော်၊ မင်းတို့ သူ့အကြောင်းပြောမယ်ဆိုရင် ငါ့ဆီမလာကြနဲ့တော့"

သူ့ရဲ့ ဒေါသတကြီး တားမြစ်မှုအောက်မှာ သူတို့ လက် လျှော့နောက်ဆုတ်သွားကြတယ်။ ဖိုးကျော်က ဆက်မပြော တော့ပေမယ့် မင်းတစ်နေ့တော့ သိလာမှာပါဆိုတဲ့ အကြည့် တွေနဲ့ သူ့ကိုကြည့်ပြီး နှုတ်ဆက်ထွက်သွားကြတယ်။ ခပ်စိမ်း စိမ်း အလွမ်းတွေရဲ့ ရိုက်ပုတ်မှုက သူ့အတွက် အလူးအလဲ။ ဒီဒဏ် တွေကိုကုစားဖို့ မတူညီတဲ့ မိန်းကလေးနဲ့ အပြီးတိုင် လမ်းခွဲဖို့ ဝေဝေနွယ်နဲ့ စေ့စပ်ပွဲကို သူ့ဘက်က စတင်ဖန်တီး လိုက်တာပါပဲ။

မေမေက အံ့ဩနေတယ်။ ဘာကြောင့်လဲလို့ မမေးခဲ့တဲ့ အဖြစ်အတွက် သူကျေးဇူးတက်နေပေမယ့် မေမေရဲ့ မေးခွန်း တွေ ပါတဲ့အကြည့်ကို မသိချင်ယောင်ဆောင်ကာ ရှောင်လွှဲနေ ခဲ့တယ်။ ဣန္ဒြေကြီးမားတယ်၊ တည်ငြိမ်တယ်၊ နားလည်မှုရှိ

www.burmeseclassic.com



တယ်ဆိုတဲ့သူလိုချင်တဲ့ အသားကျမှုတွေကို ပြည့်စုံတဲ့ ဝေဝေနွယ်ကို အားနာမိတာတော့ အမှန်ပါ။ ဒါပေမဲ့ အသည်းကွဲတယ်ဆိုတဲ့ ခပ်လွယ်လွယ် စကားအဖြစ်နဲ့ပဲ သူမမေ့ဖြစ်နိုင်အောင် အလူးအလဲကြိုးစားမိတယ်။

စေ့စပ်ပွဲမတိုင်မီ နှစ်ရက်အလို ဝေဝေနွယ်နဲ့ ကျွန်တော်အသိမိတ်ဆွေအိမ်တွေ၊ သူငယ်ချင်းတွေဆီ ဖိတ်စာတွေပေးရင်း သင်တန်းဆီကိုပါ တစ်ပါတည်းဝင်တော့ ဝေဝေနွယ်ရှေ့မှာ အားလုံးက ဟန်ဆောင်ကောင်းခဲ့ကြတယ်။ ဒါပေမဲ့ မျက်နှာတွေက ပိပိရိရိမရှိ။ သူမကို လိုက်ရှာနေတဲ့ ကျွန်တော့်မျက်လုံးတွေကို ဖိုးကျော်က အကဲခတ်မိပုံရသည်။

"ပန်းနု ဒီနေ့သင်တန်းမလာဘူး သားငယ်၊ ပြောရရင် သင်တန်းပျက်တာ တော်တော်ကြာသွားပြီ သူငယ်ချင်း"

ဖိုးကျော်ရဲ့စကားကိုကြားတော့ သူက ဝေဝေနွယ်ကို အားမပေါက စောင့်နေရင်စောင့်နေလို့ မသိမသာနှင်လွှတ်လိုက်ရသည်။ ဝေဝေနွယ်က ဖိုးကျော်တို့ကို နှုတ်ဆက်ပြီး ကားဆီသို့သွား၏။

"ဖိုးကျော် ဖိတ်စာကို ပန်းရောင်ဆီပို့ပေးကွာ"

သူ့စကားကြောင့် မိုးဇော်က အခံရခက်နာကြည်းတဲ့ မယဲ့သံနဲ့

"တော်လောက်ပါပြီ သားငယ်ရာ၊ မင်းကရှုံးပါပြီဆိုတဲ့ လူတစ်ယောက်ကို ကြိုးတုတ်ပြီး အသေရိုက်ချင်နေတာလား။ တော်လောက်ပါပြီကွာ"

မိုးဇော်စကားအဆုံးမှာနွေမိုးကခက်ထန်ထန်ဝင်ပြောသည်။

"နင့်မှာ ကိုယ်ချင်းစာစိတ် မရှိဘူး၊ နင် တစ်ကိုယ်ကောင်းသမားပဲ သားငယ်၊ ကြားထဲက ငါတို့တောင်စိန်ပါတယ်၊ တော်လောက်ပါတော့၊ နင်လည်းအနိုင်ရနေတာပဲ၊ အေးတစ်ခုတော့ ရှိတာပေါ့ဟာ နင့်ရဲ့ ပျော်ရွှင်ကျေနပ်မှုအ



www.burmeseclassic.com

www.burmeseclassic.com



တွက် နင်နှလုံးသားကို ချနင်းပြီး အသုံးချ မစတေးမိစေနဲ့လို့ ငါတို့ဆုတောင်းပေးပါတယ်''

တင်းမာပြတ်သားလွန်းတဲ့ စကားသံတွေကို သူ့ရဲ့နာကျင်တဲ့ ရယ်သံခပ်အက်အက်နဲ့ ဖုံးပစ်လိုက်တယ်။ သူ့ရဲ့ မောပန်းနွမ်းနယ် ရယ်မောမှုကိုဖိုးကျော်က စိတ်မသက်သာသာ လိုငေးကြည့်နေပါတယ်။

"ကောင်းပြီလေ၊ မင်းတို့ မပို့ပေးနိုင်ဘူးဆိုရင်လည်း ငါ့ဘာသာသွားပို့မယ်၊ ငါ့ဘက်က ခံစားချက်တစ်ခုခုကို သူသိသင့်တာပေါ့၊ ဒါမှလည်း အနိုင်အရှုံးဆိုတာ ကွဲကွဲပြားပြား သိရမှာ''

စကားအဆုံးမှာ သူလှည့်ထွက်လာခဲ့တယ်။

"မင်းအနိုင်ရပြီလို့ မင်းထင်နေသလား''

သူ ခြေလှမ်းတွေ ရပ်တန့်သွားတယ်။ နောက်တော့ ဖိုး ကျော်ရဲ့ စကားကို ဥပေက္ခာပြုကာ ကားဆီသို့ ဦးတည်လာခဲ့တယ်။ ကားအတွင်းကနေ ဝေနွယ်က သူ့ကိုပြုံးပြတော့ သူကမန်းကတန်း ဟန်ဆောင်အပြုံး တစ်ခုကို ဖန်တီးပေးလိုက်ရတယ်။ စိတ်ထဲကတော့ ဖိုးကျော်ကို ပြောမိသည်။ ဘယ်သူမှ မကြားနိုင်ပါဘူး။ အဲဒီစကားက ငါအနိုင်ရပေမယ့် သွေးသံရဲရဲနဲ့ပါလို့။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com



သိပ်လှပတဲ့ လိပ်ပြာတစ်ကောင်ကိုမှ မစာနာရက် . .
မျက်ရည်စက်တွေ ကြွေကျလာအောင် . . .
ဘယ်နတ်ဆိုးတွေ ဆုတောင်းမှားကြလဲ . . .

သူနဲ့ ပန်းနုရောင် အမြွှေးလျှောက်လည်နေကြ တစ်ချိန်က တစ်ခါက အမှတ်တရလမ်းကလေး။ ဒီလမ်းထဲကို ဘီးလိမ့်ရှဲ မောင်းဝင်တော့ သူ့နှလုံးသားကိုခင်းပြီး ဖြတ်မောင်းဝင် လာရသလို နာကျင်ရပြန်တယ်။ ဆုံးဖြတ်ချက်တစ်ခုနဲ့ စိတ် ပင်ပန်းနွမ်းကြေမှုဟာ ကားလေးကိုပါ ထိုးရပ်သွား စေခဲ့တယ်။ ခပ်သည်းသည်း ကြွချလာသော မိုးစက်တို့သည် ပတ်ဝန်း ကျင်တစ်ခုလုံး အမှောင်ဖုံးလွှမ်း လုမတတ်။ ဝေနွယ်က

"ဘာဖြစ်လို့လဲ" လို့ အမေးကို သူက ဝိုက်ပါဖွင့်ရင်း 'ကားတစ်ခုခုဖြစ်ပြီနဲ့တူတယ် ဝေနွယ်ခဏနေဦး' သူ ထီးတစ် ချောင်း ဆွဲဖွင့်ကာ ဆင်းလာခဲ့သည်။ သူ့ရဲ့ လုပ်ကြံမှုဇာတ် လမ်းမှာ အလိမ်အညာခံလိုက်ရတဲ့ ဝေနွယ်ကိုတော့ အားနာ မိတော့အမှန်။ မတတ်နိုင်ဘူးလေ။ သူကမ္ဘာမီးလောင်မှတော့ ဘာမှမသက်ဆိုင်တဲ့ ဝေနွယ်ဆိုသော သားကောင်ကို ချနင်းမိခဲ့တဲ့အဖြစ်။

ကားဘောနပ်ဖုံးကို ဖွင့်မရင်း အနည်းငယ်ကြာအောင် ဟိုစစ်ဒီစစ်လုပ်နေပြီး ဝေနွယ်မရိပ်မိအောင် သတိထားရင်း ဘောနပ်အဖုံးကိုပိတ်ကာ . . .

"ဝေနွယ် အချိန်ရတယ် မဟုတ်လား။ ကားက ဘာဖြစ် မှန်း မသိဘူး။ မိုးတိတ်မှအငှားကားတစ်စီးထွက်ငှားပြီး ပြန်ကြ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက အပြုံးဖြင့် "ကိစ္စမရှိပါဘူး ရပါတယ်ကို" ဟု ပြန်ပြောပါတယ်။ ဒရိုင်ဘာခန်းမှာ ဝင်ထိုင်ပြီး ဝိုက်ပါရွေ့လျား နေတဲ့ရှေ့က မိုးရိပ်ခပ်မှုန်မှုန် လမ်းကလေးကို ငေးကြည့်နေမိသည်။ စိတ်ရဲ့ လှုပ်ရှားယိမ်းခါမှုကို သူထိန်းသိမ်းဖို့ စီးကရက် တစ်လိပ်ကို မီးညှိသည်။ မီးတောက်နဲ့ စီးကရက်ဟာ တဆက်ဆက် တုန်ခါနေရင်း ချိန်သားမကိုက်ခဲ့။ ဒါကိုဝေနွယ်ကမြင်တော့ . . .

"ကို ချမ်းနေပြီနဲ့တူတယ်၊ ထီးပါလာတာပဲ၊ ဝေနွယ်ကား ထွက်တားလိုက်မယ်လေ"

သူ ကမန်းကတန်း ငြင်းဆန်လိုက်ရတယ်။

"ရတယ်ဝေနွယ်၊ မချမ်းပါဘူး၊ ဒီမိုးနဲ့သာ ကိုယ်တို့ပြန်ရင် စေ့စပ်ပွဲကို စောင်ခြုံပြီး ကျင်းပရလိမ့်မယ်"

သူ့စကားကို သူမကရယ်ချင်ဟန်ဖြင့် နှုတ်ခမ်းကို ကိုက်သည်။ ထိုစဉ်မှာပဲ အဝေးက တရွေ့ရွေ့လှမ်းလာတဲ့ ပုံရိပ်လေးတစ်ခုကို သူမြင်တွေ့လိုက်ရတယ်။

အငြိုးတစ်ခု အပြုံးတစ်ချက် သူ့မျက်နှာပေါ်မှာ ဖျတ်ခနဲ ပေါ်လွင်လာတယ်။ သို့သော် မပီမသ . . .

"ခဏနော် ဝေနွယ်၊ ကိုယ့်အသိတွေ့လို့ အကူအညီ တောင်းကြည့်လိုက်ဦးမယ်"

သူ ဝေနွယ့်အဖြေကို မစောင့်ဘဲ ကားတံခါးဖွင့်ကာ ဆင်းလာခဲ့၏။ တရွေ့ရွေ့ နီးကပ်လာပေမယ့် ထီးကိုခပ်ငိုက်ငိုက် ဆောင်းထားခြင်းကြောင့် သူမသူ့ကိုမမြင်။ ခြေတစ်လှမ်းသာသာ အကွာအရောက်မှာသူမရှေ့ကပိတ်ရပ်ထားသောသူကစတင်၍ . . .

"ပန်းနုရောင်"

သူ့ရဲ့စကားသံဟာ သူ့ဆီက ထွက်လာတယ်။ မထင်ရအောင် သံသယဖြစ်စရာ ကောင်းခဲ့တယ်။ အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်တဲ့ သူမရဲ့ မျက်နှာနုနုလေးဟာ အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ နောက်သူ့ကို ကျော်ပြီးမှ ဝေနွယ့်ကို ရှိုးတိုးရိပ်တိတ် လှမ်းမြင်တော့မှ မျက်နှာပျက်သွားခဲ့တယ်။ တကယ့် ခဏသာသာ အခိုက်လေးမှာ "မောင်" ဆိုတဲ့ ခေါ်သံလေးကို အလန့်တကြား သူကြားလိုက်မိတယ် ထင်သလိုပဲ။ သူ့စိတ်က ထင်နေတာလား။ လေတစ်ချက်အပင့်မှာ သူရော ကျွန်တော်ပါ မိုးတွေရွှဲရွှဲစို လို့သွားတယ်။

မကြာခင်ကလည်း ဒီလိုမိုးစက်တွေအောက်မှာ သူနဲ့ ကျွန် တော် (မတွေ့ချင် မမြင်ချင်တဲ့ အတိတ်တွေ) တဆက်ဆက် တုန်ခါနေတဲ့ သူမရဲ့ ခပ်ဖျော့ဖျော့ နှုတ်ခမ်းသားတွေက သူ့ရဲ့ အနိုင်ရမှုတွေအတွက် ဆုတစ်ခုလို။ ပန်းနုရောင်ကို စိမ်ပြေနပြေ ပြုံးကြည့်ရင်း ဝေနွယ့်ကို လက်ယပ်လှမ်း ခေါ်မိပါတယ်။ ဝေနွယ်က ကားတံခါးဖွင့်ပြီး ထီးတစ်ချောင်း ဖွင့်ဆောင်းလာကာ သူတို့ထံ လျှောက်လာခဲ့တယ်။ ဝေနွယ်က သူမကို ပြုံးကြည့်သည်။ သူက ဝေနွယ့်လက်ကို အသာလှမ်းဆုပ်တော့ ဝေနွယ်က အံ့ဩဟန် ပြုပါတယ်။ သူက မသိသလို ဟန်ဆောင်ရင်း . . .

"ဒါဝေနွယ်တဲ့ ပန်းနုရောင်၊ ငါနဲ့ ဒီရက်ပိုင်းအတွင်းမှာ စေ့စပ်ကြမယ့် အမျိုးသမီးလေ"

"တကယ်ပါ ကိုယ်တို့စေ့စပ်ပွဲကို မင်းကို လာစေချင်ပါတယ်"

သူ ထိုးပေးလိုက်တဲ့ ဖိတ်စာပေါ်မှာ မိုးစက်တွေ စွတ်စိုနေတယ်။ နောက် ဝေနွယ့်ဘက်လှည့်ကြည့်ကာ . . .

"ဝေနွယ် သူက ကိုယ့်အရင်းနှီးဆုံး မိန်းကလေး သူ့ငယ်ချင်း ပန်းနုရောင်တဲ့"

သူ့စကားကို ဝေနွယ်ကအသံခပ်လွင်လွင်ဖြင့်ရယ်ရင်း

"ဝေနွယ် ပန်းနုကိုသိပါတယ် ကိုရဲ၊ ဆေးရုံမှာ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လို့ ရင်းနှီးနေတာ ကြာလှပြီ၊ ပန်းနုက စိတ်သဘောလည်း ဖြူစင်တယ်၊ ခင်ဖို့လည်းကောင်းတယ်လေ"

သူ မထင်မှတ်ဘဲ အံ့အားသင့်သွားတယ်။ ပန်းနုရောင်က ဖိတ်စာလေးကို ရင်မှာအပ်ထားရင်း အားယူပြုံးပါတယ်။

သူက ပန်းနုရောင်ကို . . .

"နှင် အချိန်ရမယ်ဆိုရင် ကားတစ်ချက်ကြည့်ပေးပါလား ပန်းရောင်၊ ကားက ဘာဖြစ်မှန်းမသိလို့"

သူမက သူနဲ့ဆုံတွေ့ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို သတိရမိသွားပုံရတယ်။ မျက်နှာညှိုးညှိုးနဲ့ မပီမသအားယူကာ 'ရပါတယ်'လို့ ပြောရင်း ကားဆီသွားကာ ဘောနပ်အဖုံးကို ဖွင့်သည်။

သူက ဘေးကလက်ပိုက်ကြည့်ပြီး ပန်းနုကို ထီးမိုးပေးနေသော ဝေနွယ်ကို . . .

"ပန်းနုရောင်က ကားပြင်သိပ်တော်တာ ဝေနွယ်ရဲ့၊ ဟို ဘက်လမ်းမှာ သမီးရဲအောင် ကားအထွေထွေပြုပြင်ရေး လုပ်ငန်းဆိုပြီးတော့ ဖွင့်ထားတာ၊ ပြီးတော့ လူတစ်ဖက် သားအပေါ်လည်း သိပ်ကူညီတတ်၊စေတနာထားတတ်တာ လေ၊တစ်ခါတစ်လေ ကိုယ့်ကိုယ်ကို ထိခိုက်ခံပြီး ကူညီ တတ်တော့ မနည်းပြောပြော နေရတယ်"

ဝေနွယ်က သူ့စကားကြောင့် ပန်းနုရောင်ကို အထင်ကြီး လေးစားစိတ်နဲ့ ကြည့်ပါတယ်။ ပြီးတော့ ကားကို စစ်ဆေး နေတဲ့ သူမကို ဦးတည်ပြီး . . .

"ဟိုတစ်နေ့က ပန်းရောင်လာပို့တဲ့ လူကြီး အချိန်မီ ရုံလေးပဲ ပန်းနုရေ၊ နည်းနည်းသာ နောက်ကျလို့ကတော့ မတွေးဝံ့စရာဘဲ၊ ဒါတောင် ပန်းနုနဲ့တွေ့ပေလို့သာပေါ့၊ တချို့ဆို မြင်နေရက်နဲ့ ကူညီရမှာ သိပ်ဝန်လေးတတ်ကြတာ"

ဝေနွယ်ရဲ့ နောက်ဆုံးစကားဟာ သူ့အရှိန်ကို ထိစေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်။

ကျွန်တော် တမင်ဖြုတ်ထားတဲ့ ပလင်တစ်ခုကို သူမ မပေွ့သွားတယ်။ ဝေနွယ် မမြင်ရတဲ့ ကျွန်တော့်ဘက်အခြမ်းက သူမရဲ့ ပါးပြင်ပေါ်မှာ မိုးရေစွတ်စိုခြင်း မခံရပေမယ့် ဘာကြောင့်မိုးရေ တစ်စက်တွဲခိုနေရတာလဲ။

(သိပ်မာကျောပါတယ်ဆို ပန်းနုရောင်ဆိုတဲ့ မိန်းမသားက မျက်ရည်တစ်စက်ကျတယ်ဆိုတာ ငါမယုံချင်ဘူး ပန်းနုရောင်)

သူမရဲ့ ပါးပြင်ပေါ်က မျက်ရည်တစ်စက်ကို ဖုံးကွယ် ဖျောက်ဖျက်ဖို့ ကြိုးစားတယ်။ အောင်မြင်ခဲ့ပါတယ်။

လေတစ်ချက်အဝှေ့မှာ သူရော ကျွန်တော်ပါ မိုးစက်တွေ ရွှဲရွှဲစိုသွားတယ်။ သူမ မျက်ရည်စက်ဟာ မိုးရေစက်နဲ့အတူ ပျောက် ဆုံးသွားပါတယ်။ ဒါပေမဲ့ တို့နှစ်ယောက်ရဲ့ ရင်ထဲက အချစ်ဟာ မျက်ရည်စက်တွေလို ဖျောက်ဖျက်ပစ်လို့ ရပါ့မလား။

ငါနင့်ကို မေးချင်သေးတယ်။ ဝေနွယ်ကတော့ ပန်းနု စာအုပ် တွေကို ရေစိုမှာစိုးသဖြင့် ရင်ဝယ်ပိုက်ရင်း ထီးကို ခပ်ငိုက်ငိုက် ဆောင်းထား၏။ ပန်းနုရောင်က သူ့ကို တည်ငြိမ်စွာ ရင်ဆိုင်ကြည့်ပြီး 'ရပြီသားငယ်' လို့ပြောပါတယ်။ နောက်တော့ ဝေနွယ်နဲ့ စကားအနည်းငယ် ပြောပါတယ်။ ပြီးတော့သူမနှုတ်ဆက်ပြီးထွက်ခွာသွားပါတယ်။ ဒါ သူမရဲ့ နောက်ဆုံးနှုတ်ဆက်ခြင်းပဲ ဖြစ်မှာပါ။

သူ ကိစ္စအဝဝပြီးတော့ ကားပေါ်တက်ကြတယ်။ အဲဒီ အခါမှ ဝေနွယ်က . . .

"မဟာ ပန်းနု ဝေနွယ့်ဆီမှာ စာအုပ်တွေ ကျန်ခဲ့ပြီ ပေနွယ်ကလည်း ကိုင်ထားပြီးမေ့နေတာ၊ စေ့စပ်ပွဲ သူလာမှပဲ ပေးလိုက်တော့မယ်နော်ကို"

ဝေနွယ်ရဲ့စကားကို သူ သူမဘက်မကြည့်မိအောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားရင်း နောက်ကြည့်မှန်မှတစ်ဆင့် ကားအသွားအလာ ရှင်းမရှင်းကြည့်ကာ မောင်းထွက်လာခဲ့သည်။

သတိရလာတော့ ပထမဦးဆုံး ခပ်ဖြူဖြူ အမြင်ဝေဝါးမှုနောက် ကြည့်လင်လာတော့ မျက်နှာကြက်ဖြူဖြူ တဖြည်းဖြည်း စဉ်းစားရင်း သူ ကားတိုက်မှုဖြစ်ပြီး ဆေးရုံရောက်နေမှန်း သိလာရတယ်။ ဘေးတစ်ဖက်တစ်ချက်စီမှာ ဖေဖေနဲ့ မေမေတို့ရဲ့ စိုးရိမ်တဲ့ မျက်နှာအမူအရာကို မြင်ရတော့ ကမန်းကတန်း လူးလဲထကာ မေးမိရင်း မိုက်ခနဲဖြစ်သွားတယ်။

ဖေဖေက သူ့ကို ထိန်းမတ်ပေးရင်း . . .

"သား မထနဲ့သား သားခေါင်းမှာဒဏ်ရာနဲ့"

သူ ဖေဖေကိုကြည့်၍

"ဖေဖေ ဝေနွယ်ရော ဝေနွယ်"

ဖေဖေက ပြုံးရင်း

"စိတ်မပူပါနဲ့သားရယ်၊ ဝေနွယ် ဘာမှမဖြစ်ပါဘူး။ နည်းနည်း ပွန်းရှရုံလောက်ပဲ၊ သူက ခါးပတ်ပတ်ထားတော့ ဘာမှမဖြစ်ဘူး။ သားဘက်အခြမ်းကိုသာ ဝင်တိုက်မိတော့ သားကဆောင့်မိတဲ့ ဒဏ်ရာနဲ့ သတိလစ်သွားတာ၊ ခေါင်းမှာ နည်းနည်းပါးပါးတော့ ဒဏ်ရာရလိုက်တယ်လေ၊ အခုမှပဲ ဖေဖေတို့လည်း စိတ်အေးသွားရတာ၊ သားလက်ဖျံရိုးတော့ နည်းနည်းအပ်သွားတယ်"

ဖေဖေ သေသေချာချာရှင်းပြတော့ ပတ်တီးစည်းထားတဲ့ လက်ကို သေချာငုံ့ကြည့်ပြီး ပန်းနုမျက်နှာကို ဖျက်ခနဲမြင်ယောင် မိကာ"တောက်" တစ်ချက် ပြင်းပြင်းခေါက်မိသည်။ သိပ်မကြာ ခင်မှာ လူနာမှတ်တမ်းကို တစ်ဖက်ကကိုင်၊ နားကြပ်နဲ့ ဂျူတီကုတ်ကို တစ်ဖက်ကစုကိုင်ရင်း သူ့ဆီ လျှောက်လာတဲ့ ဝေနွယ့်ကိုတွေ့၏။ ဝေနွယ်က ခေါင်းမူး သေးလား အမေးကို သူခေါင်းခါပြတယ်။ လူကြီးတွေက



www.burmeseclassic.com

www.burmeseclassic.com



'စေ့စပ်ပွဲကို နေကောင်းမှ ကြည့်စီစဉ်တာပေါ့' လို့ ပြောရင်း ထွက်သွားကြပါတယ်။ ဝေနွယ်က လူကြီးတွေကို နှုတ်ဆက်အပြီးမှာ သူ့လက်ကို နွေးထွေးစွာ ဆုပ်ကိုင်ပြီး ဘာသာပြန်ခက်တဲ့ မျက်ဝန်းတွေနဲ့ တည်ငြိမ်စွာ ကြည့်ပြီး

"ကိုနေကောင်းမှပဲ ပြောစရာတွေ အများကြီးရှိသေးတယ်၊ သိပ်အံ့သြဖို့လည်း ကောင်းတယ်"

သူ မျက်မှောင်ကြုတ်ရင်း ဝေနွယ့်ကို ကြည့်တော့ ဝေနွယ့် အပြုံးက မပီမပြင် . . .

ထိုစဉ်မှာပဲ အခန်းဝက အရိပ်တစ်ခုကြောင့် သူတို့လည်း ကြည့်လိုက်တော့ မိုးရေတွေစိုရွှဲနေတဲ့ ပန်းနုရောင်။ သူမက တဆတ်ဆတ် တုန်ရီနေတဲ့ နှုတ်ခမ်းက တစ်ခုခုကို စိုးရိမ်နေသ လိုဖွင့်ပြောတော့မယ့်ဟန်။ ဝေနွယ်က သူ့ကို သတိလက်လွတ် ငေးကြည့်နေပါတယ်။ သူမကို မြင်လိုက်ရတဲ့ အခိုက်မှာ ရင်ထဲဆို့တက်လာတဲ့ ခံပြင်းနာကျင်မှုနဲ့ မျက်ဝန်းမှ စွတ်စိုလာတဲ့ ပူနွေးမှု၊ တစ်ဆက်တည်း ရင်ထဲက ပွင့်ထွက်လာတဲ့ "တောက်" တစ်ချက် ခေါက်သံဟာ သူမ ခန္ဓာကိုယ်ကို တုန်ခါသွားစေခဲ့တယ်။ ပြီးတော့ စိုးရိမ်ထိတ်လန့်တဲ့ ဝေနွယ်ရဲ့ တားဆီးမှု . . .

"ကို"

သူမနဲ့သူက စီးချင်းထိုးမယ့် ဒဏ်ရာရ သူရဲကောင်းတွေလို တစ်ယောက်ကိုတစ်ယောက် ကြည့်နေတယ်။ သူ့မျက်ဝန်းထဲက ပူလောင်တဲ့ အမုန်းနဲ့အကြည့်။ သူမမျက်ဝန်းထဲက တောင်းပန် ငံ့လင့်နေတဲ့ အားဖျော့ဖျော့အကြည့်

"မင်းမကျေနပ်သေးဘူးလား ပန်းနုရောင်၊ မင်း ဘာလာလုပ်တာလဲ၊ ဘာလဲ မင်းကားကို တစ်ခုခုလုပ်ခဲ့လိုက်တာ ငါသေလား ရှင်သလားဆိုပြီး မင်း သေချာအောင် လာကြည့်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားငယ်"

"ကို"

သူ့စကားသံကို ဖြတ်တောက်ပစ်တဲ့ အသံနှစ်ခု။ သူမက သူ့စကားကြောင့် ဟန်မဆောင်နိုင်အောင် အံ့ဩသွားတယ်။ ပြီးတော့ တုန်ခါနေတဲ့အသံနဲ့ . . .

"ငါ အဲဒီလောက် မယုတ်မာဘူးသားငယ်၊ နင့်စိတ်ထဲမှာ အဲဒီလို ထင်နေမှာစိုးလို့ ဖြေရှင်းရအောင် ငါလာတာပါ'

သူမပါးပြင်မှာ မျက်ရည်တာတမံ ကျိုးသလို ထင်ရတယ်။ သူကတော့ ကျားနာတစ်ကောင်ရဲ့ တုံ့ပြန်မှုလို

"တော်ပါတော့ ပန်းနုရောင်၊ မင်း ငါ့ကို လာမနှစ်သိမ့်ပါနဲ့တော့။ မင်း သိပ်ရက်စက်ပါလား ပန်းရောင်၊ မင်း ရက်စက်သမျှ မကုန်နိုင်သေးဘူးလား၊ တော်လောက်ပါပြီကွာ၊ ငါ တောင်းပန်ပါ တယ်၊ မင်း ထွက်သွားပါတော့"

သူမဆီက ခပ်သိမ့်သိမ့် ရှိုက်ငင်သံ ကြားရတယ်။ သူလည်း မျက်ရည်စက်တွေ ကျတယ်ထင်ပါရဲ့။ ဝေနွယ်က နှစ်ဦးလုံးကို မသက်မသာ ကြည့်ရင်း . . .

"မဟုတ်သေးပါဘူး ကိုရယ်"

သူ လက်ကာတားရင်း

"မပြောနဲ့ ဝေနွယ်၊ ဒီမိန်းမမျက်နှာကို မမြင်ပါရစေနဲ့၊ ပန်း . . ရောင်မင်းထွက်သွားလို့ငါပြောနေတယ်လေ၊မင်း ထွက်သွား"

အရှုံးတစ်ယောက်လို ကျိုးအောက်လိုက်တဲ့ အသံဟာ ကျယ် လောင်သွားတယ်။ နာစ်တစ်ယောက်ကို သူမကို နှစ် သိမ့်ဆွဲခေါ်သွားပါတယ်။ သူ့ကို နောက်ဆုံးအကြိမ် ကြည့်သ လို သူမ ကြည့်လိုက်တဲ့ အကြည့်ဟာ သူ သူမကို လှမ်းခေါ် မိမတတ်။

နာကျင်ခြင်းနဲ့ သတိရခြင်းကို မွေးဖွားပေးတဲ့ ဒီမိန်းမရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို သူမမြင်ချင်တော့။ မျက်လွှာကို အသာမှိတ်ပစ်ရင်း သူမနဲ့ ပတ်သက်သမျှ မေ့နိုင်အောင် ကြိုးစားမည် ကြံ လိုက်ပေမယ့် မျက်ရည်တစ်စက်က လိမ့်ကျလာသည်။ တ ကယ်တမ်းကျတော့ ဝေနွယ့်ကိုတောင်သူဂရုမပြုမိနိုင်အားပါ။

ဝေနွယ်က သက်ပြင်းရှည်ကိုချရင်း . . .

"ကို မှားနေပြီနဲ့တူတယ်"

သူ ဘာမှမပြောရန် လက်ကာပြတော့ သူမက ဘာမှ ဆက်မပြောတော့ဘဲ ခေါင်းယမ်းကာ အခန်းထဲမှ ထွက်ခွာ သွားပါတယ်။

~ ~ ~



www.burmeseclassic.com

www.burmeseclassic.com


ကြမ္မာဆိုးရဲ့ လက်ခုပ်တီး အားပေးသံဟာ သူ့ဘဝကို အမှောင်ဖြင့် ဖုံးပစ်ဖို့ကြံရွယ်မှုန်း ဒဏ်ရာဒဏ်ချက်တွေ ရင်မှာ ပိုက်ပြီး 'နောင်တ'ဆိုတဲ့ အသွားထက်တဲ့ ဓားတစ်လက်စိုက်မှ သိခဲ့ရပြီ။

(ငါ့ဘဝ မရှိတော့အောင် အနေပျက်ပြီ ပန်းကလေးရယ် ငါ့ကို ခွင့်မလွှတ်ပါနဲ့ )

"တကယ်တော့ အကြောင်းတိုက်ဆိုင်မှုက ကို့ကိုအထင်မှားစေတာပါ၊ တစ်ဖက်က တိုက်မိတဲ့ကားသမားက မိုးရေနဲ့ကား လမ်းချော်ပြီး ဝေနွယ့်ကားကို စတိုက်မိတာပါ၊ ဝေနွယ်တို့ကားက ဘာချို့ယွင်းချက်မှမရှိဘူး၊ ပြီးတော့ ဝေနွယ်ပြောချင်ပေမယ့် ကိုက တဇွတ်ထိုးဆန်ခဲ့တာကိုး"

ငါ့အဆိပ်နဲ့ ငါရှုးပြီ ပန်းနုရောင် ငါ့ဘဝမှာ နေမင်းမရှိတော့ဘူး လမင်းမရှိတော့ဘူး။

ငါ့ကမ္ဘာအဆက်ဆက် အလင်းပျက်ခဲ့ရပြီ။ နောက်ထပ် ဖိုးကျော်ရဲ့ သူ့ကို ခပ်စိမ်းစိမ်းစိုက်ကြည့်တဲ့အကြည့်နဲ့ . .

"သူ မင်းနဲ့စတွေ့ခဲ့တဲ့ လမ်းပေါ်မှာ မိုးရေတွေစိုရွှဲပြီး တစ်ညလုံး သတိလစ်နေတာ သားငယ်၊ မနက်အာရုဏ်လင်းမှသူ့ကိုတွေ့ခဲ့ကြတယ်။ ဆရာဝန်တွေကတော့ ပြောကြတယ်။ အအေးဒဏ်ခံရလို့တဲ့၊ငါတော့မထင်ဘူးသားငယ်၊မင်းအချစ်တွေခံရလို့လို့ငါထင်နေခဲ့တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်ဆိုးဝါးတဲ့စကားတွေ မရှိကြတော့ဘူးလား ဖိုးကျော်၊ ငါ့ရမယ့်အပြစ်ဒဏ်က ဒီစကားလုံးနဲ့ မလုံလောက်သေးလို့ပါ"

ဝေနွယ်ကသူ့ကိုသနားသလိုကြည့်တဲ့အကြည့်နဲ့ဆက်ရှင်းပြတယ်။

"ငယ်ငယ်တုန်းက သူကူညီလိုက်တဲ့ လူကြီးလို အဖြစ်မျိုးနဲ့ သူ့အဖေလည်း ခံခဲ့ရတယ်၊ ပန်းနု ခပ်ငယ်ငယ်ပဲ ရှိဦးမယ်၊ သမီးပူဆာလို့ဆိုပြီး ဈေးကိုဖိနပ်သွားဝယ်တဲ့ ဖေဖေဟာ ဈေးယိပ်မှာ သူ့သမီးအတွက် ဝယ်လာတဲ့ ဖိနပ်လေးကို ဆုပ်ကိုင်ပြီး မိုးတွေရွာနေတဲ့အချိန် ရောဂါကြောင့် မူးလဲကျသွားတယ်။ သူ့အဖေကို အရက်သမားဆိုပြီး ဘယ်သူကမှ ဆေးရုံပို့ဖို့ မကူညီကြဘူးလေ၊ အဲဒီလူမှု ရေးနည်းတဲ့စိတ်က သူ့အဖေကို အသက်ဆုံးတဲ့အထိ ဖြစ်ခဲ့ရတယ်။ အဲဒီခံစားချက်ဟာ ပန်းနုစိတ်ထဲမှာ ကိန်းအောင်းနေခဲ့တယ်။ ဘာမှမဟုတ်တဲ့ နောက်ကျမှုဟာ လူတွေရဲ့အသက်ကို ဘယ်လောက်ဆုံးရှုံးစေလိုက်သလဲနော်"

(ငါဟာ ယုတ်ညံ့တဲ့စိတ်ထားနဲ့ အသက်ရှင်နေရတဲ့သူပဲ။ ကမ္ဘာ မြေမှာ ခြေချခွင့်မတန်တဲ့ကောင်။ ပန်းနု တကယ်တော့ ငါဟာ နင်နဲ့တန်ဖိုးချင်း မတူပါဘူး)

"တကယ်တော့ အချစ်ဆိုတာအသက်ပါပေးရတဲ့ အမိပ္ပာယ်ပါလား"

လောကကမ်းပါးအဆုံးမှာ ရပ်နေရင်း ဒေါသနဲ့ ချောက်ကမ်းပါးကို မမြင်တဲ့ လူနုံလူအက ငါပါ။ ငါက စကားတစ်ခွန်းနဲ့ ကြေကွဲယုံ ကြေကွဲရတာပါ။ နင်ကတော့ . . .

"တကယ်တော့ ချစ်သူတွေကြားကို မာနတို့ အသိတွေ ဝင်ရောက်နေရာယူမှုတော့ တစ်ချိန်ချိန်မှာ ဆုံးရှုံးစရာတွေ ဝင်လာတော့မယ်ဆိုတာ ငါတို့သိနေခဲ့တယ်၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျ သွားပြီ သူငယ်ချင်း”

“ဟုတ်တယ် ရန်နောင်၊ ပန်းရန် မရှု ရှိုက်မိအောင် အမိုက်နဲ့ဖုံးလွှမ်း တရားတွေလေ၊ ခံစားလိုက်စမ်းပါ၊

သူရဲ့ နာနာကြီး ပြောလိုက်တဲ့စ ကြားနိုင်ပါစေ။ တစ်ကမ္ဘာလုံးရဲ့ အဆုံးစီရင် ကြပေးပါ။ အလင်းရောင်ကို ငါ့နှလုံးသားဟာ လူတစ်ယောက်ရဲ့အ အထိ ကန်းခဲ့ရတယ်။ တကယ်လို့ ကြဲ့ရင်တစ် ခေါက်လောက်လှည့်ပြန်ပြီး ခြောက်လှန့်ပေးပါ ပန်းနုရောင် . . .

တန်ဖိုးနဲ့ မထိုက်တန်သူအတွ နောင်တဟာ ထိုက်တယ်ပါတယ်နေ ကောင်းကင်ကို ဖန်ဆင်းပေးတဲ့ ေ ညတိုင်း လွှမ်းဆွတ်မှုတွေ နောင်တ လို့မရအောင် တာဝန်တစ်ခုကို ထမ်း မြေပြင်မှာ ပုလောင်မှုတွေ ဖယ်ရှားပြီး နင်း ပုလောင်ခြင်းနဲ့ ဘဝကို ငါကတော့ အ ထားပါ့မယ် ပန်းနုရောင်ရေ။ မရှိတော့ င ကွယ်ပျောက်သွားကြတယ်။ ငါ့ရဲ့ ပန်း ယျာဉ်မှာ နင့်အတွက် သစ်ပင်တစ်ပင် ပွင့်လာတော့ ဒီပန်းတွေဟာ ချစ်ခြင်း ပါဘူး။ အဲဒီသစ်ပင်မှာ နောင်တတွေ ဆိုးတွေ မကြာခင်ဝေဆာလာတော့မယ် အာဃာတထားသူတွေအတွက်တော့ ဒီသ တယ်။

တကယ်တော့ အချစ်ဆိုတာ “မျက်



www.burmeseclassic.com

www.burmeseclassic.com



''ဒီထက်ဆိုးဝါး က်''လို့ သူ အသိမှားခဲ့တာပါ။ မာနနဲ့
ကျော်၊ ငါရမယ့်အင သူ့ထက် ပိုချစ်တတ်ခဲ့မိသော ကျွန်တော်
သေးလို့ပါ''

မဝေးနယ်ကသူ့ကို ပွေ့ပိုက်ထားရင်း
ားမှာ တစ်ခဏတော့ မတ်တတ်ရပ်ပါရစေ။
ပြုတယ်။

''ငယ်ငယ်တုန်း မျိုးစေ့ကို
ရှိလာပြီး
မျိုးနဲ့ သူ့အဖေ ပစ်ချသွားတာ
ရှိဦးမယ်၊ သမီးပူဆာ
ဟာ မျေးယိုင်မှာ မြန်တဲ့အပင်ဟာ
ဆုပ်ကိုင်ပြီး မိုးတွေ ခဲ့တယ်။
သွားတယ်။ သူ့အဖေ နာမည်က
ဆေးရုံပို့ဖို့ မကူညီကြ ချဥ်ကမ္ဘာထဲက
သူ့အဖေကို အသက်ဆုံ
ဟာ ပန်းနုစိတ်ထဲမှာ

ဒီနိုင်းခ

တဲ့ နောက်ကျမှုဟာ
ဆုံးရှုံးစေလိုက်သ

(ငါဟာ ယု
ကမ္ဘာ မြေမှာ ခြေ
ငါဟာ နင်နဲ့တန်

''တကယ်ရ
အိမ်ပွာယ်ပါလား'

လောကကမ်း
ကမ်းပါးကို မမြင်
နဲ့ ကြေကွဲယုံ

''တကယ်ငေ
တို့ ဝင်ရောက်နေ 26 27 31
ဝင်လာတော့မပ'



www.burmeseclassic.com